
ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့ (22-4-2015) (၈၁၇၈)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။
(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ ရောက်ရှိ

စာမျက်နှာ - ၃



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Halim Perdana Kusuma အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

## ကန်းထရီးတေးဂီတဆုပေးပွဲတွင် တေလာဆွစ်အတွက် ဂုဏ်ပြုစကား မိခင်ဖြစ်သူက ပြောကြား

စာမျက်နှာ - ၁၂

## ရီးယဲလ်ရဲ့ ချန်ပီယံလိဂ်အိပ်မက်ကို အက်သလက်တီကို ဖျက်ဆီးနိုင်ပါ့မလား

စာမျက်နှာ - ၁၃



## မန္တလေးမြို့တွင် အဆင့်မြင့် အိမ်ရာစီမံကိန်း တည်ဆောက်နေ

စာမျက်နှာ - ၅


## ထွန်းရွှေဝါဆေးတိုက် နှစ်သစ်ကူးမင်္ဂလာဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူမိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ကြေးမုံ စာ တ ည်း ရှ ေ ထ ာ င့် ၂၂-၄-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# ကျေးဇူးရှင် ကမ္ဘာမြေ

ယနေ့သည် ကျွန်ုပ်တို့ လူသားအားလုံး၏ ကျေးဇူးရှင် “ကမ္ဘာမြေနေ့” ဖြစ်သည်။ ကမ္ဘာမြေသည် လူသားအားလုံးအတွက် ကမ္ဘာဦးအစကတည်းက ကျေးဇူးပြုလာသည်မှာ နှစ်ပေါင်းထောင်သောင်းမက ရှိခဲ့ပြီဖြစ်သည်။ လူသားအားလုံးအတွက် လိုအပ်ချက်မှန်သမျှတို့သည် ဤကမ္ဘာမြေကြီးနှင့် လွတ်ကင်းသည်ဟူ၍ မရှိချေ။ ထို့ကြောင့် ကမ္ဘာမြေကို လူသားတို့၏ ကျေးဇူးရှင်ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ကမ္ဘာမြေသည် သက်ရှိများစားသောက်ရန် အစားအစာ၊ ဝတ်ဆင်ရန် အဝတ်အထည်၊ နေထိုင်ရန်အိမ်ရာများအတွက် ထောက်ပံ့ပေးသည်။ ထို့အပြင် သောက်သုံးရန် ရေ၊ ရှူရှိုက်ရန်လေ၊ နားခိုရန် သစ်ပင်တို့သာမက လူသားတို့အတွက် သယံဇာတများ၊ စွမ်းအင်များကိုပါ ဖြည့်ဆည်းပေးသည်။

ထိုမျှကျေးဇူးကြီးမားသော ကမ္ဘာမြေကို ကမ္ဘာ့လူသားများသည် ပြန်လည်ကျေးဇူးဆပ်ခြင်းမရှိ၊ အလေးထားခြင်းမရှိ၊ ဤမြေတွင်နေပြီး ဤရေကိုသောက်ကာ နင်းချေဖျက်ဆီးချင်ကြသည်။ ထို့ကြောင့် ကမ္ဘာမြေသည် ညည်းညူ၍ နေလေပြီ။ ပူလောင်ပြင်းပြနေချေပြီ။ ယင်းအကျိုးဆက်ကို လူသားတို့ပင် ပြန်လည်ခံစားနေရပြီ။ သို့သော် လူသားတို့သည် ကမ္ဘာမြေ၏ ကျေးဇူးတရားကို နားမလည်နိုင်ကြသေး။ ကမ္ဘာမြေကို ပြန်လည်ပြုစုယုယ၊ ကျေးဇူးဆပ်ဖို့ သတိမမူကြသေးချေ။

ထို့ကြောင့် ကမ္ဘာမြေကို ကျေးဇူးဆပ်သောအားဖြင့်၊ အသိအမှတ်ပြုသောအားဖြင့် နိုင်ငံအများက ဤနေ့ဤရက်ကို “ကမ္ဘာမြေနေ့”ဟူ၍ အမှတ်တရ ဖော်ကျူးကြကာ ကမ္ဘာမြေ၏ ဂုဏ်ဒြပ်များနှင့် ဖြစ်ပျက်နေပုံတို့ကို ထုတ်ဖော်ဖွင့်ဟကြပြီး ဤကမ္ဘာကို မည်သို့ ကယ်တင်ရမည်တို့ကို ဝိုင်းဝန်းစုပေါင်း အဖြေရှာခဲ့ကြခြင်းဖြစ်သည်။

မှတ်မှတ်ရရအနေဖြင့် ကမ္ဘာမြေနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၀၇ ခုနှစ်က ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ကျင်းပပြုလုပ်ပုံမှာ ထင်ရှားပေသည်။ မိခင်ကမ္ဘာမြေကို ကာကွယ်စောင့်ရှောက်ရန် ကမ္ဘာ့လူသားများအား တပ်လှန့်နှိုးဆော်နိုင်ခဲ့သည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်းလုံးမှ နိုင်ငံများ၏ နေအိမ်များနှင့် အဆောက်အအုံများကို တစ်နာရီကြာ မီးပိတ်ခွင့်ပြုကာ ဂုဏ်ပြုခဲ့ကြသည်။ ထိုအစီအစဉ်တွင် ကမ္ဘာ့နိုင်ငံ ၁၃၄ နိုင်ငံ ပါဝင်လှုပ်ရှားခဲ့သည်။ ဩစတြေးလျတစ်နိုင်ငံတည်းပင် ပြည်သူ ၁၀ သန်းကျော်ပါဝင်ခဲ့သည်။

ကမ္ဘာ့လူသားများအနေဖြင့် အဖြစ်နိုင်ဆုံးလုပ်ဆောင်ချက်ပင်ဖြစ်သည်။ မလုပ်နိုင်စရာ မည်သည့်နည်းနှင့်မျှ အကြောင်းမရှိချေ။ အရေးကြီးသောနေရာများမှလွဲ၍ နေရာဌာနအားလုံး မီးပိတ်ဂုဏ်ပြုနိုင်ပေသည်။ တစ်နာရီသာဆိုသော်လည်း တစ်ကမ္ဘာလုံးစွမ်းအင်ချွေတာလိုက်ခြင်း၏ အကျိုးရလဒ်ပမာဏမှာ ကြီးမားလှသည်။

ကမ္ဘာမြေကို ကျေးဇူးဆပ်သော ကမ္ဘာမြေနေ့ကဲ့သို့ပင် ကုလသမဂ္ဂက သတ်မှတ်ပြဋ္ဌာန်းထားသော ကမ္ဘာမြေနှင့် သက်ဆိုင်သည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်ပင်စိုက်ပျိုးရေး၊ ရေ၊ လူဦးရေ၊ မိုးလေဝသ၊ သဘာဝဘေးအန္တရာယ် လျော့ကျရေး၊ အိုဇုန်းလွှာကာကွယ်ရေး၊ ဆင်းရဲမှုတိုက်ဖျက်ရေး၊ တိရစ္ဆာန်ဘေးမဲ့၊ ဇီဝမျိုးစုံမျိုးကွဲနေ့များတွင် ကမ္ဘာမြေကို ကယ်တင်နိုင်ရန် လူသားအားလုံး ပါဝင်ဆင်နွှဲဖို့လိုပါသည်။

ပြီးခဲ့သည့် နှစ်သစ်ကူးအတာသင်္ကြန်ကာလက တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက်ပါဝင်ဆင်နွှဲသကဲ့သို့ ကမ္ဘာမြေ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဆက်နွှယ်ရာ ထိုနေ့ထိုရက်များတွင် လူသားအားလုံး ပါဝင်ဆင်နွှဲကြခြင်းဖြင့် ကမ္ဘာမြေကို ကျေးဇူးဆပ်ရာရောက်သကဲ့သို့ ကမ္ဘာမြေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာလည်း ရောက်ပါမည်။


ထိုအခါ မိခင်ကမ္ဘာမြေကြီးသည် လူမမာပြန်လည်နာလန်ထကာ တက်ကြွလန်းဆန်းလာသကဲ့သို့ အကောင်းပကတိသန်စွမ်းကာ လူသားများကိုပင် ပြန်လည်အကျိုးကျေးဇူးပြုပေလိမ့်ဦးမည်။ ထို့ကြောင့် ကမ္ဘာကြီး ထာဝရတည်မြဲသာယာနေစေဖို့ ကမ္ဘာမြေကိုထိန်းသိမ်းရန် လူသားအားလုံး ပါဝင်ဆင်နွှဲကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်အသိပေးအပ်ပါသည်။ ။

## မဇင်းဆည်အတွင်း ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ

**ပဲခူး မေ ၂၁**

၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် နံနက် ၇ နာရီက ပဲခူးမြို့ မဇင်းဆည်အတွင်းသို့ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးတင်စိုးနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်နှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနအကြီးအကဲများ၊ ဝန်ထမ်းများ၊ (NGO)များနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀၀ခန့် တက်ရောက်၍ ငွေရောင်ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမကြီး ငါးကောင်ရေ ၁၁၀၀၀၀ အား ဇီဝိတဒါန ငါးလွှတ်ခဲ့ကြောင်း သိရသည်။**ကရင်(ပြန်/ဆက်)**




## နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်သို့ ပျော်ရွှင်စွာဝင်ရောက်ကြပြီ

**ရန်ကုန် မေ ၂၁**

ဧပြီ ၂၂ ရက် ရုံးများအားလုံး ပြန်လည်ဖွင့်လှစ်ပြီ။ မြန်မာ့ရိုးရာ နှစ်သစ်ကူး သင်္ကြန်ကာလတွင် ပြည်သူများနှင့်အတူ အေးချမ်း ပျော်ရွှင်စွာ ပါဝင်ရေကစားခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများသည် ယနေ့တွင် လုပ်ငန်းခွင်သို့ ပျော်ရွှင်စွာ ပြန်လည်ဝင်ရောက်ကြပြီ ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းအားလုံး လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်သည့် လသည် နိုင်ငံတော်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အစ စတင်သည့်လ ဖြစ်သည်။ ဘဏ္ဍာရေးနှစ် စတင်လည်ပတ်သည့် (ဧပြီ)လတွင် ရက်ပေါင်း ၃၀ ရှိသည်။ အလုပ်ပိတ်ရက်က ၁၅ ရက်၊ အလုပ်လုပ်ရက်က ၁၅ ရက်ရှိသည်။ မကြာခင်လကုန်တော့မည်။ သည်လကုန်သည်နှင့် နိုင်ငံတော်က တိုးမြှင့်သတ်မှတ်ပေးလိုက်သည့် လစာနှုန်းထားသစ်ကို နိုင်ငံ့ဝန်ထမ်းများ စတင်ခံစားကြရပေတော့မည်။

လစာနှုန်းထားသစ် စတင်ခံစားသလို. . . နိုင်ငံ့ဝန်ထမ်းအားလုံးက နှစ်သစ်မှာ ခွန်အားသစ်ဖြင့် မိမိလုပ်ကိုင်နေသည့် နိုင်ငံတော်၏ စီမံကိန်းများ၊ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် စွမ်းဆောင်ပေးကြရန်လိုသည်။ နိုင်ငံအပေါ်တာဝန်ကျေပွန်စွာ အလုပ်လုပ်ကြရန် လိုမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများဟူသည် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသူများအဖြစ် နိုင်ငံတော်က သတ်မှတ်ထားသည်။ ထို့ကြောင့်လည်း နိုင်ငံ့ဝန်ထမ်းများအားလုံး လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် အထောက်အကူ ဖြစ်စေရန်၊ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုက်အလျောက် မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ကာ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားသစ်ကို ယခုဘဏ္ဍာရေးနှစ်မှစ၍ စတင်ခံစားခွင့်ပြုခြင်း ဖြစ်သည်။

ဤသို့သော နိုင်ငံတော်၏ မွန်မြတ်မှန်ကန်သော ရည်ရွယ်ချက်များကို နိုင်ငံ့ဝန်ထမ်းအားလုံးက သိမြင်ဖို့လိုသည်။ နိုင်ငံတော်၏ ဘဏ္ဍာငွေသည် ပြည်သူအားလုံး၏ ဘဏ္ဍာငွေဖြစ်ရာ ပြည်သူ့ဘဏ္ဍာကိုရယူခံစားကြသည့် ပြည်သူ့ဝန်ထမ်းအားလုံးသည် မိမိတာဝန်ယူလုပ်ကိုင်နေသည့် လုပ်ငန်းများအပေါ် အသေးအဖွဲ့မှအစ မခိုမကပ်ဘဲ လူသစ် စိတ်သစ် အားမာန်သစ်တို့ဖြင့် လုပ်ကိုင်ကြခြင်းဖြင့် နိုင်ငံတော်၏ စေတနာကို ကျေးဇူးတုံ့ပြန်ကြရန်လိုမည် ဖြစ်သည်။ ဤသို့ ကျေးဇူးတုံ့ပြန်ခြင်းသည်ပင်လျှင် ပြည်သူအားလုံးအပေါ် ကျေးဇူးတုံ့ပြန်ရာလည်း ရောက်မည်ဖြစ်ကြောင်း ယုံကြည်မျှော်လင့်ပါသည်။

**(ကိုချစ်)**

## လှိုင်သာယာနှင့် ရွှေပြည်သာ စက်မှုဇုန်ဝန်ထမ်းများအတွက် အိမ်ရာစီမံကိန်းများ ဆောက်လုပ်သည့်လုပ်ငန်းများ ညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၂၁**

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လှိုင်သာယာနှင့် ရွှေပြည်သာ စက်မှုဇုန်များအတွင်းရှိ စက်ရုံလုပ်သားများအတွက် အိမ်ရာစီမံကိန်းများ ဆောက်လုပ်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဧပြီ ၁၉ ရက် မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ် စက်မှုဇုန် ကနောင်ခန်းမ၌ ညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်တို့၏ စက်မှုဇုန်များအတွင်းရှိ အလုပ်သမားဝန်ထမ်းများအတွက် အိမ်ရာများ ဆောက်လုပ်နေမှုနှင့် ပတ်သက်၍ မှာကြားသည်။

ယင်းနောက် စံနမူနာပြဆောင်ရွက်နေသည့် ၁၂ ခန်းတွဲ ငါးထပ် တည်ဆောက်ရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ မြန်မြန်ဆန်ဆန်ပြီးစီးရေး စက်မှုဇုန်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများမှ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာပိုင် (ပိုင်သချာ်)ကိုယ်တိုင်ဦးစီးတည်ထောင်သော
၉-၁၀တန်းဘာသာစုံ
YC မေ
ပုံမှန်
အဆင့်မြင့်စာသင်ဝိုင်း
Air-con စာသင်ခန်းမ
ဝိုင်း(၆၀၀၀၀-ကျပ်) ရှယ်(၉၀၀၀၀-ကျပ်)
မြန်မာ ➡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ➡ ဦးနေအုပ်(စိန့်ပေါလ်)
အင်္ဂလိပ် ➡ ဦးဝေယင်းအိမ်
သင်္ချာ ➡ ဆရာပိုင်(ပိုင်သချာ်)
ဓာတု ➡ ဆရာသုတ
ရူပ ➡ ဦးကျော်မိုးလတ်
ဇီဝ ➡ ဒေါက်တာမြသိန်း
ဘောဂ ➡ စိုင်းထွန်းအောင်
၁၆၅၊ ပ-ထပ်(ထောင့်စွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ကျိုက်ထီးရိုး၊ ချောင်းသာ(နေ့စဉ်)
ဆိုင်တင် နှင့် ရောင်းရင်းများ
▲ ပုပ္ပါး ပုဂံညောင်ဦး(စွယ်တော်လေးဆူ)
▲ ပုပ္ပါး ပုဂံ(စွယ်တော်လေးဆူ)မန္တလေး၊ ပြင်ဦးလွင်
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံလုံ၊ မွေတော်ကက္ကူ၊ ထမ်းစမ်းဂူ
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
▲ ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ
▲ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ နွားလပို့တောင်(အပတ်စဉ်သောကြာနေ့တိုင်း)
မြန်မာပြည်အနှံ့ ဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း ■ ထုံးဘို၊ အကောက်တောင်၊ ပြည်ဘုရားစုံ(စနေ) ■ ဇလွန်ပြည်တော်ပြန်(တနင်္ဂနွေ)
၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871, 255553, 095137245, 5122511

အဖြုလေး
since1984 ဦးဟန်သာ အင်္ဂလိပ်စာ 095146452
တက္ကသိုလ် ဆရာဟောင်း
အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်း ၊ ကမာရွတ်လှည်းတန်း
၂၀၁၄-၁၅ ၁၀တန်းဖြေများ အတွက် May 1 စသင်မည့်
တက္ကသိုလ်ဝင်ခွင့်များ
ကျောင်းအပ်လက်ခံပြီ
1 Thu, Fri 7:30 - 9:30 ( ဆေး/သွား/UFL ) May1 စပြီ
2 Mon, Tue 2:30 - 4:30 ( ဆေးဝါး/ပြည်သူ့ကျန်းမာရေး/သူနာပြု ) May4 စပြီ
3 Mon, Tue 7:30 - 9:30 ( နည်းပညာ/ကွန်ပျူတာ/ရေကြောင်း ) May4 စပြီ
4 Sat, Sun 7:30 - 9:30 ( ပညာရေး/စီးပွားရေး/ ရန်ကုန်တက္ကသိုလ် ) May2 စပြီ
ဝင်ခွင့်များခေါ်ချိန်တွင် ပြင်ဆင်ချိန်နဲတတ်၍ကြိုဖွင့်ပါသည်။ အင်္ဂလိပ်စာအတွက် 70000/- ဖြင့် စသင်မည် ။ ကျန်ဘာသာများ တရားဝင်ခေါ်ချိန်တွင် သင်ပါမည် ။ လိုအပ်လျှင် အချိန်ပိုခေါ်သင်မည်။ ခုံနံပါတ်ပြည့်လျှင် လုံးဝလက်ခံမည်မဟုတ်။ ဝင်ခွင့်မရှိလျှင်လည်း မိမိတက်မည့်တက္ကသိုလ်မှ အင်္ဂလိပ်စာ ကို လေ့လာပြီးဖြစ်၍ အကျိုးယုတ်စရာမရှိပါ ။ https://www.facebook.com/hantha.saya

# အာရှ - အာဖရိက ထိပ်သီးအစည်းအဝေး၊ ၁၉၅၅ အာရှ - အာဖရိက ညီလာခံ၏ နှစ် (၆၀) ပြည့် အထိမ်းအမှတ်သို့တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ

**နေပြည်တော်　　မေ　　၂၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဂျိုကို ဝီဒိုဒို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ဘန်ဒေါင်းမြို့တို့တွင် ကျင်းပမည့် အာရှ - အာဖရိက ထိပ်သီးအစည်းအဝေး၊ ၁၉၅၅ အာရှ- အာဖရိက ညီလာခံ (ဘန်ဒေါင်းညီလာခံ)၏ နှစ် (၆၀) ပြည့် အထိမ်းအမှတ်နှင့် အာရှ - အာဖရိက မဟာဗျူဟာ မိတ်ဖက်သစ် (၁၀)နှစ်ပြည့် အထိမ်းအမှတ်တို့သို့ တက်ရောက်ရန် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး သံရုံးယာယီ တာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးအောင်မင်း၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါသွားကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ရောက်ရှိ

**ဂျကာတာ　　မေ　　၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့် အတူ နှစ်(၆၀) ပြည့် အာရှ- အာဖရိက ထိပ်သီးညီလာခံနှင့် (၁၀)နှစ်ပြည့် အာရှ- အာဖရိက မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ခြင်း အထိမ်းအမှတ် အခမ်းအနားသို့တက်ရောက်ရန် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာရာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Halim Perdana Kusuma အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား အင်ဒိုနီးရှားနိုင်ငံ လူမှုရေးဝန်ကြီး၊ ဂျကာတာမြို့တော်ဝန်၊ အင်ဒိုနီးရှားနိုင်ငံမှတပ်မတော်အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီးနှင့် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့က လေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Halim Perdana Kusuma အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျကာတာမြို့ရှိ ခေတ္တတည်းခိုမည့် Gran Melia ဟိုတယ်သို့ ရောက်ရှိကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး မိသားစုဝင်များနှင့် သွားရောက် တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။** (သတင်းစဉ်)

# အမရပူရမြို့နယ်ရှိ ဦးပိန်တံတား ရေရှည်တည်တံ့ရေးဝိုင်းဝန်းထိန်းသိမ်းရန် အသိပေး

**အမရပူရ　　မေ　　၂၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဦးပိန်သစ်သားတံတားကြီးသည် နှစ်ပေါင်း ၁၆၀ ကျော် သက်တမ်းရှိပြီး အမရပူရမြို့ဂုဏ်ဆောင် ကမ္ဘာကျော်မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၏ ဂုဏ်ဒြပ်တစ်ခုဖြစ်သောကြောင့် ဦးပိန်တံတား ရေရှည်တည်တံ့ကြံ့ခိုင်စေရေးအတွက် ဒေသခံပြည်သူများ၊ လာရောက်လေ့လာလည်ပတ်သူ၊ အသုံးပြုသူများအားလုံး ဝိုင်းဝန်းထိန်းသိမ်းကြရန် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန(မန္တလေးဌာနခွဲ)က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

တောင်သမန်အင်းအတွင်းနှင့် ဦးပိန်တံတား ဝန်းကျင်တွင် အမှိုက်များစည်းကမ်းမဲ့စွန့်ပစ်ခြင်း မပြုရန် နှင့် တံတားပေါ် စက်ဘီး၊ ဆိုင်ကယ်များ စီးနင်းမောင်းနှင်ခြင်းမပြုရန် အသိပေးထားပြီး စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နှိုးဆော်ထားသည်။ သင်္ကြန်ကာလနှင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် လာရောက်လည်ပတ်သူများပြားရာ တံတားကြီးနေရာအချို့ရှိ ရက်မများနှင့် အခင်းများ ဆွေးမြည့်နေသဖြင့် အန္တရာယ်မဖြစ်စေရေး အမရပူရ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက စောင့်ကြပ်ပေးခဲ့ကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**





# ဂျပန်လျှပ်စစ်သံလိုက် အမြန်ရထားလမ်း ကမ္ဘာ့အမြန်ဆုံးစံချိန်သစ်တင်

**တိုကျို မေ ၂၁**

ဂျပန်နိုင်ငံမှ လျှပ်စစ်သံလိုက်စွမ်းအင်သုံး အမြန်ရထားသစ်တစ်စင်းသည် ကိုယ်တိုင်တင်ထားခဲ့သော ကမ္ဘာ့အမြန်ဆုံး လျှပ်စစ်သံလိုက်စွမ်းအင်သုံး အမြန်ရထားအမြန်နှုန်းစံချိန်ကို ချိုးလိုက်နိုင်ကြောင်း၊ ယင်းရထားအမြန်နှုန်းမှာ တစ်နာရီလျှင် ၆၀၃ ကီလိုမီတာ (၃၇၄ မိုင်)ရှိပြီး စမ်းသပ်ခုတ်မောင်းမှုကို ဖူဂျီမီးတောင်အနီး၌ ပြုလုပ်ခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက စမ်းသပ်ခုတ်မောင်းခဲ့ရာတွင် ယခင်အမြန်နှုန်းဖြစ်သော တစ်နာရီလျှင် ၅၉၀ ကီလိုမီတာ စံချိန်ကိုချိုးနိုင်ခဲ့သည်ဟု ဆိုသည်။

လျှပ်စစ်ဓာတ်အားဖြင့် သံလိုက်လှိုင်းများ ဖန်တီးပြီး ရထားတွဲများအား သံလမ်းပေါ်မှ မြှင့်တင်ကာ ခုတ်မောင်းသွားလာနိုင်သော အမြန်ရထားဖြစ်သည်။

၂၀၂၇ ခုနှစ်ထက်နောက်မကျဘဲ အဆိုပါ လျှပ်စစ်သံလိုက်လှိုင်းရထားများကို ဂျပန်ဗဟိုမီးရထားဌာနက မြို့တော်တိုကျိုနှင့် နိုင်ငံအလယ်ပိုင်းရှိ နာဂိုယာမြို့အကြား၌ ခရီးစဉ်ပြေးဆွဲရန် မျှော်လင့်ထားသည်။

ကီလိုမီတာ ၂၈၀ ရှိ အဆိုပါ ခရီးတာအတွင်း အမြန်ရထားခုတ်မောင်းချိန် မိနစ် ၄၀ မျှသာ ကြာမြင့်မည် ဖြစ်ပြီး ထိုနှစ်မြို့အကြား လက်ရှိ ခုတ်မောင်းချိန်၏ ထက်ဝက်အောက်သို့ လျှော့ချနိုင်မည်ဖြစ်သည်။

**ဘီဘီစီ။**

# လစ်ဗျားနိုင်ငံရှိ စပိန်သံရုံးကို အိုင်အက်စ်တို့ ဗုံးခွဲတိုက်ခိုက်

**မက်ဒရစ် မေ ၂၁**

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တော်ရှိ စပိန်သံရုံးကို မေ ၂၁ ရက် နံနက်ပိုင်းက ဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာ ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)က ဆိုသည်။

ပေါက်ကွဲသည့် ဗုံးအမျိုးအစားမှာ အလယ်အလတ်အဆင့်ရှိပြီး ဇူလိုင်လနှောင်းပိုင်းကတည်းက သံရုံးအတွင်းလူမရှိဘဲ ဘေးလွတ်ရာသို့ ပြောင်းရွှေ့သွားကြသည့်အတွက် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့သော်လည်း လုံခြုံရေးဂိတ်တွင်ရှိသည့် နံရံများပြိုကျပျက်စီးခဲ့ရသည်။

အဆိုပါတိုက်ခိုက်မှုမှာ အိုင်အက်စ်အဖွဲ့၏ ဖောက်ခွဲတိုက်ခိုက်မှုဖြစ်ကြောင်း ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်ဟု စပိန်ရုပ်သံ အာရ်တီဗွီအီးက ထုတ်လွှင့်ခဲ့သည်။

စပိန်သံရုံးသည် လစ်ဗျားနိုင်ငံတွင် ရက်သတ္တနှစ်ပတ်အတွင်း တတိယမြောက် တိုက်ခိုက်ခံရသည့် နိုင်ငံခြားသံရုံးဖြစ်ပြီး မေ ၁၂ ရက်က တောင်ကိုရီးယားသံရုံးပြင်ပတွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူနှစ်ဦး သေဆုံးခဲ့ရသည်။ ယင်းနေ့မှာပင် မော်ရိုကိုသံရုံးပြင်ပတွင်လည်း ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်က လစ်ဗျားခေါင်းဆောင် မွမ်မာကဒါဖီ ပြုတ်ကျသွားပြီးကတည်းက လုံခြုံရေးအခြေအနေဆိုးရွားနေခဲ့သည်။ မတည်ငြိမ်မှုနောက်ဆက်တွဲပြဿနာများကြောင့် တည်ငြိမ်ခိုင်မာသည့် အစိုးရတစ်ရပ်ပေါ်ထွက်လာခြင်း မရှိသေးပေ။

**ဆင်ဟွာ။**

# အီဂျစ်သမ္မတဟောင်း မော်စီကို ထောင်ဒဏ်အနှစ် ၂၀ အပြစ်ပေး

**ကိုင်ရို မေ ၂၁**

အီဂျစ်နိုင်ငံ၏ တရားရုံးတစ်ရုံးက ရာထူးမှဖယ်ရှားခြင်းခံရသော အစ္စလာမ္မစ်သမ္မတဟောင်း မိုဟာမက် မော်စီကို ၂၀၁၂ ခုနှစ် ဆန္ဒပြသူများ သေဆုံးခဲ့ရခြင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသည်ဟု စွပ်စွဲချက်ဖြင့် ယနေ့ ထောင်ဒဏ် အနှစ် ၂၀ အပြစ်ပေးလိုက်သည်။

ဤသို့ တရားရုံး၏အမိန့်ချမှတ်မှုတွင် အစ္စလာမ္မစ်တို့၏ တုံ့ပြန်မှုငြိမ်သက်နေခြင်းက မော်စီနှင့် အီဂျစ်နိုင်ငံ၏ တစ်ချိန်က တန်ခိုးထွားခဲ့သော မွတ်စလင်ညီနောင်များအုပ်စု ကျဆုံးခြင်းကို ထင်ရှားစေသည်။ သို့သော် မော်စီသည် သေဒဏ်အပေးခံရခြင်းမှ ကင်းလွတ်ခဲ့သည်။

ယနေ့တရားရုံး၏ စီရင်ချက်ကြောင့် လမ်းများပေါ်၌ ဆန္ဒပြကန့်ကွက်မှုများ မရှိခဲ့ပေ။ အီဂျစ်အမျိုးသားရဲတပ်ဖွဲ့ အကယ်ဒမီသင်တန်းကျောင်း၌ ယာယီတရားရုံးအတွင်း အသံလုံမှန်ခြံအတွင်း၌ မော်စီနှင့် အခြားတရားခံများ ရပ်နေကြစဉ် တရားသူကြီးအာမက်ယူဆွတ်က ၎င်း၏စီရင်ချက်ကို ဖတ်ကြားခဲ့သည်။

အခြားစွပ်စွဲခံရသူခုနစ်ဦးကိုမူ မျက်ကွယ်၌ စီရင်ချက်ချခဲ့သည်။ မော်စီအပြင် မိုဟာမက်အဲလ်ဂီးလ်တာဂီနှင့် အက်ဆန်အဲလ်အီရီယန်တို့ အပါအဝင် မွတ်စလင်ညီနောင်အဖွဲ့ ခေါင်းဆောင်များနှင့် ထောက်ခံသူ ၁၂ ဦးတို့ကိုလည်း ထောင်ဒဏ် အနှစ် ၂၀ အပြစ်ပေးခဲ့သည်။

**အေပီ။**




# အမေရိကန်က ပင်လယ်ကွေ့အတွင်း ရေတပ်အင်အားတိုးမြှင့်

**ဝါရှင်တန် မေ ၂၁**

အီရန်ရေတပ်သင်္ဘောအုပ်စုတစ်စုသည် ပင်လယ်ကွေ့အတွင်း၌ ယီမင်ဟူသီ သူပုန်များအတွက် လက်နက်များ သယ်ဆောင်လာနေကြောင်း သံသယရှိနေစဉ် အမေရိကန်ပြည်ထောင်စုသည် ယီမင်ကမ်းလွန်တွင် ၎င်း၏ ကင်းလှည့်အင်အားတိုးမြှင့်သည့်အနေဖြင့် လေယာဉ်တင်သင်္ဘောတစ်စင်းကို စေလွှတ်ခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယီမင်သူပုန်များကို လက်နက်တပ်ဆင်ပေးသည့်အတွက် အီရန်နိုင်ငံကို အမေရိကန်က သတိပေးခဲ့ပြီးဖြစ်သည်။ သို့သော် အီရန်သင်္ဘောများကို ၎င်းတို့၏ စစ်သင်္ဘောများက တားဆီးမည်မဟုတ်ကြောင်း အမေရိကန်ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခဲ့သည်။

ပင်လယ်ကွေ့အတွင်း၌ သင်္ဘောလမ်းကြောင်းများ လုံခြုံစေရန်ရည်ရွယ်၍ ယင်းဒေသတွင်း၌ အမေရိကန် ရေတပ်က စစ်သင်္ဘောခုနစ်စင်း ဖြန့်ကြက်ထားပြီးဖြစ်သည်။

ယီမင်နိုင်ငံ၌ သူပုန်များနှင့် အစိုးရထောက်ခံသူများအကြား တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။ သူပုန်များကို လေကြောင်းမှ တိုက်ခိုက်ရာတွင် အမေရိကန်ပြည်ထောင်စုက ပါဝင်ခြင်းမပြုခဲ့ပေ။ သို့သော် ဆော်ဒီအာရေဗျ ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များကို လက်နက်များထောက်ပံ့ပေးခြင်းနှင့် ထောက်လှမ်းရေးသတင်းများပေးခြင်းတို့ဖြင့် ထောက်ခံအားပေးလျက်ရှိသည်။ အမေရိကန်လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် သီအိုဒို ရုစဗဲ့နှင့် ပဲ့ထိန်းဒုံးကျည်တပ်သင်္ဘော ယူအက်စ်အက်စ်နော်မန်ဒီတို့သည် ယီမင်ကမ်းလွန် အာရေဗျပင်လယ်အတွင်းရှိ အခြားသင်္ဘောများနှင့် ပူးပေါင်းရန် ခရီးနှင်လျက်ရှိသည်။

ပင်လယ်ကွေ့အတွင်းရှိ အခြားသောသင်္ဘောများတွင် ဖျက်သင်္ဘောနှစ်စင်း၊ မိုင်းရှင်းသင်္ဘောနှစ်စင်းနှင့် ကုန်းနှင့်ရေနှစ်သွယ်မောင်းနိုင်သော သင်္ဘောသုံးစင်းတို့ပါဝင်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

**ရိုက်တာ။**

# အခြေခံအဆောက်အအုံလုပ်ငန်း စီမံကိန်းများအတွက် ပါကစ္စတန်၌ တရုတ်က ဒေါ်လာ ၄၆ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

**အစ္စလာမ္မာဘတ် မေ ၂၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အိမ်နီးချင်း ပါကစ္စတန်နိုင်ငံသို့ နှစ်ရက်ကြာ ခရီးစဉ်အဖြစ် ရောက်ရှိနေကြောင်း၊ ၎င်းသည် အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံတန်ဖိုးရှိ လုပ်ငန်းစီမံကိန်းများနှင့်ပတ်သက်၍ သဘောတူညီချက်များကို လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံသည် ကားလမ်းများ၊ ရထားလမ်းများနှင့် ပင်လယ်ဆိပ်ကမ်းများ၏ကွန်ရက်ကို တိုးချဲ့တည်ဆောက်ရန် ကတိကဝတ်ပြုထားပြီး ပါကစ္စတန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းအများအပြားကို အကောင်အထည်ဖော်နိုင်ရေးအတွက် ငွေကြေးအကူအညီပေးမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများမှတစ်ဆင့် တရုတ်နိုင်ငံကို အာရှအလယ်ပိုင်းနှင့် ရုရှားနိုင်ငံတို့မှတစ်ဆင့် ဥရောပနှင့် ချိတ်ဆက်နိုင်ရန် ရည်ရွယ်ကြောင်း ဗြိတိန်နိုင်ငံတွင် ထုတ်ဝေသော ဂါဒီယန်သတင်းစာတွင် ရေးသားဖော်ပြသည်။

စီးပွားရေးပိုးလမ်းမရပ်ဝန်းနှင့် ပင်လယ်ရေကြောင်းပိုးလမ်းမစီမံကိန်းများကို တရုတ်နိုင်ငံက အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သမ္မတရှီက နိုဝင်ဘာလတွင် ထုတ်ပြန်ကြေညာခဲ့သည်။

တရုတ်နိုင်ငံ၏ ဒေါ်လာ ၄၆ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုဖြင့် ကားလမ်းများ၊ ရထားလမ်းများနှင့် လျှပ်စစ်ဓာတ်အားစက်ရုံများကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက နယူးယောက်တိုင်းမ် သတင်းစာသို့ ပြောကြားသည်။ ပါကစ္စတန်နိုင်ငံ၌ အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံကိန်းများ၌ အလုပ်လုပ်ကိုင်နိုင်ရန် လာမည့် ၁၅ နှစ်တာကာလတွင် တရုတ်အင်ဂျင်နီယာများကို စေလွှတ်မည်ဖြစ်ကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားသည်။

**ပီတီအိုင်။**

ပြည်တွင်းရေးရာ

# ကိုရီးယားနိုင်ငံစျေးကွက်သို့ တင်ပို့မည့် စီးပွားဖြစ်ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**နေပြည်တော် မေ ၂၁**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေးအတွက် ကိုရီးယားနိုင်ငံစျေးကွက်သို့ ချိတ်ဆက်ပြီး ပထမအသုတ် တန်ချိန် ၅၀၀ တင်ပို့နိုင်ရန် ကျေးရွာများအလိုက် တစ်ဆက်တစ်စပ်တည်း ငရုတ်သီးနှံစိုက်ခင်းများ ထူထောင်စိုက်ပျိုးအကောင်အထည်ဖော်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မေ ၂၁ ရက်က ဥတ္တရသီရိမြို့နယ်ရှိ တစ်ဆက်တစ်စပ်တည်း တောင်သူပညာပေး ဧက ၉၀၀ စိုက်ကွင်းအတွင်း ငရုတ်သီးနှံများကို တောင်ကိုရီးယားနိုင်ငံ စျေးကွက်သို့ တန်ချိန် ၅၀၀ တင်ပို့ရန် ဧက ၅၀ အား တစ်ပြိုင်တည်း စိုက်ပျိုးထားသောစိုက်ခင်းကို လည်းကောင်း၊ ကိုးရွာသပြေကုန်းရှိ တစ်ဆက်တစ်စပ်တည်း ဧက ၂၀ စိုက်ခင်းကိုလည်းကောင်း ရောက်ရှိပြီး သက်တမ်းနှစ်လသားအရွယ် ငရုတ်ပင်များမှ အပွင့်များစတင် ထွက်ရှိ၍ ညီညာစွာ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေး၍ ကိုရီးယားနိုင်ငံ စျေးကွက်လိုအပ်ချက်နှင့်အညီ အရည်အသွေး စံချိန်စံညွှန်းကိုက်ညီပြည့်မီရေး မှာကြားသည်။**(အပေါ်ယာပုံ)**

ထို့မှတစ်ဆင့် နှစ်ရှည်သီးနှံ ပိန္နဲ၊ကွဲကော၊သရက်နှင့် ရာသီသီးနှံ ကန်စွန်းရောနှော စိုက်ခင်းသို့ရောက်ရှိကြပြီး နှစ်ရှည်သီးနှံနှင့် ရာသီသီးနှံရောနှောစိုက်ခင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးရရှိမှုကို လက်တွေ့လေ့လာနိုင်ရေး ပညာပေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြန်မာနယူးဧရာကုမ္ပဏီ၏ တစ်နေ့ တန် ၅၀၀ ထိန်းသိမ်း သိုလှောင်နိုင်သည့် အအေးခန်းစက်ရုံ အဆောက်အအုံအနီး၌ သစ်သီးဝလံများ ဆေးကြောသန့်စင်ရန် စက်ရေတွင်း တူးဖော်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရေအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းဦးက အနက် ၂၈၅ ပေထိ တူးဖော်ပြီးစီးနေမှုနှင့် မြေသားအလွှာအလိုက် ရေတွေ့ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက နိုင်ငံခြားစျေးကွက်သို့ တင်ပို့ရောင်းချမည့် သစ်သီးဝလံများကို သန့်ရှင်း၍ အရည်အသွေးကောင်းမွန်သော ရေဖြင့် ဆေးကြောသန့်စင်နိုင်ရန် လုံလောက်သော Clean Water ရရှိရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းရှိ နယူးဧရာကုမ္ပဏီ၏ ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ် ဧက ၁၀၀ စိုက်ကွင်းသို့ရောက်ရှိကြပြီး စိုက်ပျိုးရေးပညာရှင်များ တောင်သူလယ်သမားများ၏အကူအညီဖြင့် ဝတ်မှုန်ကူးပွဲတော် ဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာအနီးရှိ လယ်ယာထူးချွန် ဆန်စပါးဆုရရှိသူ တောင်သူကြီး ဦးကျော်ဝင်း၏ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်နွေစပါး စိုက်ခင်းမှ ၇၇ ရက်သားတွင် အနှံများ စတင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီး ငလိုက်လက်ဝဲမြောင်း ဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ နွေစပါး စိုက်ခင်းနှင့် ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ် စိုက်ကွင်းအတွင်း၌ ပညာရှင်များ၊ တောင်သူများ စုပေါင်း၍ ပန်းပွင့်ချိန်တွင် အချိန်မီ တပျော်တပါး ဝတ်မှုန်ကူးပွဲတော် ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

**(သတင်းစဉ်)**



# သင်္ကြန်အပြီးခရီးသွားပြည်သူများအခက်အခဲမရှိစေရန် ကားလက်မှတ်နှင့် သီးသန့်ကားများစီစဉ်ပေး

**မန္တလေး မေ ၂၁**

သင်္ကြန်ပွဲတော်အပြီး ရန်ကုန်နှင့် နေပြည်တော်သို့ သွားလာကြမည့် ခရီးသည်များ ကားလက်မှတ်ဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ယာဉ်လုပ်ငန်းများ ကြီးကြပ်မှုကော်မတီ (အဝေးပြေး)တို့ ပေါင်းစပ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

"ကားလက်မှတ်အဆင်ပြေအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ စီစဉ်ဆောင်ရွက်ပေးတာပါ။ သင်္ကြန်အပြီး ခရီးသွားသူတွေများတော့ ကားလက်မှတ် အခက်အခဲဖြစ်ကြတယ်။ နေပြည်တော်-ရန်ကုန် ခရီးစဉ်အတွက် ကားလက်မှတ်ရဖို့ ကျွန်တော်တို့အဖွဲ့က ကားဂိတ်တွေမှာ ကိုယ်တိုင် သွားဝယ်ပေးတဲ့အပြင် သီးသန့်ယာဉ်တွေကိုပါ ထပ်မံစီစဉ်ပေးနေပါတယ်"ဟု ပို့/ဆက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခရီးသည်များကားလက်မှတ်ရရှိရေးအပြင် သီးခြားယာဉ်များထပ်မံစီစဉ်ပေးကြောင်း၊ မေ ၂၀ ရက်မှ ၂၁ ရက်အထိ စီစဉ်ပေးနေခြင်းဖြစ်၍ ကားလက်မှတ်ဝယ်ယူသည့်အခါ ခရီးသွားသူ၏ မှတ်ပုံတင်ပြသရန် လိုကြောင်း၊ ယင်းကဲ့သို့ ပြုလုပ်ခြင်းမှာ အမှန်တကယ်ခရီးသွားသူဖြစ်စေရန်အတွက် ကြပ်မတ်ခြင်းဖြစ်ကြောင်း သိရသည်။

"ကားလက်မှတ်တွေက ပုံမှန်ပြေးဆွဲတဲ့ခရီးစဉ်အရ ကြိုတင် ဖြတ်ထားကြလို့ လက်မှတ်အခက်အခဲရှိနေကြတယ်။ ဒါကြောင့် လွယ်ကူအောင်ဆိုပြီး ကျွန်တော်တို့ စီစဉ်ဆောင်ရွက်တာပါ။ အမှန်တကယ်သွားမယ့်သူတွေအတွက် လက်မှတ်ရအောင် လုပ်တာဖြစ်လို့ မှတ်ပုံတင်ပြရမယ်။ လက်မှတ်နှုန်းထားက မူလနှုန်းထားအတိုင်းပဲ ရောင်းပေးပြီး လိုအပ်ရင် ရန်ကုန်ခရီးစဉ်အတွက် ကားသီးသန့်စီစဉ်ပေးတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကားလက်မှတ်ဝယ်ယူမှု အခက်အခဲရှိသည့် ခရီးသွားပြည်သူများအား မေ ၂၀ ရက်က မန္တလေး-ရန်ကုန် သီးသန့်ယာဉ်တစ်စီးဖြင့် ၄၅ ဦး၊ နေပြည်တော်သို့ ယာဉ်ငါးစီးဖြင့် ၁၇ ဦး၊ ရန်ကုန်သို့ ရှစ်စီးဖြင့် ၈၃ ဦး စုစုပေါင်း ခရီးသည် ၁၄၅ ဦးကို စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး မေ ၂၁ ရက် မွန်းလွဲ ၂ နာရီထိ ရန်ကုန်သို့ သီးသန့်ယာဉ်လေးစီးဖြင့် ၁၇၈ ဦး၊ နေပြည်တော်သို့ ယာဉ်တစ်စီးဖြင့် သုံးဦး၊ ရန်ကုန်သို့ ယာဉ်လေးစီးဖြင့် ကိုးဦး စုစုပေါင်း ခရီးသည် ၁၉၅ ဦးကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မန္တလေးမြို့တွင် အဆင့်မြင့်အိမ်ရာစီမံကိန်းနှင့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ တည်ဆောက်နေ

**မန္တလေး မေ ၂၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက မန္တလေးမြို့တွင်းရှိ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရေးအတွက် အဆင့်မြင့်အိမ်ရာစီမံကိန်းနှင့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်းသိရသည်။

မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနနှင့် ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီများ ပူးပေါင်းကာ မန္တလေးမြို့၏ အချက်အချာကျသော ချမ်းအေးသာစံမြို့နယ် (၂၆)လမ်းနှင့် (၂၇)လမ်းကြား၊ (၇၃)လမ်းနှင့် (၇၄)လမ်းကြားတွင် စိတ္တရမဟီအိမ်ရာစီမံကိန်းကို ကွန်ဒိုအဆောက်အအုံများ၊ ရှစ်ခန်းတွဲ ကိုးထပ်အဆောက်အအုံများ၊ စျေးဝယ်စင်တာများအပါအဝင် ခေတ်မီပုံစံဖြင့် လုပ်သားအင်အား၊ စက်ယန္တရားအင်အားဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။ ယခင်က ပြည်တော်သာအိမ်ရာတွင် နေထိုင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများအား ပြန်လည်နေရာချထားပေးမည်ဖြစ်သည်။

မန္တလေးမြို့ရှိ နိုင်ငံ့ဝန်ထမ်းများ နေထိုင်မှု အဆင်ပြေစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ချမ်းမြသာစည်မြို့နယ်တွင် မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာစီမံကိန်းကို လေးခန်းတွဲ လေးထပ်တိုက် ၂၇ လုံးတည်ဆောက်လျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း ရှစ်ခန်းတွဲငါးထပ် အဆောက်အအုံအလုံး ၂၀ ထပ်မံ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ထစ်ချန်းမိုး

**နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**



# မြန်မာနှစ်သစ်တွင် စိတ်သစ် ခွန်အားသစ်များဖြင့် ကြိုးပမ်းသွားကြပါစို့

**မောင်သောင်းဝင်း (တမန်ဟောင်း)**

၁၃၇၇ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၄ ရက်နေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ် တစ်နှစ်သို့ ဝင်ရောက်လာပြီဖြစ်သည်။ သင်္ကြန်ရုံးပိတ်ရက် ၁၀ ရက်တာကာလ ပြည့်မြောက်၍ ဧပြီလ ၂၂ ရက်နေ့တွင် နိုင်ငံတစ်ဝန်းရှိ အစိုးရရုံးများ၊ ဘဏ်များနှင့် ပုဂ္ဂလိကကုမ္ပဏီအသီးသီးတို့ ပြန်လည်ဖွင့်လှစ်ပြီး လုပ်ငန်းများ စတင်လည်ပတ်နေကြပြီဖြစ်သည်။ အစိုးရဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများသည်လည်း ဆိုင်ရာလုပ်ငန်းခွင်များသို့ စိတ်သစ်၊ ခွန်အားသစ်များဖြင့် အသီးသီးချီတက် သွားလာနေကြပြီဖြစ်သည်။ ထို့အတူ နိုင်ငံတစ်ဝန်းရှိ ဈေးများ၊ ကုန်တိုက်များနှင့် နွေရာသီသင်တန်းကျောင်းများလည်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သောကြောင့် ဈေးဝယ်ထွက်သူများ၊ ကျောင်းသား ကျောင်းသူများဖြင့် ပျားပန်းခပ်မျှ ပြန်လည်စည်ကားလျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်မဟာသင်္ကြန်ကာလအတွင်း ရုံးပိတ်ရက် ၁၀ ရက်ပေးထားသဖြင့် ဝန်ထမ်းများ အပြည့်အဝအနားရရှိကြသည်။ နိုင်ငံတော်အစိုးရသည် ဝန်ထမ်းများအား တစ်နှစ်တာကာလအတွင်း များပြားလှသောတာဝန်များ ထမ်းဆောင်ခဲ့ရမှုကြောင့် ကုန်ခန်းသွားသောအင်အားများပြန်လည်ဖြည့်ဆည်းနိုင်ရန်၊ သင်္ကြန်ကာလအတွင်း မြန်မာ့အစဉ်အလာနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ရေကစားနိုင်စေရန်နှင့် ကောင်းမှုကုသိုလ်များ ပြုလုပ်နိုင်ရန်အတွက် ရက်ရှည်ရုံးပိတ်ရက်များပေးထားခြင်းဖြစ်သည်။ ထိုရုံးပိတ်ရက်ကာလကိုအကျိုးရှိစွာ အသုံးချသူများရှိသလို အကျိုးမဲ့စွာ ဖြတ်သန်းကြသူများလည်းရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။ အကျိုးရှိသည့်အလုပ်နှင့်အကျိုးမဲ့သည့်အလုပ်တို့ကို လုပ်ဆောင်ခြင်းသည် ကိုယ်စီရွေးချယ်မှုအပေါ်တွင်သာ မူတည်မည်ဖြစ်သည်။ ဝန်ထမ်းအားလုံးကို ရုံးပိတ်ရက် ၁၀ ရက်စီ ညီတူညီမျှ ပေးထားသော်လည်း ရရှိသည့် အကျိုးကျေးဇူးပိုင်းတွင်မူ ကွာခြားမှုများရှိနေမည်ဖြစ်သည်။

ရုံးပိတ်ရက် ၁၀ ရက်လုံးကို အပျော်အပါးနှင့်အချိန်ဖြုန်းခဲ့သူများသည် ငွေကုန်၊ လူပန်းသာဖြစ်သည်ကို ထိုသူများကိုယ်တိုင်သိရှိကြမည်ထင်ပါသည်။ ထိုသူများသည် ရုံးပြန်ဖွင့်သဖြင့် နွေးကွေးလေးလံသော ခြေလှမ်းများဖြင့် ရုံးသို့လာခဲ့ရသည့်တိုင်အောင် ငွေကုန်၊ လူပန်းဖြစ်နေသောကြောင့် တမှိုင်မှိုင် တထွေထွေဖြစ်နေလေ့ရှိကြသည်။ တာဝန်အရရုံးတက်နေရသည့်တိုင်အောင် ရုံးအလုပ်များကို စတင်နိုင်ခြင်းမရှိဘဲ သင်္ကြန်ကာလအတွင်းက အပျော်ကြူးခဲ့မှုများနှင့် ကဲခဲ့ရသည့်အကြောင်းအရာများကိုသာ မမောနိုင် မပန်းနိုင် စားမြုံ့ပြန်လေ့ရှိကြသည်။ ရုံးစတက်သည့် တစ်နေ့လုံး မည်သည့်အလုပ်ကိုမျှ မည်မည်ရရမလုပ်ဘဲ အချိန်ဖြုန်းပြီး အချိန်တန်ရုံးဆင်းသွားလေ့ရှိကြသည်။

ထိုဝန်ထမ်းများသည် ရုံးပိတ်ရက်ကာလအတွင်းက ရောက်ရှိနေသော ချက်ချင်းဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများကိုပင် မတို့မထိဘဲလိပ်ပြာသန့်သန့်ဖြင့် ရုံးပြန်ဆင်းသွားကြသည်။ ထိုသူများသည် လူ့အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းပြည်နှင့်လူမျိုးအတွက်သော်လည်းကောင်း ကောင်းကျိုးပေးလေ့မရှိသည့် ဆန်ကုန် မြေလေးဝန်ထမ်းများသာဖြစ်ကြသည်။ တာဝန်ရှိသူအဆင့်ဆင့်ကလည်း ထိုသူများကို ထိန်းကျောင်းကြပ်မတ်သွားရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့ကျင့်ဝတ်မလိုက်နာသော ဝန်ထမ်းများဖြင့်သာ ကျွန်ုပ်တို့လိုလားတောင့်တလျက်ရှိသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နေမည်ဆိုပါက "ရွှေပြည်တော်မျှော်တိုင်းဝေး"ဆိုသလို ရည်မှန်းချက်ပန်းတိုင်နှင့်အလှမ်းကွာဝေးနေမည်မှာ မည်သူမျှငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။

သို့သော် သင်္ကြန်ရုံးပိတ်ရက် ၁၀ ရက်လုံးကို ဒါန၊ သီလ၊ ဘာဝနာစသည့် မင်္ဂလာရှိသော ကောင်းမှုကုသိုလ်အဝဝဖြင့် အကျိုးရှိစွာကုန်ဆုံးခဲ့သူများသည် မျက်နှာများကြည်လင်နေပြီး နှစ်သစ်အတွက် စိတ်သစ်၊ ခွန်အားသစ်များဖြင့် ပြည့်နှက်လျက်ရှိကြသည်။ ထိုသူများသည် ရုံး၊ ဌာနများသို့ ပြည့်ဝနေသော စိတ်ဓာတ်ခွန်အားတို့ဖြင့် ချီတက်လာလေ့ရှိကြသည်။ ရုံးသို့ရောက်ရှိချိန်တွင်လည်း သင်္ကြန်ကာလအတွင်းကရရှိခဲ့သော ကောင်းမှုကုသိုလ်များကို အချင်းချင်းမျှဝေပြီး သာဓုအကြိမ်ကြိမ်ခေါ်ကြရသဖြင့် ပီတိကုသိုလ်များ ထပ်မံရရှိကြပြန်သည်။

ထို့နောက် ရုံးခန်းအတွင်း၌ ၁၀ ရက်တာကာလအတွင်းတင်နေသော ဖုန်များ၊ အမှိုက်များအား သန့်ရှင်းရေးလုပ်၊ ဆောင်ရွက်ရန်စောင့်ဆိုင်းနေသော လုပ်ငန်းတာဝန်များကို ဦးစားပေးအဆင့်အလိုက်ခွဲခြားပြီး ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို နေ့ချင်းပြီးရန်အတွက် စိတ်ရောကိုယ်ပါ အားတက်သရော တက်ညီလက်ညီ စတင်လုပ်ကိုင်ကြသဖြင့် လုပ်ငန်းများအချိန်မီပြီးစီးလေ့ရှိကြသည်။ ထိုသူများသည် တိုင်းပြည်နှင့် လူမျိုးအကျိုးကို အစဉ်သယ်ပိုးနေသော ဝန်ထမ်းကောင်းများပင်ဖြစ်ကြသည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံတွင်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများပေါ်တွင် များစွာတည်မှီလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသော စာရေးသူတို့အပါအဝင် နိုင်ငံ့ဝန်ထမ်းများသည် တိုင်းပြည်နှင့် လူမျိုးအပေါ်တာဝန်ကျေပွန်ရန် လိုအပ်ပေသည်။ နိုင်ငံတော်အစိုးရသည် ဝန်ထမ်းများအား အနားယူခွန်အားဖြည့်ဆည်းနိုင်ရန်အတွက် နှစ်စဉ်သင်္ကြန်ကာလတွင် ရုံးပိတ်ရက် ၁၀ ရက်ပေးထားသကဲ့သို့ ဝန်ထမ်းများအပိုင်းကလည်း ရုံးပြန်ဖွင့်ချိန်တွင် လုပ်ငန်းတာဝန်များကို စိတ်ရော ကိုယ်ပါ အားတက်သရော အင်တိုက်အားတိုက်ဆောင်ရွက်သွားသင့်ပါသည်။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုသလို အပြန်အလှန် အကျိုးပြုသင့်ပါသည်။

ထို့အပြင် အခွင့်အရေးမှန်သမျှ လက်တဆုံးနှိုက်ယူတတ်လေ့ရှိကြသော်လည်း တာဝန်ယူမှုအပိုင်းတွင်မူ ရှောင်ဖယ်ရှောင်ဖယ်လုပ်နေကြသော ဝန်ထမ်းများသည် ကျင့်ဝတ်မဲ့သော သူများသာဖြစ်ကြသည်။ ပြည်သူများ၏ အခွန်အခများကို အားမနာတမ်းစားသုံးသူများသည် လိပ်ပြာသန့်ဖို့လိုပေသည်။ မြတ်ဗုဒ္ဓဟောကြားထားသည့် တရားတော်များတွင် ပါရှိသည့်အတိုင်း ကျွန်ုပ်တို့သည် တစ်နေ့တွင် မိမိပြုသော အမှုများအတွက် ပြန်လည်ခံစားရမည်မှာ ဧကန်မလွဲပင်ဖြစ်သည်။ ထို့ကြောင့် ညစဉ်ခြေဆန့်အိပ်နိုင်အောင် ကိုယ်စီကိုယ်င တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ရှိရန်လိုအပ်ပေသည်။

အနောက်တိုင်းသားများသည် နှစ်စဉ် ဇန်နဝါရီလ ၁ ရက်နေ့ရောက်ရှိချိန်တွင် နှစ်သစ်သန္နိဋ္ဌာန် New Year Resolution များချမှတ်လေ့ရှိကြသည်။ နှစ်သစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို နေ့စဉ်မှတ်တမ်းတွင်ချရေးခြင်းပင်ဖြစ်သည်။ အချို့သောသူများကမူ စိတ်ထဲ၌သာ စွဲမြဲစွာမှတ်တမ်းတင်ထားလေ့ရှိကြသည်။ မည်သို့ပင် ပြုလုပ်နေစေကာမူ ကောင်းမွန်သော အလေ့အထများပင် ဖြစ်သည်။ ခေတ်ရှေ့ပြေးနေကြသည့် အချို့သော မြန်မာများသည် လျှပ်ပေါ်လော်လီသည့် ဝတ်စားဆင်ယင်မှုနှင့် သောက်စားမူးယစ် ပျော်ပါးမှုမျိုးကဲ့သို့သော မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ဖြစ်နေသည့် အနောက်တိုင်းယဉ်ကျေးမှုမျိုးကိုသာ လွဲမှားစွာ အတုခိုးလေ့ရှိကြသော်လည်း နှစ်သစ်သန္နိဋ္ဌာန်ချမှတ်သည့် ကောင်းမွန်သောအလေ့အထကိုမူ သင်ခန်းစာယူလေ့ မရှိကြချေ။

ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည်လည်း မြန်မာနှစ်သစ် နှစ်ဆန်းတစ်ရက်နေ့တွင် New Year Resolution များ ချမှတ်သွားသင့်ပါသည်။ ထိုသို့ချမှတ်ထားမည်ဆိုလျှင် နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် မိမိဆောင်ရွက်ခဲ့သော လုပ်ငန်းများကို ပြန်လည်သုံးသပ်အကဲဖြတ်နိုင်မည်ဖြစ်သည်။ ထိုသုံးသပ်ချက်များမှ အားနည်းချက်နှင့် အားသာချက်များကိုဖော်ထုတ်နိုင်မည်ဖြစ်သည်။ ထို့အတူ နိုင်ငံတစ်နိုင်ငံကို တာဝန်ယူအုပ်ချုပ်ရသော အစိုးရအဖွဲ့ တစ်ဖွဲ့တွင်လည်း တိုင်းပြည်နှင့်လူမျိုးအတွက် နှစ်သစ်သန္နိဋ္ဌာန်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ပါသည်။ ထိုသို့ဆောင်ရွက်သွားမည်ဆိုလျှင် တိုင်းပြည်အတွင်း ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များရရှိမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

၁၃၇၇ ခုနှစ်သည် မြန်မာနိုင်ငံအတွက်အရေးပါသော နှစ်တစ်နှစ်ပင်ဖြစ်သည်။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြားတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် သဘောတူညီချက်(မူကြမ်း)ကိုအတည်ပြု လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်သည်။ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ကို အပြီးသတ်လက်မှတ်ရေးထိုးနိုင်မည်ဆိုလျှင် နှစ်ပေါင်း ၆၀ ကျော်ဖြစ်ပွားနေသော ပြည်တွင်းစစ်မီးများ ချုပ်ငြိမ်းသွားမည်ဖြစ်သည်။ ထိုသို့တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှု အပြည့်အဝရရှိလာချိန်တွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုသာ အဓိကထား၍ တစိုက်မတ်မတ် လုပ်ဆောင်နိုင်တော့မည်ဖြစ်သည်။ ငြိမ်းချမ်းရေးကိုလိုလားသော မြန်မာနိုင်ငံသား တစ်ဦးအနေဖြင့်လည်း ငြိမ်းချမ်းရေးစာချုပ် အပြီးသတ်လက်မှတ်ရေးထိုးနိုင်မည်ဟု ခိုင်မာစွာယုံကြည်မျှော်လင့်ထားပါသည်။

ထို့နောက် ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲများ ပြုလုပ်နိုင်ပြီး တိုင်းရင်းသားခေါင်းဆောင်များသည် ၎င်းတို့ တန်ဖိုးထားမှုများကိုဆွေးနွေးတင်ပြတောင်းဆိုနိုင်မည်ဖြစ်သည်။ ထို့အပြင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်မည့် လွတ်လပ်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲကြီးတွင်လည်း တိုင်းရင်းသား ညီအစ်ကိုများအားလုံး ပါဝင်ယှဉ်ပြိုင်အရွေးချယ်ခံနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လွှတ်တော်အသီးသီးတွင် တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသည့် အမတ်များဖြင့် တိုင်းပြည်တိုးတက်ရေး အကြောင်းခြင်းရာများကို ဆွေးနွေးညှိနှိုင်းတိုင်ပင်လျက် တိုင်းပြည်နှင့်လူမျိုးကိုအကျိုးပြုမည့် ဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်တော့မည်ဖြစ်သည်။ သားရွှေအိုးထမ်းလာသော ဖြစ်စဉ်ပင်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်ကုန်ဆုံး၍ ၁၃၇၇ ခုနှစ်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် နှစ်သစ်အတွက် ချမှတ်ထားသော သန္နိဋ္ဌာန်များနှင့် စိတ်ကူးအိပ်မက်များကို ရုပ်လုံးပေါ်လာစေရန်အတွက် စိတ်သစ်၊ ခွန်အားသစ်များနှင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်ဟောင်းတွင် လုပ်ငန်းတာဝန်အသီးသီးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ၌ အောင်မြင်မှုရရှိခဲ့သည့် လုပ်ငန်းများရှိသလို မပြီးပြတ်သေးသော လုပ်ငန်းတာဝန်များကျန်ရှိနေဦးမည်ဖြစ်သည်။ ထိုသို့ လုပ်ငန်းအသီးသီး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ရှိရသော အားသာချက်နှင့်အားနည်းချက်များမှ သင်ခန်းစာများ ဖော်ထုတ်ပြီးနောက် နှစ်သစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များကို တတ်နိုင်သမျှ အမှားအယွင်းနည်းနည်းဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် စိတ်သစ်၊ ခွန်အားသစ်များဖြ င့် ကြိုးစားသွားရန်လိုအပ်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားညီအစ်ကိုများအကြား ဆွေးနွေးတိုင်ပင်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း ကျရာအခန်းကဏ္ဍမှတတ်နိုင်သမျှ တာဝန်ကျေပွန်အောင် ထမ်းဆောင်လျက် တိုင်းပြည်နှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအဖြစ် ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။ ။

**ကျွန်ုပ်တို့အားလုံးသည် နှစ်သစ်အတွက် ချမှတ်ထားသော သန္နိဋ္ဌာန်များနှင့် စိတ်ကူးအိပ်မက်များကို ရုပ်လုံးပေါ်လာစေရန်အတွက် စိတ်သစ်၊ ခွန်အားသစ်များနှင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်...**

## ထန်းလျက်ဈေးကောင်းသော်လည်း ထန်းလျက်တောင်သူများ ရှားပါးလာ

**မလှိုင် ဧပြီ ၂၁**

မလှိုင်မြို့နယ်သည် မြို့ပေါ်(၄) ရပ်ကွက် ကျေးရွာအုပ်စု(၅)အုပ်စု ကျေးရွာပေါင်း ၂၄၇ ရွာ လူဦးရေနှစ်သိန်းကျော်ခန့် နေထိုင်ကြပြီး ဒေသခံ ကျေးလက်ပြည်သူများသည် တောင် ယာ သီးနှံများကို စိုက်ပျိုးကြသကဲ့သို့ တစ်ပိုင်တစ်နိုင် မွေးမြူရေးများကိုပါ တွဲဖက်လုပ်ကိုင်ပြီး မလှိုင်မြို့နယ် သည် အထက်အညာဒေသဖြစ်ပြီး ထန်းပင်(ခေါ်) ပဒေသာပင်များ ပေါများစွာ စိုက်ပျိုးကြပြီး ထန်းပင်မှ ထွက်ရှိသော ထန်းရည်ချိုမှတစ်ဆင့် ထန်းလျက်ပြုလုပ်ကာ တင်ပို့ရောင်းချခဲ့သော်လည်း ယခုအခါ ထန်းလျက်ဈေးကောင်းသော်လည်း ထန်းတက်သူများ ရှားပါးလာသည်ဟု သိရသည်။

"ထန်းလျက်ပေါ်ချိန်ဟာ ပြာသိုလမှာ ပေါ်တာပါ။ ထန်းပင်တစ်ပင်ဟာ တစ်နှစ်ကို သုံးသီး သီးပါတယ်။ တစ်သီးကို ထန်းပင်အလိုက် ထန်းလျက် အချိန် ပိဿာ ၃၀ ခန့် ရရှိပါတယ်။ ထန်းတက်သမားတစ်ဦးကို ထန်းတက်ခ တစ်ပင်ကို ထန်းလျက်သုံးပိဿာ ပေးရပါတယ်။ ယခင်နှစ်က ထန်းလျက်ဈေး တစ်ပိဿာ ၅၀၀ ရှိသော်လည်း ယခုနှစ် တစ်ပိဿာ ၁၀၀၀ ကျော်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ရွာမှာ ထန်းပင်တက်သူ ရှားပါးနေလို့ အခက်အခဲများ ဖြစ်ပေါ်ရပါတယ်"ဟု မလှိုင်မြို့နယ် မုံပင်ကျေးရွာမှ ထန်းတောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ကျော်ကျော်(မလှိုင်)**

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

## "မဟာဂီတ"

**၁။ ဝါသနာရှင်(ပထမတန်း) အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) ဟေဝန်စုံမြိုင် (ပတ်ပျိုး)
(ခ) သီတင်းကျွတ်လဘွဲ့ (ပဒေသာ)
(ဂ) မင်းခမ်းတော်စုံ (သီချင်းခံ)
(ဃ) လွမ်းဓလေ့ (ပတ်ပျိုး)
(င) ဘုန်းမျှော့မျှော့မင်း (ပတ်ပျိုး)
(စ) ခွာပြာသင်း (ပတ်ပျိုး)
(ဆ) စိန်ခြယ်ခြူးသန်း (ပတ်ပျိုး)
(ဇ) စိန်မြရံခြယ် (မွန်)
(ဈ) ဘုန်းပဒေသာ (လူးတား) (အမျိုးသား)
(ည) ပလိပ်စား (ချောင်း)(အမျိုးသမီး)

**၂။ ဝါသနာရှင်(ဒုတိယတန်း) အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) ဒီပါမြေ (ပတ်ပျိုး)
(ခ) တောမြိုင်ခြေလမ်း (ယိုးဒယား)
(ဂ) အိုကမ်းလေရေယမုန် (ပတ်ပျိုး)
(ဃ) စိန်ကြယ်ညီးလင်း (မွန်)
(င) ပန်းမြိုင်လယ် (ယိုးဒယား)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) သောင်းလုံးမြေချာ (မွန်)
(ခ) ခါနွေဆန်း (ယိုးဒယား)
(ဂ) မြန်ချာမြေကို (ပတ်ပျိုး)
(ဃ) မန်းတောင်လက်ယာ (ယိုးဒယား)

**၄။ အခြေခံပညာ(၁၅-၂၀) အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) ရွှန်းရွှန်းမြ (သီချင်းခံ)
(ခ) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ဂ) ခိုင်ပန်းစုံမှုန်မာလာ (ယိုးဒယား)
(ဃ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

**၅။ အခြေခံပညာ(၁၀-၁၅) အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) သည်ဆောင်းဟေမာန် (ဘွဲ့)
(ခ) နံ့သာနီတောင် (ပတ်ပျိုး)
(ဂ) မှော်ရုံဟေဝန် (ယိုးဒယား)
(ဃ) မြိုင်တန်းမှောင်ဝေ (ကရင်သြ)

## "ခေတ်ဟောင်းတေး/ကာလပေါ်တေး"

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား)**
(က) မုန်းရစ်လေဦး (ကိုမင်းနောင်)
(ခ) တောသားကြီး (ခင်မောင်ရင်)
(ဂ) စိမ့်ကြီးမြိုင်ကြီး (ကိုအံ့ကြီး)
(ဃ) ရပ်ကြီးသူ (ဦးသိန်းကြွယ်)
(င) တောင်သမန် (နန်းတော်ရှေ့ဆရာတင်)
(စ) ဘုံဓမ္မတာ (ဥသြဘသောင်)
(ဆ) ကျောင်းတော်ရာ (ပြည်ဘရှင်)
(ဇ) ပန်းစုံတဲ့တော (ခင်မောင်ရင်)
(ဈ) နတ်ဒေဝီ (ခင်မောင်ရင်)
(ည) မင်္ဂလာတော် (ဥသြဘသောင်)

**၂။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသမီး)**
(က) ချစ်မိုးကြီး (ဌေးဌေးမြင့်)
(ခ) မဟာတြိရတနာ (ရီရီသန့်)
(ဂ) နီးအောင်ပင်လှမ်း (ဒေါ်ကြည်အောင်)
(ဃ) ဂီတအခြေခံ (အဖွဲ့)
(င) ပိတောက်လမ်း (မာမာအေး)
(စ) နွေဦးတေးသံ (မေလှမြိုင်)
(ဆ) ဝေဿန္တရာ (ရီရီသန့်)
(ဇ) ပျံသန်းရမည့်နေ့ (စိန်စိန်မြိုင်)
(ဈ) မြိုင် (ရီရီသန့်)
(ည) ဆယ့်နှစ်လရာသီ (မေမေဝင်း)

**၃။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)**
(က) ငါ့အိမ် (ကိုမင်းနောင်)
(ခ) စိမ်းလဲ့ညို (မောင်မောင်ကြီး)
(ဂ) စိမ်း (ကိုမြင့်ဆွေ)
(ဃ) လွမ်းအိပ်မက်ကသံသရာရှည် (မောင်မောင်ကြီး)
(င) ရွှေတိဂုံသမိုင်း (ဒေါ်ကြည်အောင်)
(စ) ချစ်ရတုထံတျာ (ကိုလေးမြင့်)

**၄။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသမီး)**
(က) စခန်းအောင်မြေ (တင်တင်မြ)
(ခ) ကျေးစေတမန် (မေရှင်)
(ဂ) ကထိန်သင်္ကန်း (စိန်ပါတီ)
(ဃ) အာရောဂျံ (ဒေါ်ကြည်အောင်)
(င) စိမ်းရောင်စို (လေဘာတီမြရင်)
(စ) သားမောင်မောင် (တင်တင်မြ)

**၅။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)**
(က) အမှတ်မထင် (မောင်ထွန်းမင်း)
(ခ) မိုးကြိုးတေးအလှ နယုန်လ (ဓနုဖြူစိုးသိန်း)
(ဂ) မဲဇာရွှေလီ (လေဘာတီမြရင်)
(ဃ) ဖန်တီးသူတို့အပြုံးများ (ဂီတလုလင်ဦးကိုကို)

**၆။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)**
(က) ဖူးရွှေလက်တင် (အေဝမ်းတင်တင်လှ)
(ခ) မင်္ဂလာသတင်း (ညွန့်ညွန့်စိန်)
(ဂ) ဘုတ်တလုတ်ကန် (ထား)
(ဃ) ရွှေမိုးရယ်မှောင် (တင်တင်မြ)

**၇။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား)**
(က) သစ်ခြောက်ပင်အောက် ပန်းကောက်သူ (မောင်မောင်ကြီး)
(ခ) ဇာတိမာန် (ဥသြဘသောင်)
(ဂ) ဖူးပွင့်ဝေစည်ဆယ့်နှစ်ရာသီ (ကိုသန်းလှိုင်)
(ဃ) ဆုတောင်းပါလေ အိမ်သူဆွေ (ကိုမင်းနောင်)

**၈။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသမီး)**
(က) လမြတ်တန်ဆောင် (ထား)
(ခ) တစ်ကျော့နှစ်ကျော့တေးကိုသီ (တင်တင်မြ)
(ဂ) သုဝဏ္ဏသာမ (စိန်ပါတီ)
(ဃ) သူရကန်အရောင်မှိတ်သော်လည်း (မေလှမြိုင်)

**၉။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား)**
(က) ဗုဒ္ဓဂုဏ်ရည်ခြောက်ရောင်ခြည် (ကိုမင်းနောင်)
(ခ) အမေ့အကြောင်းသတင်းကောင်း (တွံတေးသိန်းတန်)
(ဂ) အမေ့ပါးကသနပ်ခါး (တွံတေးသိန်းတန်)
(ဃ) ဖြူနီညိုပြာ (ကိုတင်အောင်သန်း)

**၁၀။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသမီး)**
(က) အဝေယျာဟောန္တု (သန်းသန်းဆင့်)
(ခ) မိဘကျေးဇူးဆပ်ဖူးပြီလားရှင် (စိန်မြင့်လတ်)
(ဂ) ဗုဒ္ဓသာသနံစိရံတိဋ္ဌတု (ချိုပြုံး)
(ဃ) မြန်မာ့မူမှန် (အဖွဲ့)

(ဆက်လက်ဖော်ပြပါမည်)

ကျော် PPTT ဆရာနှင့် PSC ရာထူးများအားလုံး
အန်းကာပ်သင်တန်းများစပြီ။ အောင်တဲ့အထူးထုတ် ၇၀၀၀/-
သချာအောင်သင်း
၈-၉-၁၀တန်းနှင့် တက္ကသိုလ်ဝင်ခွင့်
Ph:09421042332,09420005131

ဝါရင့်ဆရာကြီး SH မြင့်သူထက် YU
စွမ်းအင်၊ စည်ပင်၊ လူမှုဝန်ထမ်း
ဆရာဝန် လယ်/ဆည် ပို့ဆောင်ရေး
မူလတန်းပြ (PPTT)
အနီးကပ် (၂၅.၄.၂၀၁၅) စမည်
ENGLISH 4 Skills

### အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်ပြောင်းရွှေ့ခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်း(၅)ခုကိုဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါကို နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာထည့်သွင်းခေါ်ယူခဲ့ပါသည်-

(က) အမျိုးသားပြတိုက်(နေပြည်တော်)တည်ဆောက်ခြင်း
(ခ) ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်းတွင်ဓာတ်ခွဲခန်းတည်ဆောက်ခြင်း
(ဂ) မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မန္တလေးနန်းတော်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း
(ဃ) မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပခန်းငယ်ကျောင်းပုံစံတူပြုလုပ်ခြင်း
(င) မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့တွင် ပရိုင်းမိတ်ပြတိုက်တည်ဆောက်ခြင်း

၂။ ဖော်ပြပါလုပ်ငန်း(၅)ခုအနက်မှ အမှတ်စဉ်(က)ပါ အမျိုးသားပြတိုက်(နေပြည်တော်)တည်ဆောက်ခြင်းလုပ်ငန်းအတွက် တင်ဒါဖွင့်လှစ်မည့်ရက်အား မူလသတ်မှတ်ထားသည့် ၂၈-၄-၂၀၁၅ရက်အစား ၁၂-၅-၂၀၁၅ရက်သို့ ပြောင်းရွှေ့သတ်မှတ်ထားပါကြောင်းနှင့် ကျန်လုပ်ငန်းများကိုမူ မူလသတ်မှတ်ရက်အတိုင်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

## မကွေးမြို့နယ် ကြောင်ပျောက်ကျေးရွာတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းအောင် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

**မကွေး မေ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကြောင်ပျောက်ကျေးရွာ၌ နွေရာသီကျောင်းပိတ်ရက်တွင် ဦးစီးပဓာန ဆရာတော်ဦးစက္ကိန္ဒနှင့် ဦးပညာဒီပတို့ ဦးစီးဆောင်ရွက်၍ ဆရာ ဆရာမ ၁၀ ဦးတို့ဖြင့် ကျေးရွာပေါင်းကိုးရွာမှ ကျောင်းသား ကျောင်းသူ ၈၀၀ ခန့်ကို ပညာရောင်ခြည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း (တတိယ)အကြိမ်မြောက် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုအခြေပြု ထူးချွန်သည့် ကျောင်းသား ကျောင်းသူ ၈၀ ကျော်တို့အား မေ ၂၀ ရက် နံနက် ၉ နာရီတွင် ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ကြောင်ပျောက်၊ သရက်လေးပင်၊ ကြာပြည့်အင်း၊ ရှားပင်လှ၊ ယင်းဆိပ်၊ တယ်ပင်ကန်၊ အင်းနက်ကျေးရွာများမှ ဗုဒ္ဓအခြေပြုစာမေးပွဲအောင် ကျောင်းသား ကျောင်းသူ ၇၂ ဦးတို့အား တစ်ဦးချင်းထူးချွန်မှုအလိုက် ဆုများ ချီးမြှင့်ပေးခဲ့သည်။

"ဦးဇင်းတို့ ကြောင်ပျောက်ကျေးရွာမှာ ပညာရောင်ခြည် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ၁၃၇၄ - ၇၅ ခုနှစ် နွေရာသီကျောင်းပိတ်ရက်ကစပြီး သင်တန်းဖွင့်လှစ်



သင်ကြားပေးခဲ့တယ်။ ယခု ၁၃၇၇ ခုနှစ်နဲ့ဆို တတိယအကြိမ်မြောက် ဖြစ်တယ်။ ကျေးရွာပေါင်း ကိုးရွာက ကျောင်းသား ကျောင်းသူ ၈၀၀ ခန့် လာရောက်တက်ကြတယ်။ ကျောင်းပိတ်ရက်ကနေ နှစ်စဉ် ၄၅ ရက် သင်ကြားပေးတယ်။ ကျေးရွာမှာ တာဝန်ကျတဲ့ ဆရာ ဆရာမ ၁၀ ဦးတို့နဲ့အတူ ပူးပေါင်းသင်ကြားပေးတယ်။ အခြေခံအဆင့်၊ ပထမအဆင့်၊ ဒုတိယအဆင့်ဆိုပြီး အဆင့်သုံးဆင့်နဲ့ သင်ကြားပေးတယ်။ အခြေခံအဆင့် အနေနဲ့ တတိယတန်းမှ ပဉ္စမတန်းအထိ၊ ပထမအဆင့်ကတော့ ဆဋ္ဌမတန်းမှ နဝမတန်းအထိ၊ ဒုတိယအဆင့်ကတော့ မနှစ်ကအောင်တဲ့ ကလေးတွေဖြစ်တယ်။ ရည်ရွယ်ချက်ကတော့ ကျေးရွာတွေက ကလေးတွေ ဗုဒ္ဓစာပေနဲ့ကင်းဝေးနေတော့ မိရိုးဖလာ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ ဗုဒ္ဓစာပေကို ကလေးတွေ လေးလေးနက်နက် တတ်သိစေချင်တယ်။

ကျေးရွာတွေမှာ ကလေးတွေ ဗုဒ္ဓစာပေသင်ကြားမှု နည်းကြတယ်။ ဦးဇင်းတို့က ယခုလိုသင်ကြားပေးခဲ့လို့ ကလေးရင်ထဲမှာ ဗုဒ္ဓစာပေနဲ့ ယဉ်ကျေးလိမ္မာစေချင်တယ်။ ကလေးတွေ၊ မိဘတွေဘာမှ ကုန်ကျမှုမရှိအောင် ဦးဇင်းတို့တပည့်ဒါယကာတွေနဲ့စုပေါင်းလှူဒါန်းကြတယ်။ အခုနှစ်မှာ သိန်း ၂၀ လောက် ကုန်ကျတယ်။ မှော်ဘီဂျပန်ဘုရားကျောင်း(ခ) အောင်ဇမ္ဗူဓမ္မရိပ်သာဆရာတော်က ၁၀ သိန်း မတည်လှူဒါန်းပေးတယ်။ ဦးဇင်းတို့အဖွဲ့က ကျေးရွာတွေအရောက် ယဉ်ကျေးလိမ္မာသင်တန်းတက်တဲ့ ကလေးရှစ်ရာအတွက် စာအုပ်၊ ဘောပင် သွားရောက်လှူဒါန်းပေးခဲ့တယ်" ဟု ဦးပညာဒီပက မိန့်ကြားသည်။

မကွေးမြို့နယ် ကြောင်ပျောက်ရွာ၌ တတိယအကြိမ် ပညာရောင်ခြည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းအောင်ပွဲ အခမ်းအနားတွင် မကွေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အတွင်းရေးမှူးကိုယ်စား ဦးလွန်းကြည်နှင့်အဖွဲ့က ပညာရောင်ခြည်ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအသင်းသို့ငွေကျပ်၅၀၀၀၀ လှူဒါန်းခဲ့သည်။ ယင်းအခမ်းအနားတွင် ကျေးရွာ ခုနစ်ရွာမှ ယဉ်ကျေးမှုပြု ဆရာတော်များနှင့် အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဒေသခံများစုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဖွဲ့ထက်ရှင်)**

# ဒသမအကြိမ်မြောက် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

**နေပြည်တော် မေ ၂၁**

သာသနာရေးဝန်ကြီးဌာန မိသားစုများ၏ ဒသမအကြိမ်မြောက် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ် ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို နေပြည်တော် ရုံးအမှတ် (၃၁) သာသနာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် တန်ခူးလကွယ်နေ့ မြန်မာနှစ်ဆန်း ၁ ရက် (မေ ၁၇ ရက်) မွန်းလွဲ ၁ နာရီက ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဦးဆောင်သော ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော်များရွတ်ဖတ်တော်မူသော ပရိတ်တရားတော်များ နာယူပြီး ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

ဒုတိယပိုင်းအစီအစဉ်အဖြစ် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်များမှ အဘိုး အဘွား ၄၃ ဦးတို့အား ဦးခေါင်းသန့်စင်ခြင်း၊ ခြေလက်သန့်စင်ခြင်း၊ ခြေသည်းလက်သည်း ညှပ်ခြင်းများပြုလုပ်ခဲ့ပြီး အဘိုး အဘွားတစ်ဦးလျှင် အလှူငွေကျပ် ၅၀၀၀၀ စီ လှူဒါန်းခဲ့သည်။**(အောက်ပုံ)** အဘိုးအဘွားများကိုယ်စား ဇမ္ဗူသီရိမြို့နယ်မှ အဘိုး ဦးစိန်ကြိုင်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**





# လက်ရာမြောက်ထုဆစ်ပုံဖော်ထားသော ရှေးဟောင်းသစ်ကပ်ပန်းပုလက်ရာ ဘုရားပုံတော်များ

**ရမည်းသင်း မေ ၂၁**

လက်ရာမြောက်စွာ ပြုလုပ်ပူဇော်ထားသော သစ်ကပ်ပန်းပုလက်ရာဘုရားပုံတော် ၂၈ ဆူကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာ ကန်ထက်ကျောင်းအရှေ့ဘက် မိုးကောင်းဘုရားဝင်း အတွင်းရှိ သိမ်အတွင်း၌ဖူးတွေ့ရသည်။

ယင်းသစ်ကပ်ပန်းပုလက်ရာ ဘုရားပုံတော်များမှာ သိမ်အတွင်းအဝင်တိုင်များတွင် အရှည် ၁၂ ပေ×အမြင့် နှစ်ပေခန့်× ဒု နှစ်လက်မရှိသော သစ်သားပြားပေါ်တွင် ကပ်၍ပူဇော်ထားသည်ကိုတွေ့ရပြီး ဝဲ၊ ယာနှစ်ဖက်တွင် နှစ်ခုပြုလုပ်ထားကာ သစ်သားပြားတစ်ခုပေါ်တွင် ၁၄ ဆူစီပါရှိသောကြောင့် သစ်သားပြားနှစ်ခုပေါ်တွင် စုစုပေါင်း ၂၈ ဆူရှိသည်ကိုဖူးတွေ့ရသည်။ ဘုရားပုံတော်များမှာ လက်ရာမြောက်စွာဖြင့် သီးခြားသစ်သားကို ထွင်းထုကာကပ်ထားခြင်းဖြစ်သည်။ ဘုရားပုံတော်တိုင်းတွင် ပလ္လင်၊ တံကဲ၊ မျက်နှာတော်တို့ကို အပြောက်အမွမ်းခြူးနွယ်၊ ပန်းခက်တို့ဖြင့် လက်ရာမြောက်စွာထုဆစ်ပုံဖော်ထားပြီး ဘုရားပုံတော်များ၏ ညဏ်တော်အတိုင်းအတာမှာ ပလ္လင်အပါအဝင် ၁၀ လက်မရှိသည်။

ယခုဖော်ပြပါ သစ်ကပ်ပန်းပုလက်ရာဘုရားပုံတော်များကို လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ထုလုပ်ပူဇော်ခဲ့သည်ဟုသိရပြီး ရှားပါးလှသော သစ်ကပ်ပန်းပုလက်ရာ ဘုရားပုံတော်များကို နောင်လာနောက်သားများ လေ့လာနိုင်ရန်အလို့ငှာ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ဘွဲ့ကြို၊ ဘွဲ့လွန် အသက်မွေးဝမ်းကျောင်းပညာရပ်အမျိုးမျိုး ပြည်တွင်း၌ လေ့လာဆည်းပူးနိုင်

**နေပြည်တော် မေ ၂၁**

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်၊ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးများ ပူးပေါင်း၍ STI Myanmar University (STIMU) သည် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်မားသည့် ဘွဲ့ကြို၊ ဘွဲ့လွန် အသက်မွေးဝမ်းကျောင်း ပညာရပ်အမျိုးမျိုးကို ပြည်တွင်း၌ လေ့လာဆည်းပူးနိုင်ရန် သင်ကြားပို့ချပေးလျက် ရှိပြီး ကျောင်းသားများ အလုပ်အကိုင်ရရှိမှုနှုန်း အမြင့်မားဆုံး ကျောင်းတစ်ကျောင်းဖြစ်သည်။

အဆိုပါတက္ကသိုလ်တွင် Faculty of Business၊ Faculty of Engineering၊ Faculty of Beauty and Arts နှင့် Faculty of Education and Linguistics ဟူ၍ သင်ကြားပို့ချသည့် ဌာန လေးခုရှိရာ ပြည်တွင်း ပြည်ပမှ ဘွဲ့လွန်၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ များ ရရှိထားပြီး အတွေ့အကြုံရင့်ကျက်သည့် ဆရာ ဆရာမများဖြင့် သင်ကြားရေးဌာနများကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းတွင် STIMU စီမံခန့်ခွဲမှုအဖွဲ့နှင့် အင်္ဂလန်နိုင်ငံ ဗြိတိသျှအစိုးရတက္ကသိုလ်ဖြစ်သည့် University of Bedfordshire စီမံခန့်ခွဲမှုအဖွဲ့တို့ အပြန်အလှန် လေ့လာဖလှယ်ကြ၍ သဘောတူညီမှုများ ရရှိခဲ့ပြီး University of Bedfordshire မှ Professor Helen Bailey (Executive Dean of Academic Partnerships) နှင့် Mr. Alan Murphy (Director of Transnational Education) တို့သည် တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် လာရောက်တွေ့ဆုံခဲ့ပြီး တက္ကသိုလ်နှစ်ခုတို့ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများတွင် ပညာရပ်များ ပူးပေါင်းသင်ကြားနိုင်ရေး သဘောတူညီမှုရရှိခဲ့သည်။

STIMU ၏ Advance Diploma ကျောင်းသားများသည် University of Bedfordshire ၏ နောက်ဆုံးနှစ်ဂုဏ်ထူးတန်းများတွင် တက်ရောက်သင်ကြားနိုင်ကြမည်ဖြစ်သည့်အပြင် အထက်ပါ အခွင့်အလမ်းကို School of Business, School of Engineering, School of Education နှင့် School of Health Sciences တို့ အားလုံးအကျုံးဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ပူးတွဲသုတေသနပြုရေး၊ ကျောင်းသား ကျောင်းသူများ အပြန်အလှန်ဖလှယ်ရေး၊ သင်ကြားရေး ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေးနှင့် အပြန်အလှန် ဖလှယ်ရေးတို့လည်း ဆောင်ရွက်ကြရန် သဘောတူညီမှု ရရှိထားကြောင်း သိရသည်။

နိုင်ငံတော်အတွက် အထူးလိုအပ်လျက်ရှိသည့် အရည်အသွေးမြင့်လူ့စွမ်းအား အရင်းအမြစ်များအား ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၏ အရည်အသွေးဖြင့် စရိတ်သက်သာစွာ သင်ကြားပေးလျက်ရှိပြီး ကျောင်းသားကျောင်းသူများ အသိပညာဗဟုသုတနှင့် လုပ်ငန်းအတွေ့အကြုံများ ပိုမိုသိရှိနားလည်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဆင်း ကျောင်းသားကျောင်းသူများအား ဘက်စုံထူးချွန်သူများဖြစ်စေရန် မိမိကိုယ်ကိုယုံကြည်မှု၊အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်တတ်မှု၊ လူ့အသိုင်းအဝိုင်းအား အကျိုးပြုနိုင်မှု၊ နယ်ပယ်အသီးသီးတွင် ဘဝတစ်သက်စာ အလုပ်အကိုင်ရရှိမှုနှင့် တိုးတက်မှုအချက်များကို အခြေခံ၍ ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်းလည်း သိရှိရသည်။

တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများ တက်ရောက်လိုပါက ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်း (၅၃)လမ်းနှင့် (၅၄) လမ်းကြားရှိ အမျိုးသား စီမံခန့်ခွဲမှုပညာကောလိပ်နှင့် လှိုင်တက္ကသိုလ်နယ်မြေ MICT Park အဆောက်အအုံ အမှတ်(၁၀)ရှိ STI Myanmar University သို့ ဆက်သွယ်၍ စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးသို့ ပြည်ပခရီးသွားများ လာရောက်လေ့လာ

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိမဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးသို့ ခရီးသွားနိုင်ငံခြားသားများ နေ့စဉ်မပျက်လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က တောင်ကိုရီးယားနိုင်ငံကပါ။ မြန်မာနိုင်ငံကိုစရောက်တဲ့နေ့ကရန်ကုန်မြို့မှာ တည်ထားကိုးကွယ်ထားတဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလည်း သွားရောက်ဖူးမြော်လေ့လာခဲ့ပါတယ်။ ဒုတိယအနေနဲ့ မန္တလေးမြို့မှာ တည်ထားကိုးကွယ်ထားတဲ့ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးကို ဖူးမြော်လေ့လာပြီး ဒေသမှာရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှုလက်ရာတွေကိုပါ လေ့လာသွားမှာပါ"ဟု ယင်းအဖွဲ့မှဘာသာပြန်ထံမှ သိရသည်။

"နိုင်ငံခြားသားခရီးသွားဧည့်သည်တွေက ဘုရားစောင်းတန်းပေါ်မှာ ခင်းကျင်းရောင်းချနေတဲ့ပစ္စည်းတွေထဲက နိဗ္ဗာန်ကုန်ပစ္စည်းတွေနဲ့ ရှေးဟောင်းယဉ်ကျေးမှုလက်ရာဖြစ်တဲ့ ယွန်းထည်ပစ္စည်းတွေကို စိတ်ဝင်စားစွာဝယ်ယူတတ်ပါတယ်"ဟု ဘုရားစောင်းတန်းပေါ်တွင် ယွန်းထည်ပစ္စည်းရောင်းချသော ဆိုင်ရှင်က ပြောပြသည်။

**ကျော်ကျော်(မလှိုင်)**

# ကဆုန်ညောင်ရေသွန်းပွဲ သန်လျင်၌ ကျင်းပမည်

**ရန်ကုန် မေ ၂၁**

သန်လျင်မြို့နယ်လုံးဆိုင်ရာ (၆၈)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲ(ဗုဒ္ဓနေ့)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ ၂ ရက် ကဆုန်လပြည့်နေ့တွင် သန်လျင်မြို့သာသနာ့ဗိမာန်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

ကဆုန်လပြည့်နေ့တွင် သာသနာ့ဗိမာန်တော်အတွင်းရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပြီး ဗုဒ္ဓနေ့အခမ်းအနား ကျင်းပမည်ဖြစ်သည်။ ညနေ ၄ နာရီတွင် သန်လျင်မြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော် ၂၉၂ ပါးနှင့် သီလရှင် အပါး ၄၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူသွားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များအနေဖြင့် ပွဲတော်ကျင်းပရေးကော်မတီရုံး သာသနာ့ဗိမာန် ဖုန်း ၀၅၆-၂၂၀၁၄၊ ၂၂၀၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# အသက်(၈၀)နှင့်အထက် ဘိုးဘွားများအား ကန်တော့

**မူဆယ် မေ ၂၁**

မူဆယ်မြို့ရှိ အသက် ၈၀ နှင့်အထက် ဘိုးဘွားများ ပူဇော်ကန်တော့ပွဲကို မေ ၁၇ ရက် နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပရာ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ လူမှုအဖွဲ့အစည်းများ၊ အလှူရှင်နှင့် စေတနာရှင်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ကန်တော့ခံ အဘိုး ၄၈ ဦးနှင့် အဘွား ၁၁၃ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပြီး ညနေပိုင်းတွင် မဟာသကြာန်ဗဟိုမဏ္ဍပ်၌ သံဃာတော်အရှင်သူမြတ်တို့ကို ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ကြကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

အခွန်ဆောင်လို့
ဘဏ္ဍာတိုး
တိုင်းပြည်စီးပွား
ဖွံ့လို့ဖြိုး

# ပြည်ထောင်စုရှေ့နေချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်း၏ (၅၄)ကြိမ်မြောက် အစည်းအဝေးတက်ရောက်

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် မေ ၁၃ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ပြုလုပ်သော အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်း၏ (၅၄)ကြိမ်မြောက် အစည်းအဝေးတွင် မိန့်ခွန်းပြောကြားခဲ့ပြီး အလွတ်သဘော လျှပ်တစ်ပြက် ဥပဒေဆွေးနွေးမှုများ၌ ပါဝင်ဆွေးနွေးခဲ့သည်။

ထို့နောက် မေ ၁၄ ရက်တွင် ဘန်ဒေါင်းညီလာခံနှင့် ပတ်သက်၍ မိန့်ခွန်းပြောကြားရာတွင် ဤအဖွဲ့အစည်းကို အာရှတိုက်မှ မြန်မာအပါအဝင် ဥပဒေပညာရှင်ကြီးများက တည်ထောင်ခဲ့ပြီး ယခုဆိုလျှင် နှစ်ပေါင်း (၆၀)နီးပါးရှိပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပြီးနောက်ပိုင်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး စသည့် ခက်မသုံးဖြာပေါ်ပေါက်လာပြီး ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းလျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဥပဒေဘာသာရပ်တွင် ပါဝင်သည့် စံချိန်စံနှုန်းများအတိုင်း ဥပဒေအပိုင်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ ကမ္ဘာတွင် ကျင့်သုံးလျက်ရှိသည့် UNCITRAL Arbitration Rules နှင့် New York Convention 1958 [Convention on the Enforcement of Foreign Arbitral Award]တို့ကိုလည်း အတည်ပြုလက်ခံကျင့်သုံးလျက်ရှိပါကြောင်း၊ ထို့အပြင် ဥပဒေပိုင်းတွင် နိုင်ငံတော်မှ ဘက်စုံဆောင်ရွက်ခဲ့ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကွန်ဗင်းရှင်းများနှင့် ယင်း၏ ပြည်တွင်းဥပဒေ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း ဥပဒေအကူအညီပေးရေးဥပဒေ၊ အကြမ်းဖက်တိုက်ဖျက်ရေးတွင် ကွန်ဗင်းရှင်းနှင့်အညီ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေတို့ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထို့ကြောင့် ဥပဒေအပိုင်းတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် နိုင်ငံတကာဥပဒေပညာရှင်များကဲ့သို့ ဥပဒေပညာဖလှယ်သည့် စာတမ်းများကို မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက ဖတ်ကြားတင်သွင်းခဲ့ပါကြောင်း၊ အဆိုပါစာတမ်းများမှာ အကြမ်းဖက်မှုနှင့် ဆက်စပ်လျက်ရှိသည့် အစွန်းရောက်အကြမ်းဖက်မှုများကို တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ လေ့လာတင်ပြခြင်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဥပဒေဘာသာရပ်ရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်များတွင် UNCITRAL ၏ အခန်းကဏ္ဍကို လေ့လာတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ပြောကြားပြီး အဆိုပါစာတမ်းနှစ်ခုကို မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များက ဖတ်ကြားတင်သွင်း၍ ပါဝင်ဆွေးနွေးကြသည်။

မေ ၁၆ ရက်တွင် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံ အဖွဲ့အစည်း၏ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်သို့ တင်သွင်းမည့် အစီရင်ခံစာအပေါ် ပြည်ထောင်စုရှေ့နေချုပ်မှ ဆွေးနွေးလျက်ရှိသည့် သဘာဝပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကိုကာကွယ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ စသည့် ဥပဒေအကြောင်းအရာများ၊ အပြည်ပြည်ဆိုင်ရာ အာကာသဥပဒေ၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဥပဒေ၊ အပြည်ပြည်ဆိုင်ရာ တရားရုံးများ၏ အခြေခံဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းအစဉ်အလာများကို ရှင်းလင်းဆွေးနွေးပြီး အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံ ညီလာခံတွင် အဆိုပါဘာသာရပ်များကို အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင်အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် တင်ပြချက်များအပေါ် ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုရှေ့နေချုပ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၉ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်းသည် ၁၉၅၅ ခုနှစ် ဘန်ဒေါင်းညီလာခံမှ စတင်ပေါ်ပေါက်လာသော ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံသည် ထိုစဉ်က ဤအဖွဲ့အစည်းကို တည်ထောင်ခဲ့သောနိုင်ငံအဖြစ် ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့အစည်း၏ အစည်းအဝေးသို့ နှစ်စဉ်ပါဝင်တက်ရောက်ခဲ့ပြီး အာရှတိုက်နှင့် အာဖရိကတိုက်မှ ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းလည်းဖြစ်ပြီး အစည်းအဝေးများကို နှစ်စဉ် အာရှတိုက်နှင့် အာဖရိကတိုက်ရှိနိုင်ငံများတွင် အပြန်အလှန် အလှည့်ကျ အထွေထွေညီလာခံများဖြင့် ကျင်းပခဲ့ပြီး အစည်းအဝေးမရှိသော ကာလများတွင် ဥပဒေဘာသာရပ်အလိုက် ကော်မတီအစည်းအဝေးများကို ကျင်းပခဲ့သည်။ အဆိုပါအဖွဲ့အစည်းတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၄၇ နိုင်ငံပါဝင်ပြီး အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် အတွင်းရေးမှူးချုပ်ရုံး တည်ရှိသည်။

**(သတင်းစဉ်)**

# ရမည်းသင်းမြို့နယ်အတွင်း ဆည်/ကန် ၁၅ ကန် ပြန်လည်တူးဖော်တည်ဆောက်

**ရမည်းသင်း မေ ၂၁**

တိုင်းဒေသကြီးအစိုးရ၏ အထူးရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းတွင် ကျေးလက်နေပြည်သူများ စိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဆည်/ကန်ငယ် ၁၅ ကန်ကို ပြန်လည်ပြုပြင်တူးဖော်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ပြန်လည်ပြုပြင်တူးဖော်တည်ဆောက်ခဲ့သော ဆည်/ကန်များမှာ ဝါးတီးကျေးရွာအုပ်စုတွင် ဝါးတီးကန်၊ ကျောင်းကန်၊ ဖိုကုန်းကန်၊ အလယ်ကုန်းကျေးရွာအုပ်စုအတွင်းတွင် ဆည်ကြီးကန်၊ ဖိုးလူကန်၊ ဇီးတော်ပင်ချောင်းခွအုပ်စုတွင် ဖက်ဝန်းကန်၊ ညောင်ပင်ကန်၊ အင်းကုန်းအုပ်စုတွင် ဉာဏ်ကန်၊ သင်ပန်းကုန်းကျေးရွာအုပ်စုတွင် သင်ပန်းကုန်းကန်၊ အင်ကြင်းကန်အုပ်စုတွင် အဘိုးကြီးကန်၊ ကန်ကြီးကန်၊ ခင်သာရေလွှဲဆည်၊ မြင်းနားအုပ်စု ပျဉ်ပြားရွာတွင် လက်ပံထိပ်ရေလွှဲဆည်၊ ခံဘူးကျေးရွာတွင် ခံဘူးရေလွှဲဆည်နှင့် ကျီစုကျေးရွာတွင် လှေခေါ်ရေလွှဲဆည် စသည်တို့ဖြစ်ပြီး ယင်းဆည်/ကန်များကို ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ရမည်းသင်းမြို့နယ်အတွင်းတွင် ဆည်/ကန် ၁၅ ကန်ကို ပြန်လည်တူးဖော်ပေးခြင်း၊ ကန်ပေါင်များ အဆင့်မြှင့်တင်မြေဖို့ခြင်း၊ ရေပေးမြောင်းများ ပြန်လည်တူးဖော်ခြင်း၊ ရေပေးမြောင်းများ ကျောက်စီခြင်း၊ ရေပိုလွှဲများ တည်ဆောက်ခြင်း၊ ရေထိန်းတံခါးများ တပ်ဆင်ပေးခြင်း စသည်တို့ကြောင့် ပြန်လည်တူးဖော်တည်ဆောက်ပေးခဲ့သော ဆည်/ကန်များအတွင်းတွင် ယခင်ကထက် ရေကို ပိုမိုသိုလှောင်နိုင်မည်ဖြစ်ကာ စိုက်ပျိုးရေအတွက် အကျိုးရှိစွာ အသုံးပြုနိုင်ပြီး ယင်းဒေသနေ ပြည်သူများ သုံးရေ၊ တိရစ္ဆာန်သောက်သုံးရေ ဖူလုံစွာ ရရှိမည်ဖြစ်သောကြောင့် ဒေသခံပြည်သူများအတွက် များစွာ အကျိုးရှိကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**





**မြိတ်ခရိုင် ကျွန်းစုမြို့နယ် ထူးထူးတိုး အပြည်ပြည်ဆိုင်ရာ ဥစားကြက်မွေးမြူရေးလုပ်ငန်း။**

» ကျောဖုံးမှ

ယင်းသို့ အောင်မြင်လျက်ရှိသော လုပ်ငန်းရှင်များထဲမှ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပေးနိုင်ရန်အတွက် နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကောင်းကောင်းမွေးမြူရေးကုမ္ပဏီလီမိတက်၏ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို မေ ၂၀ ရက် နံနက်က ကွင်းဆင်းစိစစ်အကဲဖြတ်စစ်ဆေးခဲ့ကြသည်။

အဆိုပါ ဆုရွေးချယ်ရေးကော်မတီတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့် တာဝန်ရှိသူများပါဝင်ပြီး ကောင်းကောင်းကုမ္ပဏီ၏ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းတွင် ကဏန်းပျော့မွေးမြူရေးကန် ၅၃ ကန်မှ ကဏန်းပျော့များ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုကုမ္ပဏီသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကဏန်းပျော့ ၄၉၃၄၉၄ ကီလို ထုတ်လုပ်နိုင်ခဲ့၍ နိုင်ငံတော်အတွက် ပြည်ပပို့ကုန် ၁၂၉၃၁၀ ကီလို (အမေရိကန်ဒေါ်လာ ၁၀၅၇၅၈၀) တင်ပို့နိုင်ခဲ့ပြီး အောင်မြင်နေသည့် လုပ်ငန်းရှင် ဦးအောင်လင်းအား တွေ့ဆုံ၍ မေးခွန်းများ မေးမြန်းခြင်း၊ မွေးမြူထုတ်လုပ်မှုနှင့် ကူးစက်ရောဂါကင်းရှင်းရေးဆောင်ရွက်မှု၊ မွေးမြူရေးနှင့်ပညာပြန့်ပွားရေးတွင် ပါဝင်ဆောင်ရွက်မှု၊ ကုန်ထုတ်လုပ်မှုအခြေအနေ၊ ထုတ်ကုန်များ၏ ရောင်းချနိုင်မှုနှင့် ဈေးကွက်ထိုးဖောက်နိုင်မှုအခြေအနေ၊ လူမှုစီးပွားစောင့်ရှောက်မှုနှင့် တာဝန်သိမှုတို့အား သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ သွားရောက်စိစစ်အကဲဖြတ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ဆုရွေးချယ်ရေးကော်မတီသည် ခေတ်မီနည်းပညာများဖြင့် ဥစားကြက်မွေးမြူရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ထူးထူးတိုး အပြည်ပြည်ဆိုင်ရာ ဥစားကြက်မွေးမြူရေးလုပ်ငန်းတွင် ကြက်ခြံလေးခြံ၌ ကြက်ကောင်ရေ ၇၂၄၀၀ မွေးမြူထုတ်လုပ်၍ ကြက်ဥလုံးရေ တစ်ရက်ပျှမ်းမျှ ၄၂၀၀၀ ထုတ်လုပ်လျက်ရှိပြီး အောင်မြင်နေသည့် လုပ်ငန်းရှင် ဦးကျော်ကျော်အား တွေ့ဆုံ၍ မေးခွန်းများ မေးမြန်းခြင်း၊ သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ သွားရောက်စိစစ်အကဲဖြတ်စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်**
**ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းများ ထုတ်ပြန်

**ရန်ကုန် မေ ၂၁**

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ သင်္ကြန်ရက်များတွင် မင်္ဂလာတောင်ညွန့်မြို့နယ်၊ လှိုင်မြို့နယ်နှင့် လသာမြို့နယ်များရှိ ရေကစားမဏ္ဍပ်များအနီးမှ ခါးပိုက်နှိုက် ခြောက်ဦးအားဖမ်းဆီးရမိပြီး အမှုလေးမှုဖြင့်လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်များရှိ ရေကစားမဏ္ဍပ်များအနီးမှ ခါးပိုက်နှိုက်မှု ကျူးလွန်ကြောင်း မသင်္ကာသူ ၅၇ ဦးအားဖမ်းဆီးရမိပြီး အမှု ၃၇ မှုဖြင့်လည်းကောင်း၊ လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ဓားကိုင်ဆောင်သူနှစ်ဦးအား အမှုနှစ်မှုဖြင့်လည်းကောင်း၊ သာကေတမြို့နယ်ရှိ ရေကစားမဏ္ဍပ်များ၌ မူးယစ်ရမ်းကားသူ ခြောက်ဦးအား ဖမ်းဆီးရမိပြီး အမှုခြောက်မှုဖြင့်လည်းကောင်း အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အပြင် မှုခင်းဖြစ်ပွားမှုအနေဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဗဟန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့တွင် ယာဉ်တိမ်းမှောက်မှု ခြောက်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူနှစ်ဦး၊ ဒဏ်ရာရသူ ၄၄ ဦး၊ မရမ်းကုန်းမြို့နယ်တွင် ယာဉ်တိုက်မှုတစ်မှုဖြစ်ပွားခဲ့ရာ ဒဏ်ရာရသူ နှစ်ဦးနှင့် သာကေတမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ ကမာရွတ်မြို့နယ်၊ ဗဟန်းမြို့နယ်၊ လသာမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဒလမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့တွင် ခိုက်ရန်ဖြစ်ပွားမှု တစ်မှုစီဖြင့်လည်းကောင်း၊ တိုက်ကြီးမြို့နယ်တွင် ကာယိန္ဒြေပျက်စီးမှု တစ်မှု၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့တွင် တာဝန်ဝတ္တရားနှောင့်ယှက်မှု တစ်မှုစီဖြင့်လည်းကောင်း၊ ဗဟန်းမြို့နယ်တွင်သေမှုသေခင်းတစ်မှုနှင့် အခြားအမှုတစ်မှုတို့ ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။ **(ဝ၄ဝ)**

## ❍ ကမ္ဘာ့နံပါတ်တစ်မှ

ယှဉ်ပြိုင်ကစားခဲ့သည့် အင်ဒီယန်းဝဲလ်တင်းနစ်ပြိုင်ပွဲနှင့် မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတို့တွင်လည်း အနိုင်ရဗိုလ်စွဲခဲ့သူဖြစ်သည်။

ဂျိုကိုဗစ်သည် ၂၀၁၅ ခုနှစ်အတွင်း ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၁၇ ပွဲအထိ အနိုင်ရရှိထားခဲ့ပြီး လာမည့် မေလအတွင်း စတင်ယှဉ်ပြိုင်ကျင်းပမည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း အနိုင်ရဗိုလ်စွဲသွားရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

# ဗုဒ္ဓနည်းပါ စီးပွားရှာ

လေးလေးသိန်း

စီးပွားရှာပြီး ကြီးပွားတိုးတက်လိုသော ရွှေမြန်မာများအတွက် ကျွန်ုပ်စာရေးဆရာလေးလေးသိန်းမှ "ဗုဒ္ဓနည်းပါ စီးပွားရှာ" ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ဖြန့်ဝေလိုက်ပါတယ်။

မြန်မာပြည်မှာ နေထိုင်ကြကုန်သော ရွှေမြန်မာတိုင်းရင်းသားများ တိုးတက်ကြီးပွားရန် မြန်မာနိုင်ငံအတွင်း ကြံ့ရာကျပန်းအလုပ်ကိုလုပ်ပြီး စီးပွားရှာလျှင် တိုးတက်ကြီးပွားမှာလည်း မဟုတ်ချေ။ ချမ်းသာမှာလည်း မဟုတ်ချေ၊ မြန်မာပြည်က လုပ်ခလစာသိပ်ပြီးနည်းတယ်။ အလုပ်လည်းရှားတယ်၊ ပြည်ပက လုပ်ခလစာသိပ်ကောင်းတယ်၊ အလုပ်လည်း ပေါများတယ်ဆိုပြီး ပြည်ပကို နည်းမျိုးစုံနဲ့ ထွက်ခွာသွားကြတယ်။ ပြည်ပရောက်တော့ ကြံ့ရာကျပန်းအလုပ်လုပ်ကြရတယ်။ သူတို့နိုင်ငံမှာ သူတို့ပြုသမျှခံရတယ်။ ပေးတာယူရတယ်။ ကျွေးတာစားရတယ်။ ပြန်ပြောပိုင်ခွင့်မရှိဘူး။ အခန့်မသင့်ရင် အသက်ကိုသော်လည်း ပေးစွန့်လိုက်ရတယ်။ အလုပ်သမားဘဝအဖြစ်နဲ့ပဲ ရောင့်ရဲနေရတယ်။ အလုပ်ရှင်ဘဝအဖြစ်သို့ မရောက်နိုင်ပါဘူး၊ ပြည်ပမှာ အလုပ်သွားလုပ်ရင် ကျန်ခဲ့တဲ့ ပြည်တွင်းက မိသားစုမှာလည်း အရမ်းစိတ်ပူရတတ်တယ်။

မကြာသေးခင်က မလေးရှားမှာ ရွှေမြန်မာတွေ ၁၉ ယောက်လောက် စုပြုံပြီးအသတ်ခံလိုက်ရတယ်။ မလေးရှားနိုင်ငံအတွက် ကျွန်ခံပေးရရုံသက်သက်ပဲ၊ နောက်ပြီး အသက်ပါစတေးခံလိုက်ရတယ်။ ဘာမှ ခံစားခွင့်မရပါဘူး။ ရွှေမြန်မာတွေက ကိုယ့်မြန်မာနိုင်ငံမှာ အလုပ်မရှိဘူး။ ဝင်ငွေမကောင်းဘူးဆိုပြီး ကိုယ့်မြန်မာနိုင်ငံကို စွန့်ခွာပြီး ပြည်ပနိုင်ငံတွေကို ထွက်ခွာသွားကြပါတယ်။ ဆွာမိနဲ့တော့ သိပ်ကိုကွာပဲ့။ ဆွာမိက မြန်မာနိုင်ငံမှာ စီးပွားရှာရင်ရမယ်၊ တိုးတက်ကြီးပွားလိမ့်မယ်လို့ ဒီလိုနားလည်နေတယ်။ ရွှေမြန်မာတွေနဲ့ ဆွာမိနဲ့ကတော့ ဆန့်ကျင်ဘက်ပဲ။ ပြောင်းပြန်သိနေတယ် "သိုင်းပြောင်းပြန်"ဆိုတာ ရှိပါတယ်။ ယခု အသိပြောင်းပြန်ဆိုတာလည်း ရှိနေပါပြီ။

တကယ့်ဖြစ်စဉ်ကို ရွှေမြန်မာများ အသိပြောင်းပြန်မဖြစ်ရလေအောင် လေ့လာဖတ်ရှုကြည့်ကြပါ။ ခေတ်ကာလအားဖြင့် ဖဆပလခေတ်ကာလပေါ့။ အိန္ဒိယနိုင်ငံမှ ဆွာမိတစ်ယောက် မြန်မာနိုင်ငံမှာ စီးပွားလာရှာချင်နေပါတယ်။ ဆုံးဖြတ်ချက်ချပြီး ကြုံသလို ခရီးထွက်လာလိုက်တာ ရန်ကုန်မြို့ထဲမှာရှိတဲ့ ပန်းဆိုးတန်းကို ရောက်လာခဲ့ပါတယ်။ ပိုက်ဆံစစ်ကြည့်လိုက်တော့ လက်ထဲမှာ ငါးကျပ်ပဲကျန်ပါတော့တယ်။ ပန်းဆိုးတန်းမှာ အရင်ရောက်နှင့်နေကြတဲ့သူတွေနဲ့မိတ်ဆွေဖွဲ့ပြီး ညအိပ်တော့ ပန်းဆိုးတန်းမှာရှိနေတဲ့ တိုက်ကြိုတိုက်ကြားထဲမှာ ဂုန်နီအိတ်အစုတ်တစ်ဝက်ခင်း၊ တစ်ဝက်ခြုံပြီး အိပ်ရပါတယ်။ ရေထမ်းတဲ့အလုပ်ကို စလုပ်ပါတယ်။ ရေတစ်ထမ်း ၂၅ ပြားပါ။ တစ်နေ့လုံး ၁၁ ကျပ်ရအောင် ရေထမ်းပါတယ်။ ထမင်းစားတော့ မနက် ထမင်းတစ်ထုပ် ၂၅ ပြားဖိုး၊ ဆားက ငါးပြားဖိုး၊ ငရုတ်သီးစိမ်း ၁၀ ပြားဖိုး၊ ဘယာကြော် ၁၀ ပြားဖိုး စုစုပေါင်း ပြား ၅၀ ဖိုး၊ ထို့အတူ ညနေ ပြား ၅၀ဖိုး၊ မနက်နှင့်ည စုစုပေါင်း တစ်ကျပ်ဖိုးသုံးပါတယ်။ ထမင်းဖိုး တစ်ကျပ်ပဲကုန်ပါတယ်။ အပိုတွေမသုံးပါဘူး။ တစ်နေ့ရငွေ ၁၁ ကျပ်၊ သုံးငွေ တစ်ကျပ်၊ ကျန်ငွေ ၁၀ ကျပ်ပါ။ တစ်နေ့ ၁၀ ကျပ်ကျန်၊ တစ်လ ၃၀၀ ကျပ်၊ တစ်နှစ် ၃၆၀၀ ကျပ်ပါ။ သုံးနှစ်စုတော့ ၁၀၈၀၀ ကျပ်စုမိပါတယ်။ ရေထမ်းတဲ့အလုပ်ကို မလုပ်တော့ဘဲ ရွှေမြန်မာတွေထဲက ကွမ်းယာဆိုင်သေးသေးလေးကို ကျပ် ၂၅၀၀ နဲ့ပြန်ဝယ်ပြီး ကွမ်းယာရောင်းတဲ့အလုပ်ကို ပြောင်းလိုက်ပါတယ်။ တစ်နေ့ဝင်ငွေ စားပြီးသောက်ပြီး ၈၀ ကျပ်ကျန်ပါတယ်၊ တစ်လနေတော့ ၂၄၀၀ ကျပ်ဖြစ်လာပါတယ်။ တစ်နှစ်ကြာတော့ ကျပ် ၂၈၈၀၀ ဖြစ်လာပါတယ်။ သုံးနှစ်စုလိုက်တာ ၈၆၄၀၀ ကျပ်ဖြစ်လာတော့ စတိုးဆိုင်တစ်ဆိုင် ဝယ်လိုက်ပါတယ်။ မကြာခင်မှာ ယင်းစတိုးဆိုင်ကို ပြန်ငှားစားပြီး နောက်စတိုးဆိုင်တစ်ဆိုင် ထပ်ဝယ်လိုက်ပါတယ်။ စတိုးဆိုင်တွေနဲ့ ၁၀ နှစ်လောက်ကြိုးစားလိုက်တာ ယခုတော့ တိုက်ကြီးဟိန်းနေအောင်ဆောက်လုပ်ပြီး အေးအေးဆေးဆေးနေထိုင်လျက်ရှိနေပါကြောင်း ရွှေမြန်မာများ အတုယူနိုင်စေရန် တင်ဆက်လိုက်ပါတယ်။

ရွှေမြန်မာတွေပြောကြတာ "သူတို့လို ရှာစုရွှေမြန်မာတွေလို မဖြုန်းနဲ့" ရွှေမြန်မာတွေ ဆင်းရဲတာလည်းမပြောနဲ့။ တစ်နေ့လုံးရှာပြီး ညနေကြတော့ သောက်စားမူးရူးရန်ဖြစ် ရိုက်ခွဲဖျက်ဆီး ဒါနဲ့ပဲ သံသရာလည်နေကြတာ။ တစ်နေ့ရှာလို့ရတာ တစ်နေ့ထဲကုန်အောင် ပြန်သုံးဖြုန်းလိုက်ကြတယ်။ ရွှေမြန်မာတွေ သူတို့ကိုသူတို့တော့ ဟုတ်လှပြီဆိုပြီး ဂုဏ်ယူနေလိုက်ကြတာ။

ဖျာပုံမြို့ကိုရောက်ရင် လူတိုင်းကိုမေးကြည့်ကြပါ။ ဦးလန်ဘားဆိုတာ သိပါသလားလို့။ တစ်ချိန်က ပေါင်မုန့်ဖုတ်ပြီး စက်ဘီးအစုတ်လေးနဲ့ တစ်လမ်းဝင်တစ်လမ်းထွက်ပြီး လိုက်ရောင်းရတာ ချိန်းကြိုးခဏခဏပြုတ်ပြုတ်ကျလို့ လမ်းဘေးရပ်ပြီး ချိန်းကြိုးပြန်ပြန်တင်နေရတာ။ ကြိုးစားပြီးစုလာလိုက်တာ ယနေ့ ဖျာပုံမြို့မှာ အချမ်းသာဆုံးစာရင်းထဲမှာ ဦးလန်ဘားဟာ ထိပ်ဆုံးက ပါဝင်နေပါတယ်။

မြန်မာနိုင်ငံသားလည်းဖြစ်နေပြီ။ ဗုဒ္ဓဘာသာဝင်လည်းဖြစ်နေပြီး ဆင်းရဲမွဲတေနေတဲ့ အတန်းအစားထဲပါဝင်နေတာဟာ ဗုဒ္ဓဟောကြားတဲ့ စီးပွားရှာနည်းကို လက်တွေ့မကျင့်သုံးကြလို့ဖြစ်ပါလိမ့်မယ်။ ဗုဒ္ဓဟောကြားထားတဲ့ စီးပွားရှာနည်းကို လက်တွေ့ကျင့်သုံးကြည့်ကြစေချင်ပါတယ်။ ဗုဒ္ဓဟောကြားထားတဲ့နည်းကတော့ တစ်နေ့ရှာဖွေလို့ရရှိလာတဲ့ ငွေကြေးပိုက်ဆံများကို လေးပုံပုံထားပါ။ တစ်ပုံကို စားသုံးပါ။ နောက်တစ်ပုံကို ရောဂါဘေးရန်တို့ဖြစ်ပေါ်လာလျှင် အရန်သင့်ဖြစ်စေရန် သိုမှီးသိမ်းထားပါ။ ကျန်သော နှစ်ပုံကို လုပ်ငန်းတိုးချဲ့ရန်သုံးစွဲပါ။

ရွှေမြန်မာများ နိုင်ငံရပ်ခြားသွားပြီး စီးပွားရှာစရာမလိုပါဘူး။ ဗုဒ္ဓနည်းနဲ့ ဗုဒ္ဓနိုင်ငံတော်ဖြစ်တဲ့ မြန်မာနိုင်ငံအတွင်းမှာ စနစ်တကျနဲ့စီးပွားရှာလို့ဖြစ်နိုင်ပါကြောင်း သတင်းကောင်းပါးရင်း ကျွန်ုပ်စာရေးဆရာ လေးလေးသိန်းမှ အောက်ပါဂါထာကို ဖော်ပြပြီး "ဗုဒ္ဓနည်းပါ စီးပွားရှာ" ဆိုတဲ့ ဆောင်းပါးကို အဆုံးသတ်ပါမယ်။

စတုဓါ ဝိဘဇေဘောဂေ၊ ပဏ္ဍိတော ဃရမာဝသံ။
ဧကေန ဘောဂံ ဘုဉ္ဇေယျ၊ ဒွီဟိ ကမ္မံ
ပယောဇယေ။
စတုတ္ထဉ္စ နိဓါပေယျ၊ အာပဒါသု၊ ဘဝိဿတီတိ။

ဃရမာဝသံ၊ အိမ်ရာ တည်ထောင်ရန် စီးပွားရှာလိုသော။ ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ အိမ်ထောင်ရှင်သည် ဘောဂေ၊ နေ့စဉ် ရှာဖွေရန် ရရှိလာသော ရတနာရွှေငွေ အသပြာတို့ကို။ စတုဓါ၊ လေးပုံအားဖြင့် ဝိဘဇေ၊ ခွဲဝေပုံ ထားရာ၏။ ဧကေန၊ တစ်ဖို့တစ်စုဖြင့်။ ဘောဂံ ရတနာရွှေငွေ အသပြာကို။ ဘုဉ္ဇေယျ၊ နေ့စဉ်စားသုံးရာ၏။

ဒွီဟိ၊ နှစ်ဖို့နှစ်စုတို့ဖြင့်။ ကမ္မံ၊ ကုန်သွယ်၊ ရောင်းဝယ် အစရှိသော အလုပ်ကိစ္စကို။ ပယောဇယေျ၊ ယှဉ်စေရာ၏။

အာပဒါသု၊ ရန်သူမျိုးငါးပါး၊ အနာမျိုး ၉၆ ပါး အစရှိသော ဘေးရန်အန္တရာယ်အသွယ်သွယ်တို့သည် ဘဝိဿတိဖြစ်ပေါ်လာလိမ့်လတ္တံ့။ ဣတိ၊ ဤသို့ဖြစ်ပေါ်လာသည်ရှိသော်။ စတုတ္ထံ နောက်ဆုံးကျန်သော လေးဖို့မြောက် တစ်ဖို့ကို။ နိဓါပေယျ။ အဆင်သင့်သုံးစွဲရန် သိုမှီးသိမ်းထားရာ၏။

# မြန်မာအမျိုးသမီးအသင်း ထိုင်းနိုင်ငံတွင် သွားရောက်လေ့ကျင့်မည်

**ရန်ကုန် မေ ၂၁**

အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံသို့သွားရောက်၍ လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်ရာတွင် အထောက်အကူပြုစေရန်အတွက် ထိုင်းနိုင်ငံတွင် သွားရောက်လေ့ကျင့်ခြင်းဖြစ်ပြီး မေ ၂၆ ရက်တွင် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲဝင်မည့် ထိုင်းလက်ရွေးစင်အသင်းနှင့် ဗန်ကောက်မြို့တွင် ခြေစမ်းကစားသွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ပြိုင်ပွဲ အာရှဇုန်ပထမအဆင့် ခြေစစ်ပွဲဝင်ခဲ့သည့် အသင်းကို အခြေခံထားဖွဲ့စည်းထားခြင်းဖြစ်ပြီး မတ် ၂၃ ရက်မှစ၍ ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် သင်္ကြန်၌ပင် လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး အပြီးသတ်ကစားသမား ၂၃ ဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မေ ၂၄ ရက်မှ ၂၈ ရက်အထိ ထိုင်းနိုင်ငံတွင် လေ့ကျင့်မည်ဖြစ်ပြီး မေ ၂၉ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို မေ ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က)တွင် သြစတြေးလျ၊ ထိုင်း၊ အင်ဒိုနီးရှား၊ လာအို၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ မြန်မာတို့ ပါဝင်ကြသည်။

ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းစနစ်အကြံပေး ဦးအေးမောင်ကြီး၊ နည်းပြချုပ် ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြ ဒေါ်စန်းစန်းသိန်း၊ ဂိုးနည်းပြ ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် ဂိုးသမား- မြဖူးငုံ၊ ခင်သီတာအေး၊ သီတာဦး၊ နောက်တန်း- ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ ဇာခြည်ဦး၊ အေးအေးမိုး၊ ငယ်ငယ်ထွေး၊ အလယ်တန်း- စန်းစန်းမော်၊ သန်းသန်းထွေး၊ နော်အားလိုဝါးဖော၊ ခင်မိုးဝေ၊ ရူပါခိုင်၊ မေစံပယ်ဖူး၊ လဲ့လဲ့လှိုင်၊ ရှေ့တန်း- ရီရီဦး၊ ခင်မာလာထွန်း၊ ဝင်းသီဂီထွန်း၊ မေသူကျော်၊ လှယဉ်ဝင်းနှင့် နီလာဝင်းတို့ ပါဝင်ကြသည်။




သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်

အိုလံပစ် ခြေစစ်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။

# မန္တလေး-မြစ်ကြီးနား အမှတ်(၉၃၄)အစုန် ကုန်ရထား ဘုံချောင်းနှင့် မဲဇာဘူတာအကြား ဘီးချော်မှုဖြစ်ပွား

**ဝန်းသို မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ဘုံချောင်းဘူတာနှင့် မဲဇာဘူတာအကြားတွင် မေ ၂၁ ရက် နံနက် ၁၁ နာရီက မန္တလေး-မြစ်ကြီးနား အမှတ် (၉၃၄) အစုန် ကုန်ရထား ဘီးချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရထားစက်ခေါင်းမောင်း ဦးတင်အောင်၊ ဂါတ်ဘိုဦးဇော်ဇော်လွင်တို့ မောင်းနှင်လာသော စက်ခေါင်းအမှတ် DF-2045 မန္တလေး-မြစ်ကြီးနား အမှတ် (၉၃၄) အစုန် ကုန်ရထားသည် ဘုံချောင်းဘူတာနှင့် မဲဇာဘူတာအကြား မိုင်တိုင်အမှတ် (၅၇၄/၃-၁) ကြားတွင် မေ ၂၁ ရက် နံနက် ၁၁ နာရီက တွဲအမှတ် GBHAX 40840 ၏ ဘီးအမှတ် ၂ သည် သံလမ်း၏အတွင်းသို့ကျပြီး ဘီးအမှတ် ၇ သည် သံလမ်း၏ အပြင်သို့ တစ်ပေခန့်ကပ်ကျမှုဖြစ်ပွားခဲ့ရာ ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါအခင်းဖြစ်နေရာသို့ နဘားနှင့် နမ့်ခမ်းတို့မှ တာဝန်ရှိသူများ သွားရောက်ပြုပြင်ဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီခွဲတွင် ရထားလမ်းပိုင်းပြင်ဆင်ပြီးစီးသွားသဖြင့် ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

# စဉ့်ကိုင်မြို့နယ် နန်းနီကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**စဉ့်ကိုင် မေ ၂၁**

စဉ့်ကိုင်မြို့နယ် နန်းနီကျေးရွာအုပ်စု နန်းနီ မြောက်ရွာတွင် မေ ၂၁ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်က ဒေါ်ဝင်းကြည်နေအိမ်မှ အိုးဖုတ်လုပ်ငန်း လုပ်ကိုင်ရင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ စဉ့်ကိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ကား လေးစီး၊ ကျောက်ဆည် မီးသတ်ဦးစီးဌာနမှ မီးသတ်ကား နှစ်စီး၊ တံတားဦးမြို့နယ်မှ နှစ်စီးနှင့် ကျောက်ဆည်မြို့နယ် သံရွာကျေးရွာမှ မီးသတ်ကား တစ်စီး၊ ပလိပ်မှ မီးသတ်ကား တစ်စီး စုစုပေါင်း မီးသတ်ကား ၁၀ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၂၀ နှင့် ကျေးရွာနေပြည်သူများ၏ ဝိုင်းဝန်းမီးငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အိမ်ခြေ (၆၁)အိမ် မီးလောင်ဆုံးရှုံးပြီး လူဦးရေ ၂၆၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကာ ရွာဦးဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းတို့တွင် ယာယီစခန်းဖွင့်လှစ်၍ ကူညီထောက်ပံ့မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အနီးကပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# တပ်မတော်စစ်ကြောင်းနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားပြီး ထွက်ပြေးတိမ်းရှောင်နေသော လက်နက်ကိုင် ငါးဦးအား ဖမ်းဆီးရမိ

**နေပြည်တော်　　ဧပြီ　　၂၁**


ပလက်ဝဒေသအတွင်း ပင်လုံကျေးရွာ၊ အောင်လံချောင်းကျေးရွာများအနီး၌ ဧပြီ ၁၇ ရက်တွင် တပ်မတော်စစ်ကြောင်းများနှင့် လက်နက်ကိုင်အချို့ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက နယ်မြေများအားရှင်းလင်းရာ တပ်မတော်စစ်ကြောင်းနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားရာတွင် ပါဝင်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသော လက်နက်ကိုင်အချို့ ခိုအောင်းနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ ဧပြီ ၁၉ ရက် မွန်းလွဲပိုင်းတွင် စပါးဆိပ်ရွာအနောက်ဘက်တောစပ်၌ ခိုအောင်းနေသည့် ကျော်ဝင်း(ဘ)ဦးခိုင်စိုး (၃၂) နှစ်နှင့် စိန်ကျော်သန်း(ဘ)ဦးဘသန်း (၃၅) နှစ်တို့ နှစ်ဦးကို လည်းကောင်း၊ ညနေပိုင်းတွင် ညောင်ပင်လှရွာအပြင်ဘက်တွင် ခိုအောင်းနေသော ထွန်းအောင်ဖြူ(ဘ) ဦးဖြူဒေါင်း (၃၀)နှစ်နှင့် ဇင်မျိုးအောင်(ဘ) ဦးငလုံးချေ (၃၃) နှစ်၊ ဒဏ်ရာရရှိထားသော ညီလှိုင်(ဘ) ဦးသာတိုး(၃၀) နှစ်တို့ သုံးဦးကိုလည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများသည် လက်နက်ခဲယမ်းများကို အခြားနေရာများတွင် သိုဝှက်ထားခဲ့ရာ ပိန္နဲချောင်းရွာအရှေ့တောင်ဘက်ရှိ လျှိုအတွင်းမှ အမ်(၂၂) နှစ်လက်၊ ကျည်အိမ် လေးခု၊ ကျည် အတောင့် ၈၀၊ လက်ပစ်ဗုံး ငါးလုံးနှင့် ချပ်ဝတ်တန်ဆာ နှစ်စုံကိုလည်းကောင်း၊ အောင်လံချောင်းရွာအရှေ့မြောက် ဘက်ရှိ လျှိုအတွင်းမှ အမ်(၂၂) သုံးလက်၊ ကျည်အိမ် ရှစ်ခု၊ ကျည် ၁၆၇ တောင့်၊ လက်ပစ်ဗုံး လေးလုံးနှင့် ချပ်ဝတ်တန်ဆာ သုံးစုံကိုလည်းကောင်း စုစုပေါင်း အမ်(၂၂) ငါးလက်၊ ကျည်အိမ် ၁၂ ခု၊ ကျည် ၂၄၇ တောင့်၊ လက်ပစ်ဗုံး ကိုးလုံးနှင့် ချပ်ဝတ်တန်ဆာ ငါးစုံတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူ ငါးဦးအား စစ်ဆေးမေးမြန်း၍ သတင်းဆက်ဖော်ထုတ်လျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်း လက်နက်ကိုင်အချို့ စိမ့်ဝင်ခိုအောင်းမှု မရှိစေရေး တပ်မတော်စစ်ကြောင်းများက နယ်မြေဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**






# လောက်ကိုင်ဒေသ ပြန်လည်ငြိမ်းချမ်းလာသဖြင့် လားရှိုးမြို့တွင် ရောက်ရှိနေသော ဒေသခံများ ပြန်လည်ထွက်ခွာ

**လားရှိုး　　ဧပြီ　　၂၁**

လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်စဉ်များကြောင့် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ရောက်ရှိတည်းခိုနေသော တိုက်ပွဲရှောင်ပြည်သူများသည် ဧပြီ ၂၁ရက် နံနက်ပိုင်းတွင် လောက်ကိုင်မြို့သို့ ပြန်လည်ထွက်ခွာလျက်ရှိကြသည်။

အဆိုပါနေရပ်ပြန်ကြသည့် အိမ်ထောင်စု ၇၄ စုတွင် မိသားစုဝင် ၂၃၄ ဦး ပါရှိပြီး ယနေ့နံနက်ပိုင်းက ယာဉ်ကြီးငါးစီးဖြင့် ပြန်လည်ထွက်ခွာသွားခြင်းဖြစ်ကြောင်း သိရသည်။ **(ဇော်လွင်-လားရှိုး)**



**လောက်ကိုင်ဒေသသို့ ပြန်လည်အခြေပြုနေထိုင်မည့် တိုက်ပွဲရှောင်ပြည်သူများနှင့် ပစ္စည်းများအား မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေသည်ကို တွေ့ရစဉ်။** (မြဝတီ)

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ် တပ်ဖွဲ့နှင့် လုပ်သား ပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန။**

## တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၅)
## တည်ဆောက်ရေးပစ္စည်းတင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁)၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်

(က) ကချင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၅)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေသံချောင်းလုံးရွယ်စုံ၊ သစ်ခွဲသား၊ မြစ်ကျောက်စရစ်၊ မြစ်သဲ၊ ဒီဇယ်ဆီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

- တင်ဒါလျှောက်လွှာ စတင်ရယူနိုင်သည့်ရက် - ၁၂-၄-၂၀၁၅ ရက်
- တင်ဒါတင်သွင်းရမည့်ရက်၊ အချိန် - ၂၇-၄-၂၀၁၅ ရက်၊ နံနက် ၉း၀၀နာရီ
- တင်ဒါဖွင့်မည့်ရက်၊ အချိန် - ၂၇-၄-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ
- တင်ဒါတင်သွင်းရမည့်နေရာ - ဒု-အင်ဂျင်နီယာမှူးကြီးရုံး တံတားအထူးအဖွဲ့(၁၅)၊ မြစ်ကြီးနားမြို့

(ခ) တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူးအဖွဲ့(၁၅)၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၄-၂၂၁၉၇၊ ၀၉-၆၈၀၇၆၅၇၊ ၀၉-၀၀၀၂၁၀၁၄

GUSTO
Institute of Information Technology
Software Solution with Java

- ဤသင်တန်းတွင် JAVA ၏ အဓိကကျသော Core Programming Techniques များသာမက JAVA ၏ Advanced Language Features များဖြစ်သော Generics, Annotations, Collection အစရှိသည် တို့ကိုလေ့လာရမည် ဖြစ်သည်။
- သင်တန်း၏ ရည်ရွယ်ချက်မှာ Programming နည်းစနစ်များကို သိရှိနားလည်ရုံသာမက လက်တွေ့ လုပ်ငန်းခွင်တွင် အမှန်တကယ်ရှိနေသော ပြဿနာများကို အဖြေတစ်ခု (solution) ထွက်လာအောင် စဉ်းစားတွေးခေါ်စေ၍ မိမိတတ်သိထားသော နည်းပညာများကို အံဝင်ခွင်ကျ အသုံးချနိုင်စေရန် ဖြစ်သည်။

Java Language ဖြင့် အောင်မြင်သော Programmer ကောင်းတစ်ယောက် ဖြစ်လိုသူများအတွက်
Java
01- 504632
09- 862 88 06
09- 730 31 302
# 289 (A), Pyay Road (Near Myay Ni Gone Bus-Stop), Sanchaung Township, Yangon.



# ကန်းထရီးတေးဂီတဆုပေးပွဲတွင် တေလာဆွစ်အတွက် ဂုဏ်ပြုစကား မိခင်ဖြစ်သူက ပြောကြား

အမေရိကန် ပေါ့ပ်စတားတေလာဆွစ်၏ မိခင်အန်ဒရီနာဆွပ်သည် မေ ၁၉ ရက်ညက ပြုလုပ်ခဲ့သော အကြိမ် (၅၀)မြောက် ကန်းထရီးတေးဂီတဆုပေးပွဲတွင် ဂီတမှတ်တိုင်ဆုရရှိခဲ့သော ဆွစ်အတွက် ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

အန်ဒရီနာက ပြောကြားရာတွင် "ကျွန်မ ဒီဂီတမှတ်တိုင်ဆုရှင် ဂီတပညာရှင်ကို ကလေးဘဝကနေ အရွယ်ရောက်တဲ့အထိ လယ်တောထဲမှာ ကြီးပြင်းလာခဲ့တာကို စောင့်ကြည့်ခဲ့တာအခုတော့ စိတ်ကူးစိတ်သန်းတွေ၊ တီထွင်ဆန်းသစ်မှုတွေ အပြည့်နဲ့ နောက်ထပ် ကမ္ဘာလှည့်ဖျော်ဖြေရေး ခရီးစဉ်သစ်အတွက်တောင် သူပြင်ဆင်နေပြီလေ။ ကလေးဘဝထဲက အခုထိ ကမ္ဘာပေါ်မှာ သူ့ရဲ့ အကြိုက်ဆုံးအရာက သီချင်းရေးတာ၊ ပုံပြင်ပြောရတာ၊ ဂီတတို့ စန္ဒရားတို့ တီးရတာပါပဲ။ သူရဲ့ခံစားချက်တိုင်း၊ ဘဝအတွေ့အကြုံတိုင်းက အဲ့ဒီအရာတွေနဲ့ပဲ ပြည့်နေခဲ့တာ"ဟု ခံစားချက်အပြည့်ဖြင့် သမီးဖြစ်သူ၏ အောင်မြင်မှုအပေါ် ဝမ်းသာဂုဏ်ယူစွာ ပြောကြားခဲ့သည်။

အသက် (၂၅)နှစ်ရှိပြီဖြစ်သော ဆွစ်သည် ပြီးခဲ့သည့် ကြာသပတေးနေ့က သူ၏မိခင်သည် ကင်ဆာရောဂါ ခံစားနေရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် သူ့မိခင်၏ ရောဂါနှင့်ပတ်သက်သည့် ခံစားချက်ကို သီချင်းရေးစပ်ထားပြီး မကြာခင် ပရိသတ်ရှေ့ချပြသွားမည်ဖြစ်သည်။ ၎င်းသီချင်းသည် သူမိသားစုအကြောင်းလည်းဖြစ်ကာ ပရိသတ်များလည်း သိသင့်သည်ဟု ယူဆကြောင်း သူမက ပြောသည်။

(ခင်ခင်သက်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၅-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

- ၆း၀၀ မြဝတီအဖွင့်
- ၆း၀၂ နိုင်ငံတော်သီချင်း
- ၆း၀၃ တရားတော်
- ၆း၁၆ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၀ မျိုးချစ်တပ်မတော်
- ၆း၃၅ မှတ်တမ်း
- ၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၇း၂၅ သင့်အတွက်တစ်နေ့တာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၃၅ ဇာတ်လမ်းတို
- ၈း၄၅ မြဝတီနေ့စဉ်သတင်း
- ၈း၅၀ သူနှင့်သူ၏သီချင်းများ
- ၉း၀၀ စာပေအလင်းစာပေသတင်း
- ၁၀း၅၉ အပိတ်နှုတ်ဆက်စကား
- ၄း၀၂ နိုင်ငံတော်သီချင်း
- ၄း၀၈ မျိုးချစ်တပ်မတော်
- ၄း၁၅ လျှပ်တစ်ပြက်
- ၄း၂၅ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ရှေးဟောင်းသုတ
- ၅း၁၀သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၃၁)
- ၆း၀၆ Amazing Cities
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - -ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ (အပိုင်း-၂၉)
  - -ဒို့တာဝန်အရေးသုံးပါး
  - -နိုင်ငံတကာသတင်း
  - -မိုးလေဝသသတင်း
  - -ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - -ဟိုတယ်ဘုရင် (အပိုင်း-၂၅)
  - -တရားတော်
  - -သင့်အတွက်မနက်ဖြန်
  - -အပိတ်နှုတ်ဆက်စကား

# မာရီလင်မွန်ရိုးကို သတ်ခဲ့ စီအိုင်အေ အေးဂျင့်ဟောင်းတစ်ဦးဝန်ခံ

စီအိုင်အေ အရာရှိဟောင်းတစ်ဦးဖြစ်သူ နော်မန်ဟော့ဂက်စ်သည် မှင်တက်အံ့ဩဖွယ်ကောင်းလောက်သည့် ဝန်ခံမှုတသီတတန်းကြီးကို တနင်္လာနေ့က စန်တာရာအထွေထွေရောဂါကုဆေးရုံကြီးတွင် ဝန်ခံသွားခဲ့ကြောင်း tanobuzz.com တွင် ဖော်ပြခဲ့သည်။

အသက်(၇၈)နှစ်ရှိပြီဖြစ်သော အဆိုပါ အေးဂျင့်ဟောင်းသည် ၁၉၅၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ပြည်သူ့အချစ်တော် သရုပ်ဆောင်နှင့် မော်ဒယ်မာရီလင်မွန်ရိုး အပါအဝင် လုပ်ကြံမှု ၃၇ ခုအား အမေရိကန်အစိုးရအတွက် ကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့သည်။

မစ္စတာဟော့ဂက်စ်သည် ထိပ်တန်းစစ်ဆင်ရေးတွင် ၄၁ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး စနိုက်ပါ သမားတစ်ဦးအဖြစ်သာမက ကိုယ်ခံပညာရပ်များနှင့် ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦးအဖြစ် လေ့ကျင့်ပေးခြင်း ခံခဲ့ရသည်။ သူသည် တိုင်းပြည်လုံခြုံရေးအတွက် ထိပါးနှောင့်ယှက်လာသူများကို တစ်ဦးချင်း လုပ်ကြံသတ်ဖြတ်ရာတွင် အဖွဲ့အစည်း၏ အဓိက အားထားရဆုံး လူတစ်ဦးဖြစ်ကာ အဆိပ်နှင့် ဖောက်ခွဲရေးလုပ်ငန်းများနှင့်ပတ်သက်၍ အတွေ့အကြုံကောင်းများရှိသူလည်း ဖြစ်သည်။

မစ္စတာဟော့ဂက်စ်က သူလုပ်ကြံခဲ့သူများအနက် မာရီလင်မွန်ရိုးကို မှတ်မှတ်ရရ ရှိနေခဲ့ပြီး လုပ်ကြံခဲ့သူများအနက် သူသည် တစ်ဦးတည်းသော အမျိုးသမီးဖြစ်ကာ အမေရိကန်၏ လုံခြုံရေးကို ခြောက်လှန့်လာသည့်အတွက် လုပ်ကြံခဲ့ရခြင်းဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ ၎င်းက "မာရီလင်မွန်ရိုးက သမ္မတကနေဒီနဲ့ ဇာတ်လမ်းတွေရှိခဲ့တာ အားလုံးအသိပါပဲ။ ဒါ့အပြင် ကျူးဘားခေါင်းဆောင်ဟောင်း ဖီဒယ် ကက်စထရိုနဲ့လည်း ပတ်သက်ခဲ့သေးတယ်။ ဒါ့ကြောင့် စစ်ဦးစီးချုပ် ဂျင်မီဟေးဝေ့ါသ်က သူ့ကို သတ်ခိုင်းခဲ့တာ၊ ကိုယ့်ကိုကိုယ် သတ်သေတဲ့ပုံစံမျိုး ဆေးလွန်တဲ့ ပုံစံမျိုးနဲ့ သေစေခဲ့တယ်။ အမေရိကန်အတွက် လုပ်ခဲ့တာပါ။ မွန်ရိုးက နိုင်ငံရဲ့ဗျူဟာမြောက် သတင်းအချက်အလက်တွေကို ကွန်မြူနစ်တွေဆီ လွှဲပြောင်းပေးခဲ့တာ၊ ကျွန်တော်တို့ ဒါကို ခွင့်မပြုသင့်ဘူးလေ။ ဒါ့ကြောင့် လုပ်သင့်တာ လုပ်ခဲ့တာပါ"ဟု ဝန်ခံပြောကြားခဲ့သည်။

**ခင်ခင်သက်**




# Lego Batman ရုံတင်မည့်ရက်ကြေညာ

Warner Bros ၏ Lego Batman ကိုလာမည့် ၂၀၁၇ ဖေဖော်ဝါရီ ၁၀ရက်၌ ရုံတင်ပြသမည်ဟု မေ ၂၀ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ခရစ်စ် မေလာနှင့် ဖီးလော့ဒ်တို့က ဇာတ်လမ်းကိုတာဝန်ယူရေးသားကာ အားနက်က အရုပ်လှုပ်ရှားမှုများကို ကွပ်ကဲသွားမည်ဖြစ်သည်။

လော့ဒ်က" သေချာပြောနိုင်တာတစ်ခုက ဒီကားက တကယ့်ကိုစိတ်လှုပ်ရှားရင်ဖိုစရာကောင်းလွန်းပြီး လင်းနို့လူသားအနေနဲ့ အဆုံးသတ်မှာပျော်ရွှင်ရမှာလား၊ သူရဲ့လှုပ်ရှားမှုတွေက မယုံနိုင်လောက်အောင်သေသပ်ပြီး စိတ်ထဲမှာ စွဲနေလောက်အောင်ကို သဘောကျအောင်နည်းပညာအရ ပံ့ပိုးပေးသွားမှာပါ။ ဇာတ်လမ်းအရ နည်းပညာအရ ကုံလုံပြည့်စုံတဲ့အရသာကို မြည်းစမ်းဖို့ ဒီဇာတ်ကားက ဖြည့်ဆည်းပေးနိုင်မယ်ဆိုတာကျွန်မအာမခံရဲပါတယ်"ဟု ဆိုသည်။

Lego ကာတွန်းဇာတ်လမ်းများသည် ကမ္ဘာတစ်ဝန်း ကလေးပရိသတ်များ၏ နှစ်သက်ခြင်းကိုရရှိထားပြီး နည်းပညာ၊ တင်ပြပုံကောင်းမွန်သော ဇာတ်ကားများဖြစ်၍ ယခု ၂၀၁၅ အော်စကာဆန်ခါတင်စာရင်းသို့ ဝင်ရောက်ခဲ့ခြင်းမရှိရာဝေဖန်သံများကျယ်လောင်လာခဲ့သည်။

**မေလှဲ့သင်း**

# Fast and Furious အပိုင်း(၇) ၁၇ရက်အတွင်း ဝင်ငွေစံချိန်သစ်တင်

နာမည်ကြီးဇာတ်ကား Fast and Furious ရဲ့ နောက်ဆက်တွဲဇာတ်ကားဖြစ်တဲ့ Fast and Furious7 ဇာတ်ကားဟာ ၁၇ရက်အတွင်းကမ္ဘာတစ်ဝန်း ဝင်ငွေစံချိန်သစ်ဖြစ်တဲ့ ဒေါ်လာ တစ်သန်း (ပေါင် ၆၆၉ ဒသမ ၅သန်း) ရရှိခဲ့ပြီး အရင်က ဟယ်ရီပေါ်တာဇာတ်သိမ်းနဲ့ အဗင်းဂျားစ် (Avengers) ကားတွေရရှိခဲ့တဲ့ ၁၉ ရက် အတွင်းဝင်ငွေစံချိန်သစ်တင်နိုင်မှုကို ကျော်လွန်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။အမေရိကန်နိုင်ငံအတွင်းမှာပဲ တတိယပတ်မှာ ဝင်ငွေအမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁ သန်းရရှိခဲ့ကာ ဒုတိယဝင်ငွေအများဆုံးကားအဖြစ် မင်းသားကီဗင်ဂျိမ်းစ်ရဲ့ Mall Co ဇာတ်ကားက အမေရိကန် ဒေါ်လာ ၂၄သန်းနဲ့ ရပ်တည်နိုင်ခဲ့ပါတယ်။ ဒီဇာတ်ကားက ဈေးဝယ်ကုန်တိုက်တစ်ခုထဲမှာ တာဝန်ယူဆောင်ရွက်နေရတဲ့ ရဲသားတစ်ဦးရဲ့ မရိုးနိုင်တဲ့ စွန့်စားမှုတွေကို ဇာတ်လမ်းဆင်ရိုက်ကူးပုံဖော်ထားတာဖြစ်ပါတယ်။

ဇာတ်ကားဝေဖန် အကဲဖြတ်သူများရဲ့ နှစ်သက်မှုကိုထူးထူးခြားခြား မရခဲ့ပေမယ့်လည်း မင်းသားပေါလ်ဝါကာ အနေနဲ့ ၂၀၁၃ နိုဝင်ဘာမှာ သေဆုံးခဲ့ခြင်းက ဒီဇာတ်ကားကိုငွေရေးကြေးရေးအရ အောင်မြင်မှုရဖို့ တွန်းပို့ပေးလိုက်သလိုဖြစ် စေခဲ့ပါတယ်။

ပေါလ်ဒါကာဘီရန်က" ဒီရုပ်ရှင်က နွေရာသီနဲ့ လိုက်ဖက်တဲ့ကားဖြစ်တာကြောင့် အရင်ကစံချိန်တွေကိုကျော်လွန်သွားခဲ့တာပါ၊အခုဆိုကမ္ဘာမှာ ဒီကားက လူတိုင်းပါးစပ်ဖျား ရေပန်းစားနေတဲ့ ဇာတ်ကားဖြစ်လာတယ်။ ဒါက ပေါလ်ဝါကာရဲ့ အရှိန်ကြောင့်ဆိုတာကိုတော့ ဘယ်သူမှ မငြင်းနိုင်ဘူးလေ" ဟုဆိုသည်။

**မေလှဲ့သင်း**




## အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့ အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# စပိန်လာလီဂါရင်ခုန်သံ-၃၃

**စပိန်လာလီဂါပွဲစဉ်(၃၂)မှာ ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်၊ အက်သလက်တီကိုစတဲ့ အသင်းကြီးတွေအားလုံး အနိုင်ရတယ်။ လက်ရှိ ဘာစီလိုနာနဲ့ ရီးယဲလ်မက်ဒရစ်ကြား ကွာဟမှုအမှတ်ကလည်း နှစ်မှတ်သာရှိတာကြောင့် အမှားမခံတဲ့ အခြေအနေမှာရှိနေပြီ လာမယ့် မေ ၂၅၊ ၂၆၊ ၂၇၊ ၂၈ ရက်တွေမှာ ကျင်းပသွားမယ့် ပွဲစဉ်(၃၃)မှာလည်း အကြိတ်အနယ်ရှိနေဦးမှာပါ။**

**ကော်ဒိုဘာ - ဘီဘာအို** **နံနက် ၂း၁၅(၂၅-၄-၁၅)**

ဘီဘာအိုက ဂီတာဖေးကိုလည်း အနိုင်ယူပြီး နိုင်ပွဲပျောက်ဆုံးမှုကို ရပ်တန့်နိုင်ခဲ့သလို အဲဒီပွဲမှာ ကစားပုံလည်း ကောင်းမွန်ခဲ့ပါတယ်။ လက်ရှိအမှတ်အနေအထားအရလည်း ဥရောပဝင်ခွင့်ရရှိဖို့ အနည်းငယ်မျှော်လင့်နိုင်နေသေးလို့ အမှတ်ပေးဇယား အောက်ဆုံးက ကော်ဒိုဘာအသင်းမျိုးနဲ့ ပွဲမှာ အမှားခံမှာ မဟုတ်သေးဘူး။ ဘီဘာအိုပဲ နိုင်ပွဲရမယ်။

**အက်စပန်ညို - ဘာစီလိုနာ** **ည ၈း၃၀(၂၅-၄-၁၅)**

ရီးယဲလ်မက်ဒရစ်နဲ့ နှစ်မှတ်သာကွာတော့တဲ့ အခြေအနေမှာ ဘာစီလိုနာအနေနဲ့ အမှားခံမှာ မဟုတ်ပါဘူး။ အက်စပန်ညိုက လက်ရှိအချိန်မှာ ကစားပုံမဆိုးသလို အိမ်ကွင်းအားလည်းရှိတယ်ဆိုပေမယ့် ဘာစီလိုနာရဲ့ ဖိအားပေးမှုကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ ခက်ပါလိမ့်မယ်။ ဘာစီလိုနာပဲ နှစ်ဂိုးအသာလောက်နဲ့ နိုင်ပွဲရသွားမှာပါ။

**အက်သလက်တီကို - အဲလ်ချီ** **ည ၁၀း၃၀(၂၅-၄-၁၅)**

ချန်ပီယံလိဂ်ကစားခဲ့ရလို့ အက်သလက်တီကိုအနေနဲ့ ပွဲပန်းနေ နိုင်ပေမယ့် စတုတ္ထနေရာသာ ဗလန်စီယာနဲ့ လေးမှတ်သာကွာနေသောကြောင့် အမှားခံမှာမဟုတ်ဘူး။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် အားစိုက်ကစားလာဖို့ရှိနေသလို အဲလ်ချီရဲ့ခြေကလည်း သာမန်သာရှိတာကြောင့် အက်သလက်တီကိုပဲ အနိုင်ရသွားမှာပါ။

**ဂီတာဖေး - လီဗန်တေး** **နံနက် ဝး၃၀(၂၆-၄-၁၅)**

ဂီတာဖေးဟာ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုနဲ့အတူ တန်းမဆင်းရဖို့ အာမခံချက်မရှိတော့ပါဘူး။ ဒါကြောင့် အမှတ်ရရှိရေးအတွက်သာ အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ လီဗန်တေးက အဝေးကွင်းနဲ့ခံစစ်ကစားပုံ အားနည်းပါတယ်။ ဂီတာဖေးကို တစ်ဂိုး အသာလောက်နဲ့ အနိုင်ရသွားမှာပါ။

**မာလာဂါ - ဒီပို့တီဗို** **ညနေ ၄း၃၀(၂၆-၄-၁၅)**

ရီးယဲလ်မက်ဒရစ်ကို ရှုံးနိမ့်ခဲ့ရတာကြောင့် မာလာဂါဟာ ဥရောပဝင်ခွင့်မျှော်လင့်ချက်အတွက် ပိုမိုအားထားရမှာဖြစ်သလို နောက်ဆုံးသုံးပွဲဆက်တိုက်လည်း အနိုင်မရခဲ့ပါဘူး။ ဒါကြောင့် မာလာဂါတို့ နိုင်ပွဲပြန်ရဖို့နဲ့ ဥရောပဝင်ခွင့်မျှော်လင့်ချက်ပြန်အသက်ဝင်ဖို့ အားစိုက်လာမှာပါ။ ဒီပို့တီဗိုက ခြေသာမန်သာရှိလို့ မာလာဂါတို့ ဒီပွဲ မှာတော့ နိုင်ပွဲပြန်ရမှာပါ။

**အယ်မာရီးယား - အီဘား** **ည ၉း၃၀(၂၆-၄-၁၅)**

အယ်မာရီးယားဟာ တန်းမဆင်းရဖို့ မျှော်လင့်ချက်ရှိတဲ့အတွက် အိမ်ကွင်းမှာ အားစိုက်ကစားလာဖို့ရှိသလို လက်ရှိရုန်းအားလည်း ကောင်းမွန်နေပါတယ်။ အီဘားကလည်း တန်းမဆင်းရဖို့ ရုန်းကန်လာမှာဖြစ်ပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာဆိုရင်တော့ ကစားပုံအားနည်းတတ်ပါတယ်။ အယ်မားရီးယား တစ်ဂိုး အသာလောက်နဲ့ အနိုင်ရသွားမှာပါ။

**ဆိုစီဒက် - ဗီလာရီးယဲလ်** **နံနက် ၂း၃၀(၂၆-၄-၁၅)**

ဗီလာရီးယဲလ်က အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းအားနည်းမှုတွေ များနေပါတယ်။ အထူးသဖြင့် တိုက်စစ်က ဂိုးသွင်းအားကျဆင်းလွန်းနေပါတယ်။ ဆိုစီဒက်ကတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာ ဖြစ်သလို ဆိုစီဒက်ဟာ အိမ်ကွင်းမှာဆိုရင်လည်း ကစားပုံပိုကောင်းတတ်ပါတယ်။ ဗီလာရီးယဲလ်ရဲ့ အမြင့်ဆုံးသရေလောက်ပဲရမယ်။

**ဆီဗီးလ် - ဗယ်လီကာနို** **ည ၁း၃၀(၂၆-၄-၁၅)**

ဆီဗီးလ်ဟာ ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်ပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ မျှော်လင့်ချက်ရှိနေတာကြောင့် အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိဆီဗီးလ်ခြေကလည်း ကောင်းမွန်နေသလို အိမ်ကွင်းမှာ ကစားပုံပိုကောင်းတတ်တာကြောင့် ဗယ်လီကာနိုကို ထိန်းချုပ်သွားနိုင်မှာပါ။ ဆီဗီးလ်ပဲ အနိုင်ရမယ်။

**ဆယ်တာဗီဂို - ရီးယဲလ်** **နံနက် ၁း၃၀(၂၇-၄-၁၅)**

ရီးယဲလ်ဟာ ချန်ပီယံလိဂ်ကစားခဲ့ရဖို့ ပွဲပန်းလာဖို့ရှိနေပါတယ်။ ဒါပေမယ့် ဘာစီလိုနာကို ဖိအားဆက်ပေးနိုင်ဖို့ ပွဲကိုတော့ ဂရုတစိုက်ကစားသွားမှာပါ။ ဒ့ါအပြင် ဆယ်တာဗီဂိုက လက်ရှိခြေတည်ငြိမ်မှုအားနည်းပါတယ်။ ဒါကြောင့် ဆယ်တာဗီဂိုရဲ့ အိမ်ကွင်းဖြစ်ပေမယ့် ရီးယဲလ်ကသာ နှစ်ဂိုးအသာလောက်နဲ့ အနိုင်ရသွားမှာပါ။

**ဗလန်စီယာ - ဂရန်နာဒါ** **နံနက် ၁း၁၅(၂၈-၄-၁၅)**

ဗလန်စီယာက နောက်ဆုံးပွဲမှာ ဘာစီလိုနာကို ရှုံးနိမ့်ခဲ့မှုနဲ့အတူ နောက်ဆုံးလေးပွဲမှာ တစ်ပွဲသာနိုင်ကာ ချန်ပီယံလိဂ်ဝင်ခွင့် မသေချာတဲ့ အခြေအနေဖြစ်လာပါတယ်။ ဒါကြောင့် ဒီပွဲမှာ နိုင်ပွဲရဖို့အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်လို့ တန်းဆင်းဇုန်ထဲက ဂရန်နာဒါကို ဖိအားပေးနိုင်မှာပါ။

**(ရှိုင်းမင်းမင်း)**

# (၅၇)ကြိမ်မြောက် မဟာသကြၤန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

**ပြင်ဦးလွင် မေ ၂၁**

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၏ (၅၇)ကြိမ်မြောက် မဟာသကြၤန်ရွှေဖလား(Gold Cup)ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၅ ရက် ညပိုင်းတွင် ပြင်ဦးလွင်ဂေါက်ကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း နာယကများဖြစ်ကြသော မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌဟောင်း မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းနှင့် အမှုဆောင်များ၊ ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်နှင့် အဖွဲ့ဝင်များ၊ Main Sponsor ဖြစ်သော Kaung Myat Group (KM Golf Center)ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ပြင်ဦးလွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က ၂၀၁၅ ခုနှစ် (၅၇)ကြိမ်မြောက် မဟာသကြၤန်ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့သော ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များ၊ Main Sponsor ဖြစ်သော Kaung Myat Group (KM Golf Center)ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်တို့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

(၅၇)ကြိမ်မြောက် မဟာသကြၤန်ရွှေဖလား (Gold Cup) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီးသက်ကြီး ဂေါက်သီးရိုက်အားကစားသမား စုစုပေါင်း ၅၄၆ ဦးပါဝင်ဆင်နွှဲကြရာ ရွှေအဆင့်အသင်းလိုက်ပြိုင်ပွဲတွင် ဟန်ဂေါက်ကလပ်က စုစုပေါင်းရိုက်ချက် ၄၄၁ ချက်ဖြင့် ပထမ၊ မြန်မာဂေါက်ကလပ်က စုစုပေါင်းရိုက်ချက် ၄၄၄ ချက်ဖြင့် ဒုတိယ၊ ပြင်ဦးလွင်(ခ)အသင်းက စုစုပေါင်းရိုက်ချက် ၄၅၂ ချက်ဖြင့် တတိယ၊ ငွေအဆင့်အသင်းလိုက်ပြိုင်ပွဲတွင် ပတ္တမြားမြေအသင်းက စုစုပေါင်းရိုက်ချက် ၄၆၆ ချက်ဖြင့် ပထမ၊ KM ရွှေစာရံ အသင်းက စုစုပေါင်းရိုက်ချက် ၄၇၁ ချက်ဖြင့် ဒုတိယ၊ ပြင်ဦးလွင်(က)အသင်းက စုစုပေါင်းရိုက်ချက် ၄၉၁ ချက်ဖြင့် တတိယ၊ ကြေးအဆင့်အသင်းလိုက်ပြိုင်ပွဲတွင် ပြည်အသင်းက စုစုပေါင်းရိုက်ချက် ၄၉၅ ချက်ဖြင့် ပထမ၊ ပြင်ဦးလွင်(က)အသင်းက စုစုပေါင်းရိုက်ချက် ၅၀၃ ချက်ဖြင့် ဒုတိယ၊ ပြင်ဦးလွင်(ခ)အသင်းက စုစုပေါင်းရိုက်ချက် ၅၀၅ ချက်ဖြင့်တတိယရရှိသွားကြပြီး တာဝန်ရှိသူတို့က ဆုများကို အလှည့်ကျပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**(ကြေးမုံ)**

# ရီးယဲလ်ရဲ့ ချန်ပီယံလိဂ်အိပ်မက်ကို အက်သလက်တီကို ဖျက်ဆီးနိုင်ပါ့မလား




မက်ဒရစ်မြို့ခံ နှစ်သင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်နဲ့ အက်သလက်တီကိုတို့ဟာ အခုနှစ်ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် မေ ၂၃ ရက်နံနက် ၁ နာရီ ၁၅ မိနစ်မှာ ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ ချန်ပီယံလိဂ် ထိပ်တိုက်တွေ့ဆုံမှုကို ပြန်ကြည့်ရင် ရီးယဲလ်မက်ဒရစ်အသင်းကသာ အသာစီးရယူနိုင်ခဲ့ပြီး ပြိုင်ပွဲအရပ်ရပ်မှာလည်း ရီးယဲလ်မက်ဒရစ်အသင်းကပဲ အနိုင်ရရှိခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ် အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ဟာ ချန်ပီယံလိဂ်ထိပ်တိုက်တွေ့ဆုံမှု (၅)ကြိမ်ရှိခဲ့ရာမှာ ရီးယဲလ်မက်ဒရစ်အသင်းက သုံးပွဲအထိ အနိုင်ရရှိခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းက တစ်ပွဲသာလျှင် အနိုင်ရရှိထားပါတယ်။ ကျန်တစ်ပွဲကတော့ သရေရလဒ်သာ ထွက်ပေါ်ခဲ့ပါတယ်။ အဲဒီလို(၅)ကြိမ်တွေ့ဆုံခဲ့ရာမှာလည်း ရီးယဲလ်မက်ဒရစ်အသင်းက ရှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ သွင်းဂိုးလေးဂိုးသာရရှိခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ် အသင်းဟာ လက်ရှိချန်ပီယံလိဂ်ချန်ပီယံအသင်းဖြစ်တာနဲ့အညီ အက်သလက်တီကိုမက်ဒရစ်အသင်းကို အိမ်ကွင်းမှာ အနိုင်ကစားသွားဖို့ရှိနေပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ အိမ်ကွင်းအားသာချက် ရှိနေသော်လည်း အားနည်းချက်အနည်းငယ်ရှိနေတာကတော့ ဒဏ်ရာရကစားသမားတွေဖြစ်တဲ့ ကွင်းလယ်ကစားသမား လူကာမိုဒရစ်၊ တိုက်စစ်မှူး ဂါရတ်ဘေးလ်၊ တိုက်စစ်မှူး ဘင်ဇီမာ၊ ပွဲပယ်ပြစ်ဒဏ်ထိထားတဲ့ မာဆယ်လိုစတဲ့ကစားသမားတွေ ပါဝင်လာဖို့ မသေချာဖြစ်နေတာပါ။

ရီးယဲလ်မက်ဒရစ် အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတဲ့ အခုချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်နည်းပြ အန်ဆယ်လော့တီအနေနဲ့ ၄-၄-၂ ကစားကွက်ကို အသုံးပြုပြီး စီရိုနယ်လ်ဒို၊ ဘင်ဇီမာ၊ အစ္စကို၊ အီလာရာမန်ဒီ၊ တိုနီခရုစ်၊ ရိုဒရီဂွက်ဇ်၊ ကာဗာဂျယ်၊ ရာမို့စ်၊ ဗာရာနီ၊ ကိုအန်ထရာအို၊ ကာဆီးလက်တို့ကို ပွဲထုတ်လာဖွယ်ရှိသလို အက်သလက်တီကိုမက်ဒရစ်နည်းပြ ဆင်မြူဝမ်းကတော့ ၄-၄-၂ ကစားကွက်မဟာဗျူဟာကို သုံးပြီး ဂရစ်ဇ်မန်း၊ မန်ဇူကစ်၊ တူရန်၊ ဂါဘီ၊ တီယာဂို၊ ကိုကီ၊ ဂျူအန်ဖရန်၊ မီရန်ဒါ၊ ဂိုဒင်၊ ဆီကွီရာ၊ အိုဘလက်တို့ကို ပွဲထွက်လူစာရင်းမှာ ထည့်သွင်းလာဖို့ ရှိနေပါတယ်။

အက်သလက်တီကို မက်ဒရစ်အတွက်ကတော့ ရီးယဲလ်မက်ဒရစ်နဲ့ ထိပ်တိုက်တွေ့ဆုံနေတဲ့ အခုပွဲစဉ်မှာ ကွင်းလယ်ကစားသမား မာရီယိုဆွာရတ်ဇ်၊ ကွင်းလယ်ကစားသမား ဂါဘီ၊ တိုက်စစ်မှူး မန်ဇူကစ်တို့ ပါဝင်လာဖို့ မသေချာဖြစ်နေပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ လိဂ်ပွဲပေါင်း ၁၅၈ ပွဲမှာလည်း ရီးယဲလ်မက်ဒရစ်က ၈၅ ပွဲအထိ အနိုင်ရရှိထားခဲ့ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းက ၃၈ ပွဲပဲ အနိုင်ရထားတယ်။ ၃၃ ပွဲကတော့ သရေပွဲဖြစ်ထားတယ်။ ဒီနှစ်သင်းတွေ့ဆုံမှုမှာ ရီးယဲလ်မက်ဒရစ်အသင်းက သွင်းဂိုး ၂၈၀ အထိတောင် သွင်းယူထားနိုင်ခဲ့တယ်။ အက်သလက်တီကိုမက်ဒရစ်ကတော့ သွင်းဂိုး ၂၁၁ ဂိုးပဲ သွင်းယူထားနိုင်ခဲ့တာကို တွေ့ရမယ်။ ဒါကြောင့် ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှု သမိုင်းကြောင်းအရ ဆိုရင်တော့ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ချန်ပီယံလိဂ်အိပ်မက်ကို အက်သလက်တီကိုမက်ဒရစ်ဖျက်ဆီးနိုင်ဖို့ မလွယ်ဘဲ ရီးယဲလ်မက်ဒရစ်ကပဲ အိမ်ကွင်းမှာ အနိုင်ရသွားဖို့များပါတယ်။ ဒါပေမယ့် ဒီနှစ်သင်းရဲ့ ပထမအကျော့တွေ့ဆုံမှုမှာ ဂိုးမရှိသရေ ဖြစ်ခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းကို ဂိုးပြတ်နိုင်ပွဲရမှသာ ရီးယဲလ်မက်ဒရစ်အတွက် နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးရရှိမှာပါ။ အဲဒီလိုဖြစ်မလာခဲ့ရင်တော့ ရီးယဲလ်မက်ဒရစ်အသင်း ချန်ပီယံဘွဲ့ကို စွန့်လွှတ်ရဖို့ရှိနေသလို ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ချန်ပီယံလိဂ်အိပ်မက်ကို အက်သလက်တီကိုမက်ဒရစ်အသင်းအနေနဲ့ ဖျက်ဆီးပစ်နိုင်မလားဆိုတာကလည်း စိတ်ဝင်စားဖွယ်ကောင်းနေပါတယ်။

မေ ၂၃ ရက် တစ်ရက်တည်းမှာပဲ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်တစ်ပွဲဖြစ်သည့် မိုနာကိုအသင်းနှင့် ဂျူဗင်တပ်အသင်းတို့ ယှဉ်ပြိုင်သွားဖို့ရှိနေပြီး ဂျူဗင်တပ်အသင်းဟာ အီတလီစီးရီးအေပြိုင်ပွဲ၏ အမှတ်ပေးဇယားမှာ ထိပ်ဆုံးမှ ဦးဆောင်နေသည့်အသင်းဖြစ်တာနဲ့အညီ မိုနာကိုအသင်းနဲ့ ပထမအကျော့ တွေ့ဆုံခဲ့စဉ်ကလည်း အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့အသင်းဖြစ်တယ်။ ဒ့ါကြောင့် မိုနာကိုအသင်းအတွက် နောက်တစ်ဆင့်တက်ဖို့ အခုပွဲစဉ်မှာ နှစ်ဂိုးပြတ်အနိုင်ရရှိမှသာ တက်လှမ်းနိုင်မှာဖြစ်တာကြောင့် မိုနာကိုအသင်းအတွက် အိမ်ကွင်းမှာ အနိုင်ရလဒ်ကို ဆောင်ကြဉ်းနိုင်ဖို့ ရုန်းကန်ရမယ့်ပွဲစဉ်တစ်ပွဲလို့ ဆိုရမှာပါ။

**(ငွေကြယ်)**

# နွားထိုးကြီးအလှဆင် အင်ကြင်းကျောက် ပြည်ပ ဈေးကွက်ဝင်ရန်စီစဉ်နေ

**နွားထိုးကြီး ဧပြီ ၂၁**

နွားထိုးကြီးမြို့နယ်ထွက် အင်ကြင်းကျောက်များ အချောကိုင်လုပ်ကိုင်သည့် လုပ်ငန်းကြောင့် ပြည်တွင်းဈေးကွက်တွင် နေရာရ၊ ရောင်းပန်းလှနေပြီးဖြစ်သော်လည်း ပြည်ပဈေးကွက်ရရန် မျှော်လင့်နေကြောင်း အင်ကြင်းကမ္ဘာအရောင်းဆိုင်မှ ဦးသန်းလွင်က ပြောသည်။

ယင်းလုပ်ငန်းမှာ ပြည်တွင်းဈေးကွက်တွင် နေရာရနေပြီဖြစ်သော်လည်း ပြည်ပဈေးကွက်ဝင်ရန် နိုင်ငံခြားအရောင်းပြပွဲများတွင် ပါဝင်ပြသရန် စီးပွားကူးသန်း ဝန်ကြီးဌာနက စီစဉ်ပေးမည်ဖြစ်ကြောင်းလည်းသိရသည်။

ယင်းအပြင် မကြာမီ တရုတ်ကုန်စည်ပြပွဲတွင် နွားထိုးကြီးအလှဆင် အင်ကြင်းကျောက် ပစ္စည်းများပြသရန် စီစဉ်ပေးရန်ရှိကြောင်း ဦးသန်းလွင်က ဆက်ပြောသည်။

အင်ကြင်းကျောက်အရိုင်း အကြမ်းတုံးများရှားပါးလာသော်လည်း အလှဆင်ကျောက်မှာ နွားထိုးကြီးနယ်တွင် ပေါများကာ နေရာကာလ တစ်ခုကို ဦးဆောင်သွားရန်ရှိကြောင်းနှင့် နွားထိုးကြီးတွင် အင်ကြင်းကျောက်ကုမ္ပဏီ ၂၀ ကျော်က ထုတ်လုပ်လျက်ရှိနေကြောင်း သိရသည်။

**ခင်စာမွန်မြင့်(ဥပဒေ)**



ဧပြီ ၁၄ ရက်က မိုးညိုမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့သည့် ကျေးရွာများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာနေပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစဉ်။

(ရဲပြန်ကြား)

## ပဲခူးမြို့ရှိ မဟာစေတီအရှေ့ဘက် ဘုရားမုခ်ဦးတံခါး ပိတ်ရာမှ တံခါးပြုတ်ကျ၍ သေဆုံးမှုဖြစ်

**ပဲခူး ဧပြီ ၂၁**

ပဲခူးမြို့ အမှတ်(၂)နယ်မြေရဲစခန်းအပိုင်ရှိ မဟာစေတီအရှေ့ဘက်မုခ်ဦးတံခါးပိတ်ရာမှ တံခါပိမိပြီး သေဆုံးမှု ဧပြီ ၁၄ ရက်ည ၉ နာရီခန့်တွင် ဖြစ်ပွားခဲ့ကြောင်းသိရသည်။

အမှတ်(၂)နယ်မြေ ရဲစခန်းအပိုင်တွင်ရှိသော သမိုင်းဝင်မဟာစေတီဘုရားကြီး၏ အရှေ့ဘက်မုခ်တံခါးမကြီးအား ဘုရားလုံခြုံရေးဝန်ထမ်းဖြစ်သူ အသက် ၅၅ နှစ်အရွယ်ရှိ ဦးဇော်ဝင်းထူးသည် အမှတ်(၁)ရပ်ကွက်ရပ်၊ ကွက်ကြီး(၁) ဥဿာမြို့သစ်နေထိုင်သူဖြစ်ပြီး တံခါးပိတ်ခြင်းပြုလုပ်စဉ် သံဘာဂျာ အောက်လျှောက်လမ်း လွဲချော်ကာ တံခါးပြုတ်ကျပြီး ဦးခေါင်းပိပြားဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးမှုဖြစ်ကြောင်း သိရသည်။

သတင်းအရ အမှတ်(၂)နယ်မြေစခန်းမှ တာဝန်မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိစစ်ဆေးခဲ့ပြီး သေဆုံးသူဦးဇော်ဝင်းထူး၏ အလောင်းအား ဆေးစစ်ချက်ခံယူနိုင်ရန် ဗမာန်ရှင်နာရေးကူညီမှုကား အကူအညီဖြင့် ပဲခူးဆေးရုံကြီးသို့ ပို့ဆောင်ပေးပြီး ၎င်းဖြစ်စဉ်အား အမှတ်(၂)နယ်မြေရဲစခန်းမှ သေမှုသေခင်း ၆/၂၀၁၅ ဖြင့် အမှုဖွင့် ဆက်လက်စစ်ဆေးဆောင်ရွက်နေကြောင်း သိရပါသည်။

**ကြယ်စင်သိန်း**

## မိတ္ထီလာမြို့နယ်တွင် သင်္ကြန်ကာလအတွင်း အမျိုးသမီးလူငယ်အများစုမှာ တရားစခန်းဝင်ရောက်သူများပြား

**မိတ္ထီလာ ဧပြီ ၂၁**

မိတ္ထီလာတွင် မဟာသင်္ကြန်ကာလအတွင်း လူငယ်အမျိုးသမီးအများစု တရားစခန်းဝင်ရောက်ကြသူ များပြားပြီး ယခင်နှစ်ကထက်တရားစခန်းဝင်ရောက်သူ များပြားကြောင်း ဇောင်ချမ်းကုန်းကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာတွင် တည်ရှိသည့် အလိုတော်ပြည့်ကျောင်းတိုက် ဓမ္မရိပ်သာမှ ဒုတိယတိုက်အုပ်ဆရာတော်ဘဒ္ဒန္တစန္ဒဝံသ၏ မိန့်ကြားချက်အရ သိရသည်။

"ဒီနှစ်တရားစခန်းက သင်္ကြန်အကြိုနေ့ကနေ ကဆုန်လဆန်း ၁၀ ရက် ဧပြီ ၁၃ရက်မှ ၂၅ ရက်အထိ ၁၂ ရက်ဖြစ် ပါတယ်။ အလိုတော်ပြည့်ကျောင်းတိုက်ဓမ္မရိပ်သာမှာ ဒီနှစ် လူငယ်အမျိုးသမီးအများစု တရားစခန်းဝင်ကြပါတယ်။

"အမျိုးသမီးတစ်ချို့က ယောဂီဖြစ်ပြီးတော့ တစ်ချို့ကတော့ သီလရှင်ဝတ်ပြီး တရားစခန်းဝင်ကြပါတယ်။ယောဂီဦးရေ ၇၀၀ ကျော်ရှိပြီးတော့ သီလရှင် အပါး ၃၀ ပါးခန့်ရှိပါတယ်။

"အမျိုးသား လူငယ်တွေလည်း တရားစခန်းဝင်ကြတာရှိတယ်။ သူတို့ကတော့ ဒုလ္လဘရဟန်းခံပြီးတော့ တရားစခန်းဝင်ကြတာ။ ဒုလ္လဘရဟန်း ၆၀ ပါးကျော်ရှိတယ်။ ဒီနှစ် တရား စခန်းဝင်တဲ့သူဦးရေက မနှစ်ကထက် ၁၀၀ ဦးကျော်လောက်များတယ်။

"မဟာသင်္ကြန်ကာလအတွင်း တရားဘာဝနာပွားများ ကုသိုလ်ယူတာ မြန်မာလူမျိုးတွေရဲ့ ဘာသာတရားကိုင်းရှိုင်းမှုကို ပြသရာရောက်ပြီးတန်ဖိုးထားစရာ ယဉ်ကျေးမှုဓလေ့ထုံးစံတစ်ခုကို ထိန်းသိမ်းစောင့်ရှောက်ရာလည်းရောက်တဲ့အတွက် ဦးဥ္ဇင်းအနေနဲ့ ဝမ်းမြောက်ဝမ်းသာသာဓု ခေါ်ပါတယ်" ဟု အဆိုပါ ဆရာတော်က ဆက်လက် မိန့်ကြားသည်။

မိတ္ထီလာ မဟာသင်္ကြန်ကာလအတွင်း အလိုတော်ပြည့်ကျောင်းတိုက် ဓမ္မရိပ်သာအပြင်၊ ဝမ်းတော်ပြည့်ကျောင်းတိုက်ဓမ္မရိပ်သာ၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ စသည့် ဓမ္မရိပ်သာများတွင်သာမက ရပ်ကွက်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းတိုက်များတွင်လည်း အမျိုးသမီးလူငယ်များ တရားစခန်း ဝင်သူများ၊ ဥပုသ်စောင့် ကုသိုလ်ယူ သူများ များပြားလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




ဥက္ကလာပစေတီတော် ရွှေဟောင်းခုနစ်ဆူဘုရားနှင့် အောင်တော်မူစေတီပရိဝုဏ်အတွင်းရှိ ရွှေဟောင်းအောင်တော်မူစေတီအား လုံးတော်ပြည့်ရွှေသက်န်းများ ကပ်လှူမည်ဖြစ်ပါသဖြင့် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ပါဝင်ပူဇော်လှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော် နိုးဆော်တိုက်တွန်းအပ်ပါသည်။

မျက်ပါးရွှေဆိုင်း-၂"×၂" ရွှေဆိုင်း(၁)ချပ်လျှင် ၃၅၀/- ကျပ်
မျက်ပါးရွှေဆိုင်း-ရာဆိုင်း(၁)ဆိုင်းလျှင် ၃၂,၀၀၀/- ကျပ် ဖြစ်ပါသည်။

လှူဒါန်းရန်ဌာန
ဥက္ကလာပစေတီတော်ဂေါပကအဖွဲ့ရုံး
သံသုမာလမ်းနှင့်သစ္စာလမ်းထောင့်

ဆက်သွယ်ရန်ဖုန်း-
ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၅၆၀၆၄၀
အတွင်းရေးမှူး ဖုန်း-၀၉-၃၁၂၆၁၉၈၅
တွဲဖက်အတွင်းရေးမှူး(၁) ဖုန်း-၀၉-၄၅၀၀၃၄၂၁၃
ရုံးအဖွဲ့မှူး ဖုန်း-၀၉-၂၅၀၁၈၃၂၈၅

ဂေါပကအဖွဲ့

GOLDEN STAR Travels & Tours
* ပုဂံ(ရွှေတော်လေးဆူ)-ပုပ္ပါး-ပဒုဏ္ဍူ Apr-17,30
* တောင်ကြီး-အင်းလေး-ပင်းတယ-ကလော Apr-17,30
* မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း Apr-17,30
ကျိုက်ထီးရိုး-ချောင်းသာ-ငွေဆောင်(နေ့စဉ်)
Ph: 209200, 703448, 430480, 544383, 705968, 09-5081580



# နေရာ

à အောင်ကျော်ညို(ဆင်ချဆိပ်)

ပညာရေးဝန်ထမ်းဘဝ နှစ်ပေါင်း(၄၀)ကျော်ကာလမှာ မမေ့နိုင်စရာ အမှတ်တရများစွာအနက် ကျောက်ဖြူဆရာ အတတ်သင် တစ်နှစ်တာသင်တန်းသားဘဝသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကျောက်ဖြူဆရာအတတ်သင် ကျောင်းတော်ကြီးသည် မိမိဘဝတစ်ဆစ်ချိုးကို အကောင်းဘက်သို့ လှလှပပ ချိုးကွေ့ပေးနိုင်ခဲ့သော ဘူမိနက်သန် မြေအမွန် ဖြစ်ပါသည်။ ၁၉၆၉ ခုနှစ် ဆွဲခန့်မှုလတန်းပြ ဆရာဘဝနှင့် ပညာရေးလောကသို့ ခြေစုံပစ်ဝင်ရောက်ခဲ့သည်။ (၁၃)နှစ် အကြာ ၁၉၈၂ ခုနှစ်ရောက်မှ တစ်နှစ်တာ ဆရာအတတ်သင်ပညာကို သင်ယူခွင့်ရခဲ့သည်။

ဆရာအတတ်သင် တစ်နှစ်တာကာလ အမှတ်တရများတွင် ကျောင်းအုပ်ဆရာမကြီး၏ ကုလားထိုင်ပေါ် အမှတ်တမဲ့ထိုင်ခဲ့ခြင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ တစ်နေ့ ဆရာမကြီးမရှိခိုက်မှာ နိုင်ငံရေးသိပ္ပံဆရာမနှင့် စကားစမြည်ပြောနေရင်း ဆိုင်းမဆင့်ဗုံမဆင့် ဆရာမကြီး ကုလားထိုင်ပေါ် တက်ထိုင်လိုက်မိခြင်း။ နိုင်ငံရေးသိပ္ပံ ဆရာမ၏ အလန့်တကြားအသံကြားလိုက်မှ မိမိအမှားကို သိလိုက်ရသည်။ "ဆရာမကြီးရှိနေတယ်လေ ငုံ့ကြည့်လိုက်ပါဦး" ဆရာမစကားအတိုင်း ကုလားထိုင်အောက်ငုံ့ကြည့်လိုက်မှ ဆရာမကြီး၏ ဖိနပ်အစုံကို တွေ့လိုက်ရသည်။ "အဲဒါ ဆရာမကြီးအမြဲရှိနေတယ်ဆိုတဲ့ သင်္ကေတပဲ။ ကျွန်မတောင် ဆရာ့လိုတစ်ခါမှ မထိုင်ဖူးဘူး"အထင်သေးစူးရဲရဲအကြည့်မျိုးနှင့် ဆရာမမျက်လုံးအစုံကို မြင်တွေ့လိုက်ရချိန် "ထိုင်ဖူးတယ် ရှိအောင်လို့ပါ"ရှက်ရှက်နှင့် ပြောရင်း ချက်ချင်းထလိုက်ရသည်။ မိမိဘဝမှာ အရှက်တရားနှင့် ရင်းပြီးရလိုက်သော အသိတရား။ မှားမှန်းသိချိန် နှောင်းခဲ့ပြီ။

မိမိတို့ စာတည်းဌာန၊ သတင်းထောက်ချုပ်ရုံးခန်းစားပွဲနောက်ဘက် အလယ်တည့်တည့်မှာ ဆုံလည်ဆိုဖာကုလားထိုင်တစ်လုံး နေရာယူထားသည်။ မည်သူမျှ ထိုင်သည်ကိုမတွေ့ရ။ ထောက်/ချုပ်ကြီးကိုယ်တိုင်ပင်လျှင် ဆုံလည်ကုလားထိုင်ဘေးမှာ ကြိမ်ကုလားထိုင် နိမ့်နိမ့်လေးနှင့် ကျုံ့ကျုံ့ကလေးရှိနေတတ်သည်။ အလှသက်သက် ဟန်ပြထားခြင်းလား။ မဟုတ်ပါ။ ထောက်/ချုပ်ကြီး၏ဆရာအတွက် နေရာသတ်မှတ်ပေး၊ ဂါရဝပြုထားခြင်း၊ ပင်စင်နှင့် အပြင်ရောက်သွားပြီးလည်း ထောက်/ချုပ်ကြီးအနီးအပါးမှာ ငယ်ဆရာက အမြဲရှိနေကြောင်း အမှတ်သညာ သင်္ကေတ။ ဆရာကျေးဇူး မမေ့သော တပည့်တစ်ယောက်၏ဂါရဝတရား။

တစ်နေ့မှာ ခဏတာလာလည်သော လူငယ်သတင်းသမားလေးတစ်ဦး ထိုကုလားထိုင်ပေါ်မှာ အမြိုက်သား။ ထောက်/ချုပ်ကြီးမရှိခိုက်မို့ တော်သေးသည်။ ကျောက်ဖြူဆရာအတတ်သင်က မိမိဖြစ်စဉ်ကို ဖျတ်ခနဲအမှတ်ရလိုက်မိပါသည်။ လူငယ်သတင်းထောက်နှင့် မိမိအမှားမှာ သိပါလျက်နှင့် တမင်သက်သက်လုပ်ခဲ့ခြင်းမဟုတ်။ သို့သော်အဂါရဝဖြစ်သွားခဲ့ရသည်။

လောကတွင် ဥစ္စာသယန၊ မဟာသယန မြင့်သောနေရာ၊ မြတ်သောနေရာများဟူ၍ သတ်သတ်မှတ်မှန်ရှိတတ်ပါသည်။ အသိသတိနှင့် အစဉ်သဖြင့် ရှောင်ရှားရမည့်နေရာဌာနများ။ ဤသည်ပင် လောကနီတိလူ့ကျင့်ဝတ်။ သို့သော် မလိုက်နာတတ်ကြပါ။ တချို့ဆိုလျှင် အသိခေါက်ခက် အဝင်နက် သိပါလျက်ကယ်နှင့် မိုက်မှားတတ်ကြသည်။ အနီးကပ်ဆုံး နမူနာတစ်ခုကိုပြရလျှင် နိစ္စဓူဝ ကားစီးခရီးသွားများအတွက် ကားဦးခန်းမှ "သံဃာတော်များ အတွက်သာ" သတ်မှတ်နေရာ။ လောကီသားများနှင့် လားလားမျှမအပ်စပ်သော နေရာ။ သို့သော် လိုက်နာသူနည်းပါးအလုအယက် နှင့် ရှိနေတတ်ကြသည်။ တချို့ဆိုလျှင် သံဃာတော်များကြွလာသည်ကိုပင် မသိသလိုနှင့် ဟန်မပျက်။ ကားစပယ်ယာ လှမ်းအော်မှ မချင့်မရဲနှင့် ထ ကျင့်ဝတ်ပျက်ယွင်းနေကြသူများ။ နေရာနှင့်ပတ်သက်၍ "ဒူးနေရာဒူး၊ တော်နေရာတော်" စည်းကျော်၍ မရစကောင်းသော နယ်ပယ်များလည်း ရှိသေးသည်။ စည်းကျော်ပါက ဘဝအခြေမလှပျက်စီးသွားခဲ့ရသည့် သာဓကများ၊ အများအပြားရှိခဲ့ဖူးသည်။ ပုံပြင်ထဲက ဒေါင်းယောင်ဆောင်သောကျီး၊ ခြင်္သေ့လိုကျင့်သော မြေခွေးဇာတ်လမ်းများသည် ဘဝခရီးသွားများအတွက် ရှောင်အပ်ဆောင်အပ်သော နာမူနာကောင်းလမ်းပြကြယ်များဟု ဆိုနိုင်ပါသည်။

ဘဝခရီးတွင်မိမိအဆင့်နှင့် လိုက်လျောညီစွာ သတ်သတ်မှတ်မှတ်ထိုက်ထိုက်တန်တန်နေရာတစ်ခုစီရှိစမြဲပါ။ ရွေးချယ်လက်ခံရယူတတ်ဖို့သာလိုရင်းဖြစ်သည်။ တချို့ဆိုလျှင် ဦးတည်ချက်ထိုနေရာလေးတစ်ခုအတွက်နှင့် မအိပ်မနေကျားကုတ်ကျားခဲကြိုးစား သည်းသည်းမည်းမည်းရှိနေကြသည်။ တချို့ကပေါ့ပေါ့ပါးပါးနှင့်။ ဘဝပေးအခြေအနေ ကြောင့် ရေမစုပ်ကြာမလှုပ်နှင့် ရေကန်အသင့်ကြာအတင့်။ သွားလမ်းသာ လာလမ်းဖြောင့်တန်းပန်းခင်းလမ်းမှာ နေရာထိုင်ခင်းက အဆင်သင့်။ ဘဝပေးအခြေအနေက မတူကြသောအခါ ကုသိုလ်ကံအကျိုးပေးလည်း ကွဲပြားသွားရသည်။ မည်သူမပြု မိမိမှုဟုသာဆိုရမည်။ ကံစီမံရာအတိုင်း ဆူကြုံနိမ့်မြင့် ကြုံကြစမြဲ။ ဤသည်ပင်လောကသား သဘာဝ။ သို့သော် အတိတ်ကံပဋ္ဌာန်းဆက်က ပြဋ္ဌာန်းပေးထားသည်ဆိုငြားလည်း ထိုင်နေ၍ကား ဘာမှမဖြစ်လာမည် မဟုတ်ပါ။ ဗုဒ္ဓ၏ ဖြစ်တော်စဉ်ကအခိုင်အမာ သက်သေပြထားပြီးဖြစ်သည်။ "အမျိုးသားဇာတ်သည် လူတစ်ယောက်၏ ကြီးမြတ်မှု၊ နိမ့်ကျမှုကို မသတ်မှတ်။ ကြီးမြတ်မှု၊ နိမ့်ကျမှုကို ထိုသူ၏ အပြုအမူကသာ သတ်မှတ်သည်"။ ဗုဒ္ဓ၏ စံထားလောက်သည့် မဟာလူသားအမြင်။ ပစ္စုပ္ပန်လက်ရှိဘဝကို ဦးစားပေးလူသားပီသမှုကို တိုင်းတာသတ်မှတ် ပရမတ်စကား။

မတူကွဲပြား လောကနိယာမတွင် ယှဉ်ပြိုင်ခြင်းမရှိသော ဘဝသည် အသက်မပါဆားဗလာနှင့် ဟင်းပမာပေါ့ပြက်ပြက် ရှိချိမ့်မည်။ တချို့က ဘဝဟူသည် တိုက်ပွဲဟု ဆိုကြသည်။ တိုက်ပွဲဟူသည် ယှဉ်ပြိုင်ခြင်း၏ အခြားအမည်နာမတစ်ခု ဖြစ်သလို ရှင်သန်ခြင်း၏ အဓိပ္ပါယ်ဟုလည်း မှတ်ယူ၍ရပါမည်။ ယှဉ်ပြိုင်မှုတိုင်းတွင်လည်း ဉာဏ်ရည် အနိမ့်အမြင့် အပေါ်မူတည်၍ အကျိုးရလဒ်မတူညီ ကွဲပြားသွားရမြဲဖြစ်ပါသည်။ ဤအခြေအနေကို မိမိတို့ လက်သင့်ခံနိုင်ကြရမည်။

"နေရာမှားက ငါးတော်သည်" မိဘဘိုးဘွားဆိုရိုးစကား။ နေရာမှားက ဘဝတန်ဖိုး အနှစ်အသားအရသာနှင့် လွဲသွားနိုင်ကြောင်းဆိုလိုခြင်း။ လျှောက်လမ်းပေါ်မှာ နေရာမှတ်လျက် ဘဝတန်ဖိုးမြှင့်တင်ခရီးဆက်နိုင်ကြပါစေ။

# မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးလက်တွေ့သရုပ်ပြလေ့ကျင့်

**လင်းခေး မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေး ကြီးကြပ်မှုကော်မတီမှုကြီးမှူး၍ လင်းခေးမြို့ မြို့နယ်မီးသတ်ဦးစီးဌာနက မီးငြိမ်းသတ်မှု အဆင့်ဆင့်အား လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို မေ ၁၂ ရက် မွန်းလွဲ ၂ နာရီက လင်းခေးမြို့ မြို့မစည်ပင်သာယာဈေးအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အခုလိုပူပြင်းတဲ့ နွေရာသီကာလနဲ့ သင်္ကြန်ပွဲတော် ရက်အတွင်းမှာ မြို့မဈေး၊ အခြားအဆောက်အအုံများပါ မီးလောင်မှုမဖြစ်ပေါ်စေရေး၊ မြို့နေပြည်သူများအားလုံး မီးငြိမ်းသတ်မှုများတတ်မြောက်စေရန်ဆိုတဲ့ ရည်ရွယ်ချက်များဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြလေ့ကျင့်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်" ဟု အဆိုပါလက်တွေ့သရုပ်ပြလေ့ကျင့်မှု ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်နိုင်စိုးက ပြော ကြားခဲ့သည်။

"ဒီနေ့ လေ့ကျင့်ပြသမှုအနေနဲ့ ရုတ်တရက် မီးလောင်မှုဖြစ်ပွားခဲ့ရင် မီးသတ်ဆေးဘူးနဲ့ ဘယ်လိုအလျင်အမြန်မီးငြိမ်းသတ်နိုင်တယ် ဆိုတဲ့နည်းကို ဦးစွာကျွန်တော်တို့မီးသတ်တပ်ဖွဲ့က ပြသသင်ကြားပေးပါတယ်။ သင်ကြားပြီးပြီးချင်း ဈေးသူဈေးသားတွေနဲ့ ပြည်သူတွေကို ကိုယ်တိုင်လက်တွေ့မီးငြိမ်းသတ်ခိုင်းပါတယ်။

"အခုလိုသရုပ်ပြမှုကို ပြုလုပ်ပေးခဲ့လို့သူတို့ လက်တွေ့လုပ် ထားရတဲ့အတွက် တစ်ကယ်ဖြစ်ခဲ့ရင် ဘာက စလုပ်ရမယ်၊ ဘယ်လို လုပ်ရမယ်ဆိုတာကို ချက်ချင်းသိနိုင်မှာပါ" ဟု မြို့နယ်မီးသတ်ဦးစီးမှူးမှ ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက အဆိုပါဈေးအတွင်းတွင် မီးသတ်ကားရေပိုက်ဖြင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းအား ဆောင်ရွက်ခဲ့ကြရာ၊ လင်းခေးမြို့နယ် မီးဘေးတားဆီးကာကွယ်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းကြိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းသန်းကျော်နှင့်အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ ဈေးသူဈေးသားများနှင့် ပြည်သူလူထု စုပေါင်းအင်အား ၅၀ ခန့် တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းလတ်(ပြန်/ဆက်)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဧပြီလ၊ ၂၅-၂၆၊ (၄၆)ကြိမ်မြောက် မျက်စိခွဲစိတ်နှစ်သစ်အလင်းဒါနပါဝင်လှူဒါန်းနိုင်
မတ်လ (၁၅)ရက် (၄၅)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၅၀၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဧပြီလ (၂၅၊ ၂၆)ရက်တွင် ၄၆-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦး အတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ဝံ့ယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း ဈေးခွဲဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံစုပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဝံ့တိုင်ကမ္ဘောဇဘဏ် အရှင်စေမာသိရီလက်ခံ (AccountNo.0073020070169030l) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

Trumpet Travels & Tours
Pa(3) Padonmar Street, Sanchaung Township, Yangon.
"May လ ရုံးပိတ်ရက်အထူးခရီးစဉ်များ"
ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ(၄ည၅ရက်) April 30
တောင်ဂူ(ပသိချောင်း)-ဗိုကျားဆင်စခန်း (၂ည၃ရက်) May 1
မော်လမြိုင်-ကျိုက်ထီး -စက်စဲ-ဘားအံ(၂ည၃ရက်) May 1
(၅)ဦးပြည့်လျှင် (+)တစ်ဦးအတွက် ၅၀% လျှော့ပါမည်။ (၁၀)ဦးပြည့်လျှင် (+)တစ်ဦး FOC
ကုမ္ပဏီများ၊ အသင်းအဖွဲ့များအတွက် သီးသန့်ခရီးစဉ်များကို စိတ်တိုင်းကျစီစဉ်ပေးပါသည်။
Hot Line- 09 250021676, 09-5182767,09 43089536

သိုးရာသီ ဖမ္ပဒါန
ထားဝယ်ရှင်ကိုးရှင် ထမင်းကျွေး-၇၀၀၀၀
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀၀
မန္တလေး-မေမြို့-အလောင်းတော်ကဿပ-၅၀၀၀၀
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ-ထမင်းကျွေး-၄၀၀၀၀
Apr 17, 24, 31 ကြိုတင်လက်မှတ်ရပြီ။
420144148, 421153797

ကိုသန့်ဇင် CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ်၊ အချိန် ပိုင်းငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

ရွှေလမ်းခရီး ...ကျိုက်ထီးရိုး/ချောင်းသာ
*ပုဂံ (စွယ်တော်လေးဆူ)၊ (ပြည့်ငါးပြည့်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ။
*တောင်ကြီး(ထမ့်စမ်းလိုဏ်ဂူ)၊ (မွေတော်ကက္ကူ)၊ အင်းလေး၊ ပင်းတယ၊ ကဲ့လို
*မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် လက်မှတ်ရောင်း / စင်းလုံးငှား
*မော်လမြိုင်၊ ကျိုက်မရော၊ ဇွဲကပင်တောင်၊ ကျိုက်ထီး၊ စက်စဲကမ်းခြေ
(ထမင်းကျွေး၊ ကားခ၊ တစ်ဆင့်သွားကားခ/စက်လှေခ၊ တည်းခိုခန်းခ ဓာတ်ပုံငြိမ်း)
*ပြည်၊ အကောက်တောင်၊ နဂါးရစ်တောင်ဆရာတော်ဖူး *ဇလွန်ပြည်တော်ပြန်
အမှတ်(၁၁၅)၊ ပန်းဆိုးတန်းလမ်း(ဂုံးကျော်တံတားဘေး) 371317,095124678,09401589907

မိတ်ချစ်သားစု ပန်းမြေပြု Virgin Land နှင့် သီးသွားရို..
ကျိုက်ထီး-စက်စဲ (2D/1N) 65000/-
ငွေဆောင် (3D/2N) 80000/-
ချောင်းသာ (3D/2N) 98000/-
ပေလီ (3D/2N) 290000/-
Ph : 01-8610252, 09-5123793, 09-261027002

ဒီဇယ်တတ်ဆီ စက်ပြင်သင်တန်း
(နေ့ထိုင်မှုအခမဲ့)
ဖုန်း- ၄၀၀၆၁၄ ၊ ၅၄၄၉၂၄
၀၉ ၅၀၅၂၁၁၅

နန်းထိုက်ဆု ချောင်းသာ
For May day
မေ (၁၁) ထွက်မည်။

မြန်မာ့သမဝါယမမိတ်သဟာယဖွံ့ဖြိုးတိုးတက်ရေးအသင်း
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

အသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး(၂၀၁၄)ခုနှစ်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ၊ သမဝါယမဌာနနှင့် အသင်းများမှစိတ်ပါဝင်စားသော ဝန်ထမ်းနှင့် အမှုဆောင်များတက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ရက် | - ၂၆-၄-၂၀၁၅(တနင်္ဂနွေနေ့) |
| အစည်းအဝေးကျင်းပမည့်အချိန် | - နံနက်၉နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - ကျောက်ဆည်အသင်း ဓမ္မာရုံ၊ အနောက်ရွှေဂုံတိုင်လမ်းမကြီးနှင့် ရေတာရှည်လမ်းထောင့်၊ ဗဟန်းမြို့နယ် |

(အသင်းသားများဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်)

အစည်းအဝေးကိစ္စနှင့်စပ်လျဉ်း၍ ဦးသိန်းညွန့် ဖုန်း-၀၉-၇၃၀ ၇၇၅၇၇၊ ဦးတင့်စိန်ထူး-ဖုန်း-၀၉-၃၁၀၇၁၈၈၉၊ ဦးသက်မောင် ဖုန်း-၀၁-၃၇၀၉၁၅ တို့အားဆက်သွယ်နိုင်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့

" မြန်မာနိုင်ငံ၌ မည်သည့်နေရာမှ မရရှိနိုင်သောဈေးနှုန်းဖြင့် နှစ်သစ်ကူးမဟာ Promotion "
Billion Power Services Co.,Ltd
BPS auto
Billion Power Services Car Sales Centre တွင် ယာဉ်ဟောင်းအပ်ကားစလစ် ရှိသူတိုင်း
Showroom ရှိ ကားများမှ မိမိကြိုက်နှစ်သက်ရာ ( ၄ ) စီးလျှင်
ကျပ် သိန်း ( ၁၀၀ )
*** မိမိကပ်ထားသော စလစ်ပေါ်မူတည်၍ က.ည.န အခွန်တစ်မျိုးတည်းသာဆောင်ရန်လိုပါသည်။ ***
အမှတ်(၅၃)၊ ပြည်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ : 09 43166888, 09 43144888, 09 43135888

# လူလေးသို့ပေးစာများ –၁၁

## မြသန်းတင့်

*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*



**လန်ဒန်၊ ဒီဇင်ဘာ ၁၂ ရက်၊ ၁၇၄၇ခုနှစ်။**

**လူလေး**

လူတော်တော်များများ မသိပေမယ့် မင်းကို အသိစေချင်ဆုံး အရာတစ်ခုရှိတယ်။ အဲဒါကတော့ အချိန်ရဲ့ အသုံးကျမှုနဲ့အချိန်ရဲ့ တန်ဖိုးပဲ။ အချိန်ဟာ တန်ဖိုးရှိတယ်။ အချိန်ကို အသုံးရမယ့်လို့ လူတိုင်းပါးစပ်က ပြောကြတယ်။ ဒါပေမယ့်လူတော်တော်များများက လက်တွေ့မလုပ်ကြဘူး။ အချိန်ကို အလဟဿ ဖန်းတီးပစ်နေတဲ့လူဖျင်းလူညံ့တစ်ယောက်တစ်ယောက်တောင်မှပဲ အချိန်အဖိုးတန်ကြောင်း၊ အချိန်လျင်မြန်ကြောင်းနဲ့ ပတ်သတ်တဲ့ သန်းပေါင်းများစွာရှိတဲ့ စာကြောင်းတွေကို မကြာခဏရွတ်ဆိုလေ့ရှိကြတယ်။

ဥရောပတိုက်တဝှမ်းမှာရှိတဲ့ နေနာရီတွေပေါ်မှာလည်း ဒီအကြောင်းနဲ့ ပတ်သတ်လို့ အဆိုအမိန့်အဆုံးအမတွေ ရေးထားကြတယ်။ ဒါ့ကြောင့် လူတွေဟာ နေ့စဉ်နဲ့ အမျှအချိန်တွေကိုအလဟဿအကုန်ခံကြပေမယ့် ဒီစကားတွေ၊ ဒီအဆုံးအမတွေကိုတော့ မကြာဖူးတဲ့ လူရယ်လို့ ရှိမယ်မထင်ဘူး။

ဒါပေမယ့် ဒီအဆိုအမိန့်တွေကို ဉာဏ်အမြော်အမြင်ရှိရှိနဲ့ မစဉ်းစားတတ်ရင်တော့ ဒီအဆိုအမိန့်တွေဟာ အချည်းနှီးပဲ။ မလိုက်နာဘူးဆိုရင်တော့ မပြောနဲ့တော့။ ခု မင်းရေးလိုက်တဲ့ စာထဲမှာပါတဲ့အတိုင်း ဆိုရင်တော့ မင်းဟာ ဉာဏ်ရှိရှိနဲ့အချိန်ကိုအသုံးချတတ်တယ်လို့ပဲ ဖေဖေယူဆတယ်။ ဒီလိုဉာဏ်အမြော်အမြင်ရှိရင် ပိုပြီး ဉာဏ်ပညာကြွယ်ဝလာမှာအမှန်ပဲ။ ဒါ့ကြောင့် အချိန်ကို ကောင်းစွာ အသုံးချခြင်း၊ ဖန်းတီးခြင်းနဲ့ ပတ်သတ်လို့ အကျိုးအပြစ်ဝေဖန်တဲ့ ဆုံးမဩဝါဒ တစ်စောင် ဖေဖေ မရေးလိုတော့ဘူး။ မင်း အနာဂတ်မှာ တွေ့ကြုံရမယ့် တော်တော်ကလေးရှည်ကြာမယ့် အချိန်တစ်ခုကို အသုံးချရေးနဲ့ ပက်သတ်လို့ပဲ ဖေဖေ ရေးလိုက်တော့မယ်။ နောင်လာမယ့် နှစ်နှစ်ကို ဖေဖေဆိုလိုတာပါ။ဘယ်ပညာဗဟုသုတကိုပဲ ဖြစ်ဖြစ် အသက်ဆယ့်ရှစ်နှစ် မပြည့်မီမှာ ခိုင်ခိုင်မာမာ အခြေခံမချခဲ့မိရင် မင်းဟာ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ဘူး။ အဲဒါကို မြဲမြဲ မှတ်ထားပါ။ ဖေဖေ့တို့လို့အသက်ကြီးတဲ့ လူများအဖို့တော့ ပညာဗဟုသုတဆိုတာဟာ လိုလည်းလိုအပ်၊ ချမ်းလည်းချမ်းမြေ့တဲ့ရိပ်မြုံတစ်ခုပဲ။ ငယ်ငယ်တုန်းက အဲဒီပညာအပင်ကြီးကို မစိုက်ခဲ့ရင် ကြီးလာတော့ ခိုလှုံနားနေဖို့အရိပ် ဘယ်မှာရှိပါတော့မလဲ။

လောကကြီးထဲကိုဝင်ရောက်လာပြီးတဲ့နောက်မှာ စာအုပ်တွေကို ချည်းအပတ်တကုတ်လေ့လာနေရမယ်လို့ ဖေဖေမတောင်းဆိုပါဘူး။ ဒါဟာ ဘယ်ဖြစ်နိုင်ပါ့မလဲ။ သင့်လည်းမသင့်လျော်ဘူးပေါ့။ ဒါ့ကြောင့်မို့ ခုအချိန်ဟာ မင်းအတွက်စာပေပညာကိုအဆက်မပြတ်၊ မပျင်းမရိလေ့လာဖို့ဟာ တစ်ခုတည်းသော အချိန်၊ နောက်ဆုံးအချိန်ပဲ။ တကယ်လို့ဒီလိုပညာတွေ၊ သင်ခန်းစာတွေကို သင်အံကျက်မှတ်ရတာဟာ ပင်ပန်းခက်ခဲတဲ့ အလုပ်ကြီးတစ်ခုလို့များ တစ်ခါတစ်လေထင်မိရင် အဲဒီပင်ပန်းမှုဟာ ရှောင်လွှဲလို့မရတဲ့ ခရီးရှည်ကြီးတစ်ခုကို သွားရတဲ့အတွက်ရတဲ့ ပင်ပန်းမှုလို့ပဲ သဘောထားပါ။ တစ်နေ့တစ်နေ့မှာ အချိန်ပိုပြီးခရီးသွားလေလေ၊ ခရီးပန်းတိုင်ကိုမြန်မြန်ရောက်လေလေပေ့ါ။ မင်းရဲ့ လွတ်လပ်မှုရဖို့ မြန်မြန် အရည်အချင်းရှိလာလေလေလွတ်လပ်မှုကိုမြန်မြန်ရလေလေပဲ ဖြစ်မှာပေ့ါ။ မင်းရဲ့ ခရီးပန်းတိုင်ကို လျင်မြန်စွာ ရောက်ရေး မရောက်ရေးဟာ ဒီကြားထဲမှာရှိတဲ့ အချိန်ကာလတွေကို မင်းဘယ်လောက်အသုံးချနိုင်သလဲဆိုတဲ့ အပေါ်မှာ တည်တယ်။

တကယ်လို့သာ အသက်ဆယ့်ရှစ်နှစ်မပြည့်ခင်မှာ ဖေဖေစိတ်တိုင်းကျ မင်းလုပ်ပေးခဲ့ပြီးဆယ့်ရှစ်နှစ်ကျော်တဲ့ နောက်မှာမင်းစိတ်တိုင်းကျ ဖေဖေလုပ်ပေးမယ်လို့ ကတိကဝတ်ပြုကြေးဆိုရင် ဖေဖေလုပ်တဲ့အလောင်းအစားဟာ ကောင်းတဲ့ အလောင်းအစားလို့ ဖေဖေ ထင်တယ်။ ဖေဖေ့ ဘက်ကတော့ ကတိတည်ပါတယ်။

မိမိရဲ့ အချိန်ကို ကောင်းကောင်းအသုံးချတတ်တဲ့ ဖေဖေ့ရဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်။ဘယ်လောက်တောင် အချိန်ကို အသုံးချသလဲဆိုရင် သဘာဝကိစ္စအတွက် သက်ဆိုင်ရာ အခန်းကို ဝင်ရာမှာတောင်ရသမျှအချိန်ကလေးကို အလဟဿ အဖြစ်မခံဘူး။ ဒီလိုနဲ့ တဖြည်းဖြည်းနဲ့ပဲ သူဟာလက်တင်ကဗျာဆရာကြီးတွေအားလုံးရဲ့ ကဗျာတွေကို ရေအိမ်ထဲမှာပြီးအောင် ဖတ်သွားခဲ့တယ်။ ဆိုပါတော့ လက်တင်ကဗျာဆရာကြီးဟိုးရေစ်ရဲ့ဈေးချိုချိုပုံနှိပ်ထုတ်ဝေတဲ့ ကဗျာစာအုပ်ကို ဝယ်တယ်။ အဲဒီအထဲက နှစ်ရွက်သုံးရွက် လောက်ကို နေ့တိုင်းဆုတ်ပြီးသက်ဆိုင်ရာအခန်းကို ဝင်တဲ့အခါမှာယူသွားတယ်။ သဘာဝကိစ္စဆောင်ရွက်ရင်းအဲဒီကဗျာတွေကို ဖတ်တယ်။ ပြီးတော့မှ အဲဒီစာရွက်တွေကို ရေအိမ်စောင့်နတ်ဖြစ်တဲ့ ကလိုစီနာကိုပူဇော်လိုက်တယ်။ တစ်နေ့တစ်နေ့ ရေအိမ်ကိုသွားတဲ့ အချိန်တွေကို ပေါင်းလိုက်ရင်နည်းသလား။ ဒီလိုနမူနာမျိုးကို ယူဖို့ဖေဖေ တိုက်တွန်းချင်တယ်။ အဲဒီလိုအချိန်မျိုးမှာ ကိုယ်ဝါသနာပါတဲ့ အရာကို လုပ်ရတယ်ဆိုတာ အကျိုးရှိတာပေ့ါ။ ဒီလို အချိန်မျိုးမှာ ဖတ်ရတဲ့စာအုပ်ဟာလည်း မှတ်မိလွယ်လိမ့်မယ်လို့ ဖေဖေ ထင်တယ်။ သိပ္ပံပညာဆိုင်ရာ စာအုပ်မျိုး၊လေးနက်တဲ့စာအုပ်မျိုးကျတော့ ဒီလိုပြတ်တောင်းပြတ်တောင်းဖတ်လို့မဖြစ်ဘူး။ တောက်လျှောက်ဖတ်ရလိမ့်မယ်။

ဒါပေမယ့် တချို့စာအုပ်ကျတော့လည်း နည်းနည်းချင်းဖတ်၊ တိုစိတိုစိဖတ်၊ ဖြည်းဖြည်းချင်းဖတ်ရတာမျိုးတွေရှိတယ်။ ဗာဂျီးကလွဲရင်လက်တင်ကဗျာစာအုပ်တော်တော်များများဟာ အဲဒီလိုနည်းနဲ့ ဖတ်ရမယ့်စာအုပ်တွေဖြစ်တယ်။ ခုခေတ်မင်းကြိုက်တဲ့ ခေတ်ပေါ်ကဗျာဆရာများရဲ့ ကဗျာများဟာလည်း အဲဒီလိုနည်းနဲ့ ဖတ်ရမယ့်စာမျိုးတွေဖြစ်တယ်။ တစ်ပုဒ်ကို ရှစ်မိနစ်လောက်ဖတ်လိုက်ရင် ပြီးနိုင်တယ်။ ဘေးလ်ရဲ့ အတ္ထုပ္ပတ္တိ အဘိဓာန်ကျမ်းတို့၊ မိုရဲရီရဲ့ အတ္ထုပ္ပတ္တိ အဘိဓာန်ကျမ်းနဲ့ အခြားသော အဘိဓာန်အမျိုးမျိုးတို့ကတော့အားရင် မကြာခဏလှန်ကြည့်ရမယ့် စာအုပ်မျိုးတွေဖြစ်တယ်။

မင်္ဂလာညပါ။

X X X X X X

**လန်ဒန်၊ ဩဂုတ် ၇ ရက်၊ ၁၇၄၇ ခုနှစ်။**

**လူလေး**

ဒီစာဟာ လောဆိန်းမှာ မင်းရှိနေတုန်း အချိန်မီရောက်မှ ရောက်ပါ့မလား မသိဘူး။ ဒါပေမယ့် လိုက်ပဇစ်ကိုမင်းမရောက်ခင် နောက်ဆုံးစာဖြစ်တဲ့အတွက် ထည့်ဖြစ်အောင် ထည့်လိုက်ရတယ်။ ပြီးခဲ့တဲ့ အပတ်တုန်းကမစ္စတာဟာတီကို ပေးတဲ့ စာအုပ်ထဲမှာ မြို့နစ်ကိုရောက်ရင် ပထမဆုံးသွားတွေ့ရမယ့် ပုဂ္ဂိုလ်ဆီကို ယူသွားဖို့စာတစ်စောင်လည်း ထည့်ပေးလိုက်တယ်၊ သူကမင်းကို ဂျာမနီရဲ့ နန်းလျာဆွေတော်မျိုးတော်မိသားစုတစ်စုဆီကို ခေါ်သွားလိမ့်မယ်။ အဲဒီအခမ်းအနားမှာ မင်းဟာ အမျိုးကောင်းသားပီသစွာ လေးစားမှုယဉ်ကျေးဖွယ်ရာရှိမှုနဲ့ တက်ရောက်လိမ့်မယ်လို့ မျှော်လင့်တယ်။

ဒီတစ်ကြိမ်ဟာ နန်းတွင်းအသိုင်းအဝိုင်းကို ပထမဆုံးရောက်ဖူးတာဖြစ်လေတော့ လိုက်နာရမယ့်ထုံးတမ်းအစဉ်အလာ တွေများရှိခဲ့ရင် အမှားအယွင်း၊ အချွတ်အချော်မရှိအောင် လေ့လာထားပါ။ဗီယင်နာနန်းတွင်းမှာတော့ အမျိုးသားများဟာ ဘုရင်ကိုဦးညွှတ်နှုတ်ဆက်ခြင်းမပြုပဲ ယဉ်ကျေးစွာ နှုတ်ဆက်ရတယ်။

ပြင်သစ်နန်းတွင်းထုံးစံ မှာတော့ ဘုရင်ကိုဦးညွှတ် နှုတ်ဆက်ခြင်း၊ လက်ကိုနမ်းရှုပ်ခြင်း မပြုရဘူး။ စပိန်နဲ့အင်္ဂလန်နန်းတွင်းထုံးစံက ဦးညွှတ်ရတယ်။ လက်ကို နမ်းရှုပ်ရတယ်။ နန်းတိုင်းနန်းတိုင်းမှာ သူ့အစဉ်လာထုံးစံတွေရှိတယ်။ နန်းတော်ကို ဝင်ခစားမယ့်သူဟာ အဲဒီထုံးတမ်းဓလေ့တွေကို ကြိုတင်သိအောင် လုပ်ထားရတယ်။အဲဒီနန်းတွင်းကို ဝင်တော့မယ်ဆိုရင်ဒါတွေကို ကြိုတင်သိထားဖို့လိုတယ်။ ဒီလို လေ့လာထားမှ သာလျှင် အမှားမှားအယွင်းယွင်း၊ ကို့ရိုးကားရား အပြုအမူတွေကို ရှောင်ကွင်းနိုင်ပေလိမ့်မယ်။ လိုက်ပဇစ်ကိုသွားရာမှာ ချောချောမောမော ဖြစ်ပါစေလို့ဆုတောင်းဖို့မှအပ ယခုလောလောဆယ်မှာ တွေတွေ ထူးထူးတော့ပြောစရာမရှိပါဘူး။ လမ်းမှာဖြစ်စေ၊ လိုက်ပဇစ်မှာဖြစ်စေ အစစရာရာ

သတိဝီရိယနဲ့သွားပါ ဆိုတာလောက်ပဲ ဖေဖေ ပြောချင်တယ်။ တခြားထွေထွေထူးထူး တော့ပြောစရာ မရှိပါဘူး။

**အာဒီယူး။**

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**











**အကြော်ဆရာအလိုရှိသည်**
တရုတ်စာ ကျွမ်းကျင်ရမည်။
မှတ်ပုံတင်/နေရပ်ထောက်ခံစာ ပါရမည်။
နေ/စားငြိမ်း-လစာ+ဆုကြေး
ဖုန်း-၀၉-၇၃၁၄၈၆၀၅၊
၀၉-၇၉၈၄၁၂၅၃၁

**အမြန်ရောင်းမည်**
တစ်နှစ်ခွဲခန့်အသုံးပြုပြီး အသစ်နီးပါး ကောင်းမွန်သော Ultrasound, X-ray, ECG နှင့် ဆေးရုံသုံးပစ္စည်းမျိုးစုံ ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်
ဖုန်း-၀၉-၇၉၉၅၇၀၆၇၇၊
၀၉-၇၉၉၅၇၀၅၈၀



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

မြိုင်က ပတ်ပျိုးများကိုသာ ဆိုချင်သည် ဆိုသဖြင့် ကြိုးနှင့်ဘွဲ့သီချင်းခံ အသင့်အတင့် တက်ပြီးသောအခါဖေဖေသည် ဖြတ်လမ်းဖြင့်ပတ်ပျိုးတို့ကို တက်ပေး၏။

ပတ်ပျိုးသီချင်းသည် မိန်းမသား၏အသံနှင့် လိုက်သည်။ မြိုင်ဆိုသောအခါ ပို၍ နားထောင်ကောင်းသည်။

ခိုင်ကမူ ပီယာနိုကိုသာ ဆက်သင်သည်။ ထိုနွေကာလများစဉ်ကတည်းက ခိုင်သည် သီချင်းခံကြီးများကို စတင်တီးတတ်ပြီဖြစ်သည်။

ကျွန်တော်တို့ တီးကြ၊ မှုတ်ကြ၊ ဆိုကြသောအခါ ကြိုင်သည် လာ၍ နားထောင်တတ်သည်။

သူကိုယ်တိုင်မူ ဘာမျှမသင် . . .။

ကိုကို ပြန်မလာသည်မှလွဲ၍ ကျွန်တော်တို့နှစ်အိမ်သားလုံးအတွက် ထိုအချိန်များသည် ပျော်ရွှင်ဖွယ် ကောင်းလှသော အချိန်များဖြစ်သည်။ မေမေက မှတ်ချက်ချလေ့ရှိသည်။

"မေမေ သမီးချောချောလှလှလေးတစ်ယောက် သိပ်လိုချင်တာပဲ၊ အခု မြိုင့်ကိုတွေ့မှ မေမေ ဆုတောင်းပြည့်တယ်။ မြိုင်က မေမေ့သမီးပဲ . . ."

မေမေသည် ခိုင့်ကို သမီးဟု မဆိုသဖြင့် ကျွန်တော် မကျေနပ်လှ။ သို့ရာတွင် မြိုင်သည် အလွန်ချောမောလှပ၍ သဘောလည်းကောင်းသဖြင့် မေမေချစ်သည်မှာ မဆန်းဟုထင်သည်။

နွေရက်များ ကုန်စင်၍ မိုးဘက်သို့ ညွတ်လာခဲ့သည်။ တောတစ်ခိုရှိ ပင်အို၊ ပင်ပျိုတို့ထက် ရွက်နုတို့ ဝေနေသကဲ့သို့ ရွက်ဝါတို့လည်း မစင်တက်သေး။ မုတ်သုန်ဝင်စပြုသဖြင့် လေရိုင်းတို့ တချီချီလာနေသော တစ်ညနေတွင် ကျွန်တော်က သာဆန်းရဂုံဘွဲ့ပတ်ပျိုးလေးကို တီးနေသည်။ မြိုင်က လိုက်ဆို၏။ ပီယာနိုတီးတတ်လာလျှင်ဘေးမှ လိုက်ဆိုပေးသူကို အလွန်တောင့်တသည်။ ဆိုပေးသူက အဆိုကောင်းပြန်သော် လောကကို မေ့နေတတ်၏။

ကျွန်တော်နှင့် မြိုင်သည် ဆိုတီး၍ကောင်းဆဲ မိုးသက်လေဆင်လာ၏။ မကြာမီတွင် မိုးသက်တို့ တဖျောက်ဖျောက်ကျလာ၍ လျှပ်စီးတို့နှင့်အတူ မိုးခြိမ်းသံများလည်း ပေါ်လာ၏။ ကျွန်တော်သည် သတိရ၍ ခိုင့်ကို လှည့်ကြည့်လိုက်သည်။ ခိုင့်ကို အနီးအပါး၌ မတွေ့။ မြိုင်က ကျွန်တော့်အမူအယာကို ကြည့်၍လှမ်းမေးသည်။

"ဘာလဲမောင် . . .၊ ဘာရှာနေတာလဲ"

"ခိုင်ကော မမမြိုင် . . . ခိုင် ဘယ်ရောက်နေပြီလဲ"

မြိုင်သည် ထိတ်လန့်တကြား နေရာမှထ၍ အသံ တုန်တုန်ဖြင့် ဆို၏။

"ဟော . . . မိခိုင် ထွက်သွားပြန်ပြီ ထင်တယ် . . ."

"ခိုင်က ဘယ်ထွက်သွားရမှာလဲ"

"မောင် မသိဘူးလား . . .၊ ခိုင်က ဒီလိုပဲ ထွက်ထွက်သွားတတ်တယ် . . ."

ယခုမှ ကျွန်တော်လည်း သတိရမိသည်။ မနှစ်က ခိုင် ပျောက်သွားသည်မှာ ဤအချိန်ပင်ဖြစ်၏။

ကျွန်တော်နှင့် မြိုင်သည် တစ်ဖက်ခြံသို့ အတူပြေးထွက်၍ ကူးလာခဲ့၏။ သူတို့အိမ်၌လည်း ခိုင်မရှိတော့ . . .။

လူကြီးများ စိုးရိမ်တကြီးဖြစ်နေစဉ် ကျွန်တော်သည် အိမ်အပြင်ဘက်သို့ ပြေးထွက်လာခဲ့သည်။

မိုးတို့မှာ သည်းသည်းမည်းမည်း ရွာနေပြီ၊ လျှပ်စီးတို့က လက်၍ မိုးခြိမ်းသံမှာလည်း ညံနေ၏။

ကျွန်တော်သည် ခိုင်နှင့် ကျွန်တော် စတင်တွေ့ရာ ခြံနောက်ဖေး မြရာပင်ကြီးသို့ ပြေးသွားသည်။ ခိုင့်ကိုမူ မတွေ့။

ကျွန်တော်က ဘာမျှဆက်မစဉ်းစားနေဘဲ ကျိုက်ဗောဓိဘုရားဘက်ဆီသို့ ပြေးထွက်လာခဲ့သည်။ ပြေးရင်းလည်း နှုတ်မှ အော်ခေါ်မိ၏။

"ခိုင်ရေ . . . ခိုင် . . ."

မိုးသံ၊ လေသံတို့ ဆူညံနေသဖြင့် ကျွန်တော့်အသံကို ခိုင်ကြားပါမည်လားမသိ။ ကျွန်တော်သည် ပို၍ကျယ်လောင်စွာခေါ်သည်။

"ခိုင်ရေ . . . ခိုင် ဘယ်မှာလဲ . . . မောင်လာပြီ၊ မောင့်ခေါ်သံကို ကြားလား . . ." အော်ရင်းခေါ်ရင်း ကျွန်တော်သည် ဟိုဟိုသည်သည်ကြည့်မိသည်။

သဲချောင်းကလေးတစ်ခု၌ မိုးရေတို့ စီးဆင်းနေသည်။ ရေအလျဉ်ပေါ်တွင် သစ်ရွက်အချို့ မျောစီးလိုက်ပါနေကြ၏။ ကျွန်တော်သည် သဲချောင်းကလေးအတိုင်း ပြေးလိုက်ခဲ့သည်။ ရေမှာ တစ်ထွာခန့်သာရှိသည်။ မိုးသံ၊ လေသံနှင့်အတူ ရေပြင်နှင့် ကျွန်တော့်ခြေထောက် တွေ့ထိသော အသံများ ညံထွက်နေ၏။ ဤအသံများကို ခွင်း၍ ကျွန်တော်က အော်ခေါ်သည်။

"ခိုင်ရေ . . . ခိုင်ရေ . . ."

ကျွန်တော့်နားတွင်း၌ ထူးသံလိုလို ကြားရသည်။ မသေချာသဖြင့် ထပ်အသံပြုသည်။

"ခိုင်ရေ . . . မောင့်ခေါ်သံ ကြားလား။ ခိုင် ဘယ်မှာလဲ"

ဤအကြိမ်တွင်မူ သဲသဲကွဲကွဲ ပြန်ထူးသံ ကြားရသည်။

"မောင်ရေ . . . ခိုင် ဒီမှာ . . ."

ကျွန်တော်သည် ဝမ်းသာအားရ အသံလာရာဆီသို့ ပြေးသွားသည်။ ထိုင်လျက်ရှိသော ခိုင့်ကိုတွေ့ရသည်။ ခိုင့်တစ်ကိုယ်လုံးမှာ ရေတွေဖြင့်ရွှဲရွှဲစိုနေသည်။ ခိုင့်မျက်လုံးများကမူ ကျွန်တော့်အား ပြူးကြောင်စွာ စိုက်ကြည့်နေသည်။

"ခိုင် . . . ဘာလုပ်နေတာလဲ . . ."

ခိုင် မဖြေ။ ကျွန်တော့်ကိုသာ မျက်လုံးပြူး၍ စိုက်ကြည့်နေသည်။ ခိုင့်မျက်လုံးများမှာ ကျွန်တော့်ကို စိုက်ကြည့်နေသော်လည်း ကျွန်တော့်ကို မြင်ဟန်မတူ။ ခိုင်၏ ကြည့်ပုံကြောင့် ကျွန်တော့်မှာ အနည်းငယ်ထိတ်လန့်သွားသည်။

"ခိုင် . . . ဘာလုပ်နေတာလဲ . . ."

ခိုင်က မဖြေ။ ကျွန်တော့်ကိုသာ စိုက်ကြည့်မြဲ စိုက်ကြည့်နေသည်။ နောက်ခဏ၌မူ မျက်လုံးများက စိုက်ကြည့်လျက်နှင့် ရယ်သည်။ ခိုင်ရယ်ပုံမှာ တစ်မျိုးကြီးဖြစ်သည်။ ကျွန်တော်သည် ခိုင့်အပါးသို့ ကပ်သွား၍ ခိုင့်ပုခုံးကလေးကို ကိုင်လှုပ်ကာ မေးသည်။

"ခိုင် . . . ဘာဖြစ်နေတာလဲ . . . မောင့်ကို မှတ်မိသေးရဲ့လား။ မောင်လေ . . . ခိုင့် မောင်လေ . . ."

ခိုင်သည် အရယ်ရပ်သွား၏။ မျက်လုံးများမှာလည်း အသက်ပြန်ဝင်လာသည်။ လက်ကလေးများက ကျွန်တော့်ကို ပြန်ဖက်၍ သနားစဖွယ်ဆို၏။

"မောင် . . . မောင် . . . ခိုင် ကြောက်လိုက်တာ၊ ခိုင် ကြောက်လိုက်တာ"

ကျွန်တော်သည် ခိုင့်ကို ပြန်ဖက်ရင်း အားပေးရ၏။

"ခိုင် ဘာကြောက်တာလဲ၊ မောင် ရှိသားပဲ"

"ဟင့်အင်း . . . ကြောက်တယ်၊ ကြောက်တယ်၊ ခိုင် သိပ်ကြောက်တယ်"

မိုးသံ၊ လေသံတို့မှာ ဟည်းနေ၏။ ကျွန်တော်တို့နှင့် မနီးမဝေး၌ မှိုင်းညို့သော ကျိုက်ဗောဓိစေတီတော်ကြီးရှိနေသည်။ သစ်ပင်ကြီးများအကြားတွင် လေတိုးသဖြင့် အကိုင်းများ ယိမ်းယိုင်လှုပ်ရှားနေသကဲ့သို့ သစ်ရွက်တို့လည်း ရှန်းကန်ကာ တရှဲရှဲတသဲသဲ အော်မြည်နေကြ၏။

ကျွန်တော်ကိုယ်တိုင်ပင် အနည်းငယ် ထိတ်လန့်မိသည်။ သို့ရာတွင် ကျွန်တော်သည် အလွယ်တကူ ကြောက်တတ်သူမဟုတ်။

"ခိုင် ဘာကိုကြောက်တာလဲ၊ မောင်ရှိတယ်လို့ ပြောနေပါရောလား . . . မောင် ဘာကိုမှမကြောက်ဘူး . . . လာလာ မောင်နဲ့ လိုက်ခဲ့၊ ခိုင် ကြောက်တာတွေ မောင် အကုန်သတ်ပစ်မယ် . . ."

ကျွန်တော်သည် ခိုင်နှင့်တွဲ၍ သဲချောင်းလေးတစ်လျှောက်မှ လာလမ်းအတိုင်း ပြန်လာခဲ့သည်။ လမ်းတွင် နောက်မှလိုက်လာကြသော လူကြီးများနှင့် ဆုံမိသည်။ ကျွန်တော်တို့ကို မြင်မြင်ချင်း ဦးမြဘူးက လှမ်းမာန်သည်။

"တယ် . . . ဒီကောင်မလေး လုပ်ပြန်ပြီ။ မောင် သူ့ကို ဘယ်မှာတွေ့ခဲ့သလဲ"

ဦးမြဘူးကို ကျွန်တော်မဖြေမီ သူတို့နှင့်အတူ ပါလာသော ဖေဖေက ရှေ့ထွက်လာ၏။ ဖေဖေသည် ဦးမြဘူးအား အဓိပ္ပာယ်ပြည့်စွာ တစ်ချက်စိုက်ကြည့်လိုက်ပြီး ကျွန်တော့်အနီးသို့ ကပ်လာ၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**





နှစ်သစ်မှာ မင်္ဂလာပါ



တစ်နှစ်တာကာလပတ်လုံး ဝယ်ယူအားပေးကြသော ဖောက်သည်များ အသက်ရှည်ရှည်နဲ့ ကျန်းကျန်းမာမာရှိကြပါစေ...

09 4333 4111 ☎ 01-682844
09 4333 4222 ☎ 01-682944
09 730 77711 ☎ 01-682928
09 730 77722 ☎ 01-686212

စိတ်ကောင်းကြည်လင် ချန်ပီယံ ပေါ်ဆန်းမွှေး

**YWCA**

**ပန်းအလှပြုပြင်နည်းသင်တန်း**

**အခြေခံ၊ အဆင့်မြင့်နှင့်လက်ဆောင်ပန်းစည်းသင်တန်း**

နေ့ရက် - ၂၇-၄-၂၀၁၅ မှ ၁၅-၅-၂၀၁၅
အချိန် - မွန်းလွဲ၁း၀၀နာရီ မှ ၃း၀၀နာရီ
နေရာ - YWCA, ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၄၅၈၆၉၊ ၃၉၂၄၇၀။
မှတ်ချက်- ဓါတ်ပုံ(၃)ပုံ၊ပန်းညှပ်ကတ်ကြေးမှတ်စုစာအုပ်ယူဆောင်လာရန်။

**မနောရမ္မပညာဒါန ကွန်ပျူတာသင်တန်းများဖွင့်မည်**

စမ်းချောင်းမြို့နယ်၊ အရှေ့ဉယျာဉ်တိုက်၊ မနောရမ္မပညာဒါနကျောင်းတွင် ကွန်ပျူတာသင်တန်းများကို ဝါရင့်ဆရာ၊ ဆရာမကြီးများ ကိုယ်တိုင် Office 2010 Course,DTP,Wed Development, Auto Cad, A+Hardware, Networking,Vedio Editing, Graphic Design, Advance Excel, MYOB

သင်တန်းများကို ပညာဒါနအဖြစ် သင်ကြားပေးမည်။

သင်တန်းအားလုံးကို ၂၅-၄-၂၀၁၅ရက်တွင် ဖွင့်ပါမည်။

စုံစမ်းရန် - မနောရမ္မပညာဒါနကျောင်း၊ အရှေ့ဉယျာဉ်တိုက်၊ ဗဟိုလမ်း၊ တရားရုံးအနီး၊ စမ်းချောင်းမြို့နယ်။

ဖုန်း-၅၃၇၀၂၆၊ ၅၁၈၀၂၄

# မြေနုကျွန်းစိုက်သူများ ထောပတ်ပဲအထွက်ကောင်း၍ဈေးနည်း

**မကွေး ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်ကွန်းတိုက်နယ်ကျေးရွာများဖြစ်သည့် သဲရင်းတော၊ ကျွန်းမြတ်၊ မီးသေ၊ ဒဟတ်တောကျေးရွာများအပြင် ပုထိုးမယ်လှတောင်ကျေးရွာများမှ တောင်သူများဧရာဝတီမြစ်ကမ်းနဘေး မြေနုကျွန်းများတွင် မြေပဲ၊ ကြက်သွန်ဖြူ ကြက်သွန်နီ၊ ငရုပ်များနှင့် ထောပတ်ပဲများ စိုက်ပျိုးကြရာ အထွက်နှုန်းကောင်းသော်လည်း ဈေးနှုန်းအရနည်းကြောင်း သိရသည်။

နိုင်ငံတော်အစိုးရမှလည်း လယ်ယာစိုက်ပျိုးရေးကို လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသဖြင့် လယ်ယာသုံးစက်မှုပစ္စည်းများကို တောင်သူကြီးများလက်ဝယ်၌ အရစ်ကျစနစ်ဖြင့် ရောင်းချပေးပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

"အခုနှစ်မှာ အရင်နှစ်ကလို ထောပတ်ပဲအထွက်နှုန်းကောင်းတယ်။ တောင်သူတစ်ဦး ထောပတ်ပဲ တင်း၂၀ ကနေ တင်း ၄၀ ကျော်အထိရကြတယ်။ မနှစ်ကတော့ ထောပတ်ပဲတစ်တင်း ကျပ်၂၆၀၀၀ ရတယ်။ အခုနှစ်တစ်တင်း ကျပ် ၁၆၅၀၀ နဲ့ ရောင်းရတယ်။ ထောပတ်ပဲ တစ်တင်းငွေကျပ် ၉၀၀၀ လောက်ကွာတယ်။ စိုက်ပျိုးစရိတ်၊ အလုပ်သမားအငှားချရတဲ့စရိတ်အပြင် သယ်ယူပို့ဆောင်ခစရိတ်တွေနဲ့ဆိုရင် အရင်းလောက်ရကြတယ်။

" နောက်တန်ဆောင်မုန်းလဆန်းကစပြီး စိုက်ပျိုးကြရတယ်။ ကိုင်းဆင်းတဲ့အခါမှာတော့လည်း နွားကိုပဲအားကိုးရတယ်။ ကြက်သွန်၊ အာလူးတွေကတော့ အခါမဟုတ်ရွာလိုက်တဲ့မိုးကြောင့် အရှုံးပေါ်ကြတယ်"ဟု ဒဟတ်တောကျေးရွာမှ တောင်သူတစ်ဦးက ပြောပြသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံ၍ လုပ်ကိုင်ကြသည့် တောင်သူလယ်သမားများ ဖြစ်သည်။

တောင်သူများကလည်း မြန်မာနိုင်ငံ စားနပ်ရိက္ခာဖြစ်သည့် ဆန်စပါးအပြင် မြေပဲ၊ နှမ်းဆီထွက်များနှင့် ကြက်သွန်ဖြူ ကြက်သွန်နီ၊ အာလူး၊ ငရုတ်၊ စားတော်ပဲနှင့် ထောပတ်ပဲများကို စိုက်ပျိုးကြသည်။ **ခွဲထက်ရှင်**



# သမဝါယမလုပ်ငန်းများအား စစ်ဆေး

**မြင်းခြံ ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံနှင့်အဖွဲ့သည် ဧပြီ ၁၂ ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့နယ် ပျော်ဘွယ်ကျေးရွာ ဓမ္မာရုံ၌ ကျေးရွာသမဝါယမအသင်း အမှုဆောင်များ၊ သမဝါယမအသင်းသားတောင်သူ ၇၉ ဦးနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံစဉ် ချေးငွေများ ထုတ်ချေးပေးမှု၊ ပြန်လည်ပေးဆပ်မှုအခြေအနေများ၊ လယ်ယာသုံး စက်ကရိယာပစ္စည်းများ အရစ်ကျရောင်းချပေးမှု အခြေအနေနှင့် အသင်းသားတောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ စီစဉ်ဆောင်ရွက်ပေးနေမှုအခြေအနေများအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

အသင်းသားတောင်သူများ၏ မေးမြန်းမှုများကို ပြန် လည်ရှင်းလင်းဖြေကြားခဲ့ပြီး ၎င်းနောက် အခြေခံသမဝါယမအသင်းများတွင် ထားရှိရမည့် စာရင်းဇယား ပုံစံရှစ်မျိုးအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဧပြီ ၁၂ ရက် နေ့လည်အပိုင်းတွင် မြင်းခြံမြို့နယ် အနိမ့်ကျေးရွာဓမ္မာရုံတွင် ကျေးရွာသမဝါယမအသင်းအမှုဆောင်များ၊ အသင်းသား တောင်သူ ၃၇၀ ဦးတို့အား တွေ့ဆုံ၍ အသင်းသားများ၏ မေးမြန်းချက်များအား ဖြေကြားခြင်းနှင့် ချေးငွေနှင့်ပတ်သက်၍ ထားရှိရမည့် စာရင်းဇယားပုံစံရှစ်မျိုးအား အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး အသင်းသားများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနမှ ဦးထိန်လင်းကို၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဦးတင်အောင်ဆန်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်း၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးသိန်းအောင်တို့မှ ပါဝင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# မုံရွာမြို့နယ်တွင် သင်္ကြန်ရက်အတွင်း စတုဒိသာ မဏ္ဍပ်များဖြင့် ကျွေးမွေးမှုများရှိ

**မုံရွာ ဧပြီ ၂၁**

၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ပွဲတော်ရက်အတွင်း မုံရွာမြို့ရှိ လမ်းများ တစ်လျှောက်တွင် ရေပက်ခံ ထွက်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် စတုဒိသာ ထမင်းနှင့် မုန့်လုံးရေပေါ်၊ ဖျော်ရည်များဖြင့် နေရာအများအပြားတွင် ကုသိုလ်ဖြစ် ကျွေးမွေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင်လည်း ဥပုသ်သတင်းသီလဆောက်တည်သူများနှင့်လည်းကောင်း ရပ်ကွက်များတွင် ရဟန်းသံဃာတော်များအား ဆွမ်းလောင်းလှူသူများဖြင့် နှစ်သစ်ကို အေးချမ်းစွာဖြင့် ကြိုဆိုလျက်ရှိကြသည်။ **ဖိုးချမ်း(မုံရွာ)**

# မန္တလေးတွင် ကျေးရွာ ၂၈ ရွာ ကမ်းပြိုကာကွယ်ရေးများဆောင်ရွက်

**မန္တလေး ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းသည် စစ်ဆေးရေးအဖွဲ့ တာဝန်ရှိသူများလိုက်ပါလျက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မီးဘေးနှင့် သဘာဝ ဘေးအန္တရာယ်ကာကွယ်ရေး ဖြည့်စွက်ရန်ပုံငွေနှင့် ပြည်ထောင်စုရန်ပုံငွေတို့ဖြင့်ဆောင်ရွက်နေသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို ဧပြီ ၁၁ ရက်က သွားရောက်စစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကျေးရွာပေါင်း ၂၈ ရွာမှ လုပ်ငန်း ၂၈ ခုတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေခြင်းဖြစ်ပြီး ကုမ္ပဏီခြောက်ခု၏ လုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၅) မန္တလေးတိုင်းဒေသကြီးမှ ကြီးကြပ်ခြင်းဖြစ်သည်။

ကမ်းပြိုကာကွယ်ရေးလုပ်ဆောင်နေသည့် ကျေးရွာများမှာ စဉ့်ကူးမြို့နယ်တွင် ခုနစ်ရွာ၊ မတ္တရာ မြို့နယ်တွင် ရှစ်ရွာ၊ အမရပူရမြို့နယ်တွင် လေးရွာ၊ ငါန်းဇွန်မြို့နယ်တွင် နှစ်ရွာ၊ မြင်းခြံမြို့နယ်တွင် နှစ်ရွာ၊ စဉ့်ကိုင်မြို့နယ်တွင် နှစ်ရွာ၊ မလှိုင်မြို့နယ်များနှင့် ညောင်ဦးမြို့နယ်တို့တွင် တစ်ရွာစီ စုစုပေါင်း ၂၈ရွာ ဖြစ်ကြောင်းသိရသည်။ **မောင်ပြည်သူ(မန္တလေး)**








# သင်္ကြန်ကာလအတွင်း ညောင်ချောင်းသာ၌ အပန်းဖြေသူများနှင့် စည်ကား

**ညောင်တုန်း မေ ၂၁**

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ ညောင်တုန်းမြို့ (ရန်ကင်းစံရာကျေးရွာ)တွင် သဘာဝသဲသောင်ပြန့်ပေါ်ထွန်းလျက်ရှိပြီး အပန်းဖြေစရာ (ညောင်ချောင်းသာ)ကမ်းခြေဟု ပေါ်ပေါက်လျက်ရှိရာ သင်္ကြန်တွင်းကာလတွင် ရေပက်ခံထွက်သူ၊ လည်ပတ်သူ၊ အပန်းဖြေသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ အပန်းဖြေနေရာသည် ဧရာဝတီမြစ်ပြင်မှ တိုက်ရိုက်သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်ကို ထိတွေ့ရှူရှိုက်ခွင့်ရရှိပြီး သဲသောင်ပြန့်ပေါ်တွင် ရေချိုးကူးခတ်ကစားနိုင်၍ ဘောကွင်းများ စီးလျှက် အပန်းဖြေ အနားယူနိုင်ပြီး၊ သန့်ရှင်းသော အစားအသောက်များနှင့် အအေးမျိုးစုံတို့ကိုလည်း နှစ်သက်ရာ မှာယူစားသောက်နိုင်သည်ဟု မန္တလေးမြို့မှ လာရောက်အပန်းဖြေသူတစ်ဦးက ပြောသည်။

အဆိုပါ (ညောင်ချောင်းသာ)ကမ်းခြေသို့ ညောင်တုန်းမြို့ ပတ်ဝန်းကျင်ဒေသများမှ ပြည်သူများနှင့် အထူးသဖြင့် ရန်ကုန်မြို့မှ အများပြည်သူများ၊ နိုင်ငံခြားကမ္ဘာလှည့်ခရီးသည်များ လာရောက်အပန်းဖြေလျက်ရှိပြီး သင်္ကြန်တွင်းကာလတွင် အပန်းဖြေသူများ၊ ရေပက်ခံထွက်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

"ကျွန်တော်တို့က မြို့ကြီးမှာ နေရတော့ လူဦးရေများပြားလှပြီး၊ မွန်းကျပ်နေရတာ လုပ်ငန်းခွင်ထဲမှာ နေ့စဉ်လိုလို လုပ်ငန်းတွေနှင့် ဖိစီးနေရတော့၊ စိတ်ညစ်စရာတွေ၊ ဖိစီးမှုတွေနဲ့ ကြုံနေရတာ။ ခုလိုအချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာပြီး သန့်ရှင်းတဲ့ လေကောင်းလေသန့်ကို တိုက်ရိုက်ရှူရှိုက်ရတော့ ကျန်းမာရေးအတွက် ကောင်းမွန်ပြီး ပိုမိုနှစ်သက်လို့ မကြာမကြာ လာရောက် အပန်းဖြေချင်ပါတယ်" ဟု ပဲခူးမြို့မှ လာရောက်အပန်းဖြေသူတစ်ဦးက ပြောပြသည်။

ညောင်ချောင်းသာ ကမ်းခြေသို့ အသွား မြို့အဝင်သွားရာလမ်းများမှာ ရေပက်ခံထွက်သူ ကားများတိုးမပေါက်အောင် ပိတ်ဆို့နေ၍ အပြန်ခရီး တစ်နာရီနီးပါးခန့် ကျန့်ကြာမှုများရှိခဲ့ကြောင်း ရန်ကုန်မြို့မှ ကိုယ်ပိုင်ကားဖြင့် လာရောက်လည်ပတ်သူတစ်ဦးက ပြောပြသည်။

"ဒီနှစ်သင်္ကြန် ညောင်ချောင်းသာကမ်းခြေ အပန်းဖြေကမ်းခြေကို မနှစ်က သင်္ကြန်ထက် လာရောက်လည်ပတ်သူ အလွန်များပါတယ်။သင်္ကြန်အကြတ်နေ့ ကတည်းကဆိုရင် လည်ပတ်သူ ၁၀၀၀ နီးပါးကျော်ပြီး လာရောက်လည်ပတ်သူများလို့ စားသောက်ဆိုင်များမှ ထမင်း၊ ဟင်း၊ အစားအသောက်၊ အအေးမျိုးစုံ ပြတ်လပ်သွားသည်အထိ အလွန်ရောင်းကောင်းပြီး၊ မြို့စည်းကားလာတဲ့အတွက် လာရောက်လည်ပတ်သူအားလုံးကို ကျေးဇူးတင်ပါတယ်ဟု" ရေပေါ်ဟိုတယ် စားသောက်ဆိုင်ပိုင်ရှင်က ပြောသည်။

အဆိုပါ ညောင်ချောင်းသာကမ်းခြေသည် ညောင်တုန်းမြို့၊ ရန်ကင်းစံရာကျေးရွာတွင် တည်ရှိ၍ ရန်ကုန်မြို့မှ ၃၄ မိုင်သာကွာဝေးပြီး အပန်းဖြေသူ ၃၀၀ မှ ၅၀၀ ဦးခန့် နေ့စဉ်လာရောက်လျက်ရှိသည်။

ထို့အပြင် စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များတွင် ပိုမိုစည်ကားလျက်ရှိကြောင်းနှင့် ယခုသင်္ကြန်ကာလအတွင်း၌ အပန်းဖြေသူများစွာ လာရောက် လည်ပတ်လျက်ရှိပြီး အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ဟင်္သာတ၌ လေပြင်းများတိုက်ခတ်၍ အဆောက်အအုံများ ပြိုကျပျက်စီးမှုဖြစ်ပွား

**ဟင်္သာတ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့တွင် မဟာသင်္ကြန်အကြိုနေ့ ညနေ ဧပြီ ၁၃ ရက် ညနေ ၅ နာရီခွဲတွင် မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် ဉယျာဉ်မြောက်ရပ်ကွက် ပြည်သူ့အားကစားကွင်းတွင်းရှိ ပွဲကြည့်စင်များ ပြိုကျပျက်စီးခဲ့သည်။

ဖြစ်စဉ်မှာ ညနေ ၅ နာရီခန့်တွင် မိုးများရွာသွန်းပြီး ရုတ်တရက် လေများပြင်းထန်စွာ တိုက်ခတ်မှုတို့ကြောင့် ဟင်္သာတမြို့လယ်ရှိ ပြည်သူ့အားကစားကွင်းမှ အထူးတန်းပွဲကြည့်စင်နှစ်ထပ်ဆောင်နှင့် ကျန်ဘေးတစ်ဘက်တစ်ချက်ရှိ အုပ်ကာ၊ သွပ်မိုး၊ အုတ်ဖိနပ်အဆောက်အအုံနှစ်ခု စုစုပေါင်းပွဲကြည့်စင်သုံးခုတို့မှာ သွပ်မိုးလန်ကျခြင်း၊ အမိုးပြုတ်ကျခြင်းနှင့် ထုတ်တန်း၊ ဒိုင်းများပြိုကျပျက်စီးမှုကြောင့် ခန့်မှန်းတန်ဘိုး စုစုပေါင်း ကျပ်သိန်း ၄၆၂ ခန့် ဆုံးရှုံးခဲ့သည်။

အလားတူဉယျာဉ်မြောက်ရပ်ကွက် နတ်မော်လမ်း ကျောက်တော်ကြီးကုန်းပေါ်ရှိ (စူပါကော်ဖီမစ်နှင့် Gold Rost ကော်ဖီမစ်)ဆိုင်းဘုတ်ကြီးနှစ်ခုတို့မှာ ပြိုကျမှုကြောင့် မြို့တွင်းသို့ဆက်သွယ်သော လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်မှုဖြစ်ပွားကာ ဈေးဝင်းဈေးဆိုင်ခန်းများရှိ ဆိုင်များမှာလည်း သွပ်မိုးများလန်ကျခြင်းနှင့် Sun Shap များလည်း ပြိုကျပျက်စီးခဲ့ကြောင်းနှင့် အားကာဈေးဆိုင်ခန်းပေါ်ရှိ ကြော်ငြာဆိုင်းဘုတ်ကြီးမှာလည်း အလယ်မှ ကျိုးကျသွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရိစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်းနှင့် ပျက်စီးမှုများကို ဟင်္သာတမြို့နယ် ရဲတပ်ဖွဲ့မှူးခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ ဝိုင်းဝန်းကူညီရှင်းလင်းပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင် ပြန်/ဆက်**

# ရေရှားပါးသည့်ကျေးရွာသို့ သောက်သုံးရေများရရှိရန် သွားရောက်လှူဒါန်း

**လှိုင်ကော် မေ ၂၁**

လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီ ၁၃ ရက် နံနက် ၁၀ နာရီက လှိုင်ကော်မြို့ ချိကယ်ကျေးရွာအုပ်စုရှိ ဒေါ်မူကလားကျေးရွာသို့သွားရောက်ပြီး ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ လှူဒါန်းခြင်းဖြင့် အိမ်ခြေ ၈၅ အိမ်၊ လူဦးရေ ၃၆၂ ဦးတို့အတွက် သောက်သုံးရေရှားပါးမှုအား များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

Konica ရွှေချာရ WEDDING DRESS PHOTO STUDIO
အမှတ်(၁၃၄)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ရှေ့၊ ကျောက်တံတားမြို့နယ်။



မင်္ဂလာ
ဓာတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်
ဘွဲ့ ဓာတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်
ထွန်းကိုကို+နန်းခင်ဇေယျာ
Tel:01 256251, 01 372292

AYARWADDY LEGEND TRAVELS & TOURS မှ စီစဉ်သော
စိန်ရောင်ခြည်
ဘုရားဖူးဝန်ဆောင်မှုလုပ်ငန်း
ကဆုန်လပြည့် (ဗုဒ္ဓနေ့) ဘန်ကောက်ကြီးကိုးကြီး ဘုရားဖူး
အထူးအစီအစဉ်
အထူးခရီးစဉ် 450,000Ks
May (1) ရက်နေ့ထွက်မည်။ (2N/3D) ခရီးစဉ်
မန္တလေး ; Ph - 09402694848 , 098600218
ရန်ကုန် ; Phone- 01- 252007,252008, 09970306386 ,09-421106452,09-33940413

G.L.C Technology
Microsoft Office Specialist Certificate
Training and Test Center
G.L.C.
NEW CLASS WILL START ON MAY 14TH & 16TH
Microsoft Word Specialsit
Microsoft Word Expert
Microsoft Excel Specialsit
Microsoft Excel Expert
Microosft PowerPoint Specialist
Microsoft Access Specialsit
Microsoft Outlook Specialist
MOS Certificateသည် နိုင်ငံရပ်ခြားသို့သွားရောက်ကာ အလုပ် လုပ်ကိုင်လိုသူများ၊ ပြည်တွင်းရှိ နိုင်ငံတကာအဆင့်မှီ Companyကြီးများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လိုသူများ၊ လက်ရှိ လုပ်ကိုင်နေသောအလုပ်တွင် ရာထူးနှင့်လစာ တိုးမြှင့်ရယူလိုသူများ၊ ကိုယ်ပိုင်စီးပွါးရေးလုပ်ငန်းကို ဦးဆောင်လုပ်ကိုင်လိုသူများနှင့် နိုင်ငံရပ်ခြားတွင် သွားရောက်ပညာသင်ကြားမည့် ကျောင်းသားကျောင်းသူများအတွက် ရယူထားသင့်သော လက်မှတ်တစ်ခုဖြစ်ပါသည်.
May 9th ရက်နေ့တွင်
"How to be successful with MOS Certificate"
ခေါင်းစဉ်ဖြင့် Event တစ်ခုပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်
***ထိုင်ခုံနေရာအတွက်ဖုန်းကြိုတင်ဆက်သွယ်ပေးပါရန်***
No.444, 6th Floor, Merchant Road (Corner of 43rd st and Merchant Road), Botahtaung Township, Yangon. Tel: 09-252729281, 09-975283032. Website: www.glioncomputer.com.
Facebook: www.facebook.com/glctechnology. Email: glioncomputer2014@gmail.com



apple®
Ginseng Silky Hair Coat



FDA မှ အလုံတုန် ထုတ်လုပ်ခြင်း၊
ထောက်ခံချက်အမှတ် - 1309 PC 0021
" သင်္ကြန်အပြီးပျက်စီးသွားသောဆံသားများအတွက် "
အဖိုးတန်ဂျင်ဆင်းမြစ်နှင့် ဗီတာမင်အီးတို့၏ အစွမ်းကြောင့် ဆံပင်နီခြင်း၊ ဆံပင်နှစ်ခွဖြစ်ခြင်း၊ ဆံသားပျက်စီးခြင်းများကို ပြန်လည်ကောင်းမွန်စေပါသည်။
နေ့စဉ်ပုံမှန် လိမ်းပေးခြင်းဖြင့် ဆံပင်သားကို ပိုးသားကဲ့သို့ နက်မှောင်တောက်ပစေပါသည်။
ရန်ကုန် -အမှတ် (A-29)၊ ဦးဝိစာရလမ်း၊ (34) တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့၊
ဖုန်း - (01) 581844 (09) 86 18081 , (09) 49 316408 , (09) 50 20489

## Deakin University တွင် MBA တက်ရောက်လိုသူများ ပညာသင်ဆုလျှောက်ထားနိုင်



ကမ္ဘာ့ထိပ်တန်းဝင် တက္ကသိုလ်ကြီးတစ်ခုဖြစ်သည့် ဩစတြေးလျနိုင်ငံ Melbourne မြို့ရှိ Deakin University တွင် Master of Business Adminstration (MBA) တက်ရောက်လိုသည့် ကျောင်းသား၊ကျောင်းသူများအတွက် ပညာသင်ဆုများ ပေးအပ်နေပြီဖြစ်ကြောင်း ပြည်လမ်းရှိ ဩစတြေးလျ ပညာရေးဝန်ဆောင်မှုအေဂျင်စီ Edu Link Australia မှတာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီပညာသင်ဆုက MBAprogram တစ်ခုလုံးစာကုန်ကျစရိတ်ရဲ့၂၀ရာခိုင်နှုန်းခံစားခွင့်ဖြစ်ပြီးတော့ဩစတြေးလျ ဒေါ်လာ ၈၈၀၀၀ခန့်နဲ့ ညီမျှတဲ့ပညာသင်ဆုလည်းဖြစ်ပါတယ်။ ဩစတြေးလျမှာရှိတဲ့ Deakin University ကိုတိုက်ရိုက် တက်ရောက်မယ့်သူတွေ၊ ဒါမှမဟုတ် MBA program ကို Online ကနေ သင်ယူလိုသူတွေအတွက် ပေးအပ်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

Deakin Business School ၏ MBA သည်နိုင်ငံတကာ အသိအမှတ်ပြုမျှားရရှိထားရုံမျှမက Graduate Management of Australia အဖွဲ့အစည်းမှ ပေးအပ်ထားသော ကြယ်ငါးပွင့်အဆင့် သတ်မှတ်ချက်ကိုလည်းကောင်း၊စီမံခန့်ခွဲမှုတိုးတက်ရေးဆိုင်ရာ European Foundation အသိအမှတ်ပြု EPAS လက်မှတ်ကိုလည်းကောင်း ရရှိထားသောကြောင့် ကျောင်းသူ၊ကျောင်းသားများအနေဖြင့် ပညာသင်ယူပြီးမြောက်ပါက ကောင်းမွန်သောအလုပ်အကိုင် အခွင့်အလမ်းများလည်းရရှိနိုင်မည်ဖြစ်သည်။

ယခုပေးအပ်မည့် ပညာသင်ဆုသည် Deakin University ၏ MBA တစ်မျိုးတည်းအတွက်သာဖြစ်ပြီး အခြားသော ဘွဲ့လွန်တန်းများအတွက် မပါဝင်ကြောင်းသိ ရသည်။

## မြန်မာနိုင်ငံ၌ပင် Navitas University Preparation Program အား တက်ရောက်သင်ယူနိုင်ပြီဖြစ်

EduLink Australia နှင့် Navitas တို့ ပူးပေါင်းဖွင့်လှစ်ထားသော University Preparation Program ကိုယခုလာမည့်မေလတွင် စတင်သင်ကြားမည်ဖြစ်ပြီး ရန်ကုန်မြို့ ပြည်လမ်းရှိ EduLink Australia တွင် တက်ရောက် သင်ယူနိုင်မည်ဖြစ်ကြောင်းသိရသည်။

ယင်း program သည် Navitas College နှင့် ချိတ်ဆက်ထားသော ပြည်ပတက္ကသိုလ်များတွင်သွားရောက် ပညာသင်ယူမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် ဖွင့်လှစ်သောသင်တန်း ဖြစ်ပြီး၊ University Preparation program ကိုနိုင်ငံခြားတွင် သွားရောက် ပညာသင်ယူမည့် ကျောင်းသူ၊ကျောင်းသားများအတွက် လိုအပ်သည့် ပြင်ဆင်မှုများကို ပြည်တွင်း၌ပင် တက်ရောက်သင်ယူနိုင်မည်ဖြစ်သည်။

နိုင်ငံရပ်ခြားတွင် သွားရောက်ပညာသင်ကြားမည့် အထက်တန်းအောင်မြင်ထားပြီးသော ကျောင်းသူ ကျောင်းသားများအနေဖြင့် EduLlink Australia နှင့် Navitas တို့ပူးပေါင်း ဖွင့်လှစ်ထားသော UPP (University Preparation Program) ကို Academic Foundation အနေဖြင့် သင်ကြားပေးခြင်း ဖြစ်သည်။

အဆိုပါ program အား ကျောင်းသူ၊ကျောင်းသားများ အနေဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်ပညာသင်ယူရန် မလိုဘဲ မိမိနိုင်ငံအတွင်းမှာပင် ငွေကုန်ကြေးကျ သက်သာစွာဖြင့် သင်ယူနိုင်မည်ဖြစ်ပြီး ယင်း program ကိုသင်ကြားနေစဉ်ကာလအတွင်း ကျောင်းသူ ကျောင်းသားများ၏ အင်္ဂလိပ်စာအရည်အချင်းကို ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင်နိုင်ငံရပ်ခြားတွင် ဆက်လက်ပညာသင်ကြားပါကလည်း အခက်အခဲမရှိဘဲ ကွဲပြားခြားနားသော သင်ကြားမှုပုံစံ များကို နားလည်လာ စေနိုင်မည်ဖြစ်သည်။

UPP (University Preparation Program) ပြီးထားသော ကျောင်းသူ ကျောင်းသားများအနေဖြင့် Navitas (သို့) Navitas နှင့် ချိတ်ဆက်ထားသော ကျောင်းများတွင် ပထမနှစ်နှင့် ညီမျှသော program ကို တက်ရောက်နိုင် မည်ဖြစ်ပြီး၊ Navitas \ Diploma program ပြီးထားသော ကျောင်းသူ၊ကျောင်းသားများ အနေဖြင့် Navitas နှင့် ချိတ်ဆက်ထားသော ကျောင်း များတွင် ဒုတိယနှစ်ကို တိုက်ရိုက်တက် ရောက် နိုင်မည်ဖြစ်သည်။

အခြေခံပညာအထက်တန်းစာမေးပွဲတွင်ဂုဏ်ထူးလေးဘာသာနှင့်အထက်အောင်မြင်ထားသောကျောင်းသား၊ ကျောင်းသူများအတွက် scholarship အနေဖြင့်ကျပ် ၅၀၀၀၀၀ ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

## အင်ဂျင်နီယာဘာသာရပ်အတွက် ပညာသင်ထောက်ပံ့ကြေးလျှောက်ထားနိုင်

Electrical, Mechanical, Bio-engineering,Environment Engineering ဘာသာရပ်များသင်ကြားပေးသောUniversity of Maine တွင် ၂၀၁၅ ခုနှစ် စက်တင်ဘာကျောင်းဖွင့်ချိန်အတွက် ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာများကို ဇွန် ၁၀ ရက်နောက်ဆုံးထားလျှောက်ထားနိုင်ကြောင်း University of Maine ၏ မြန်မာပြည်ကိုယ်စားလှယ်ဖြစ်သော လပြည့်ဝန်းတာဝါပထမထပ်ရှိ နိကလဂျင်သည မှတာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီကျောင်းက Orono မြို့မှာ တည်ရှိပြီးတော့ နှစ်တိုင်းပြည်တွင်းမှာသာမက ပြည်ပကကျောင်းသား ကျောင်းသူတွေအများအပြားလာရောက်ပညာဆည်းပူးလေ့ရှိပါတယ်။ အင်ဂျင်နီယာဘာသာရပ်ကို စာတွေ့လက်တွေ့ပါသင်ကြားပေးမှာဖြစ်ပြီး၊ လုပ်ငန်းခွင်မှာဝင်ရောက်လုပ်ကိုင်

နိုင်ဖို့နဲ့ လက်တွေ့ကျကျ ကိုယ်တိုင်ဖန်တီးနိုင်စွမ်းရှိအောင် Training အပြည့် သင်ကြားပေးပါတယ်။ အင်ဂျင်နီယာဘာသာရပ်ကို လေးနှစ်သင်ကြားရမှာဖြစ်ပြီး ကျောင်းလခကိုလည်းအရစ်ချပေးချေနိုင်မှာဖြစ်တဲ့အတွက် ကျောင်းသူကျောင်းသားတွေ မိဘတွေအတွက် အဆင်ပြေစေမှာဖြစ်ပါတယ်။ University of Maine ဟာ အလုပ်အကိုင်အဖွဲ့အစည်းကြီးများနဲ့ ချိတ်ဆက်ထားတာမို့ ဘွဲ့ရပြီး ခြောက်လအတွင်းမှာ အလုပ်အကိုင်ရရှိဖို့ အာမခံပေးနိုင်တဲ့ တက္ကသိုလ်ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အမေရိကန်ပြည်ထောင်စု ရှိ University of Maine သည် အမေရိကန်ပြည်ထောင်စု၏ ဘေးအန္တရာယ်အကင်းဆုံး၊ လုံခြုံစိတ်ချရဆုံး ပြည်နယ်အဖြစ် သတ်မှတ်ခြင်းခံရပြီး ကျောင်းသား ကျောင်းသူများ စာပေလေ့လာသင်ယူရေးအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ခုဖြစ်သည်။

University of Maine ၏အင်ဂျင်နီယာဘာသာရပ်အတွက် ပညာသင်ထောက်ပံ့ကြေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားရမည်ဖြစ်ပြီး IELTS 5.0(သို့) 5.5 ရရှိရန် လိုအပ်ကြောင်းသိရသည်။

**စန္ဒာဝင်း–စုစည်းသည်။**






## စိန်ဘယက်ဆေးတိုက်မိသားစု၏ နှစ်သစ်မင်္ဂလာ ဆုမွန်လွှာ

စိန်ဘယက်ဆေးတိုက်မှ စစ်မှန်သန့်စင်သော ပရဆေးများဖြင့်ဖော်စပ်၍ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိသော တိုင်းရင်းဆေးဝါးများကို ယုံကြည်စိတ်ချစွာဖြင့်အားပေးဝယ်ယူ သုံးစွဲနေကြသော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများအားလုံး နှစ်အသစ်မှာ ဘေးရန်ကွာ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် ဘာသာအကျိုး၊ သာသနာအကျိုးသည်ပိုး ဆောင်ရွက်ရင်း ချမ်းမြေ့ပျော်ရွှင်စရာ အနာဂတ်ကာလများကို ရယူပိုင်ဆိုင် နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စိန်ဘယက်ဆေးတိုက်မိသားစု

# GUSTO
Institute of Information Technology

➡ ယနေ့ ၂၁ရာစုမှာ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာ ပညာရှင် ဖြစ်လိုပါသလား?

➡ နိုင်ငံတကာ တက္ကသိုလ်ကြီးများမှ B.Sc.(Hons:) Computing ဘွဲ့ကို ပြည်တွင်း၌ အချိန်တိုအတွင်း စရိတ်သက်သာ စွာဖြင့် ရယူလိုပါသလား?



တက္ကသိုလ်ဝင်တန်းဖြေဆို/ အောင်မြင်ထားသူများ လျှောက်ထားနိုင်ပါပြီ။

**International Diploma/ Degree Program**

- HND Diploma in Computing (UK)
- B.Sc.(Hons:) Computing (UK)

MAY Intake

# 289 (A) Pyay Road, Sanchaung Tsp, Yangon. **CALL NOW!** 09- 8628806, 09-73031302

**The Asia Foundation**

The Asia Foundation in Myanmar is recruiting for three Yangon-based positions:

(1) *Senior Program Officer, Governance*
(2) *Senior Program Officer, Economic Governance*
(3) *Senior Program Officer, Peace Process Support*

Candidates should submit a cover letter and CV to Ms. Wine Wai Wai Win at wine.win@asiafoundation.org by May 4, 2015. Only short-listed applicants will be notified. Please mark clearly on your cover letter and application for which position you are applying.

## မနောရမ္မပညာဒါနသင်တန်းများဖွင့်မည်

စမ်းချောင်းမြို့နယ်၊ အရှေ့ဥယျာဉ်တိုက်၊ မနောရမ္မပညာဒါနကျောင်းတွင် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဂျာမန်၊ မလေး၊ ထိုင်း၊ အီလက်ထရွန်နစ်၊ ဆေးဝါးသုတ၊ ဝါယာရိန်းသင်တန်းများ၊ LCCI-I+II+III စာရင်းကိုင်သင်တန်းများ၊ ဖုန်းပြင်သင်တန်းများနှင့် စီမံခန့်ခွဲမှုသင်တန်းများကို ဝါရင့်ဆရာ၊ ဆရာမကြီးများကိုယ်တိုင် ပညာဒါနအဖြစ် သင်ကြားပေးမည်။

သင်တန်းအားလုံးကို ၂၅-၄-၂၀၁၅ရက်တွင် ဖွင့်ပါမည်။

စုံစမ်းရန်-မနောရမ္မပညာဒါနကျောင်း၊ အရှေ့ဥယျာဉ်တိုက်၊ ဗဟိုလမ်း၊ တရားရုံးအနီး၊ စမ်းချောင်းမြို့နယ်။ **ဖုန်း-၅၃၇၇၀၂၆၊ ၅၁၈၀၂၄**

## အဆင်ပြေအချောမွေ့ဆုံး
## သင်ချစ်ခင်ရသူတိုင်း၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်ပြီ။





**Samsung Food Showcase RH9000**

